

asia justice and rights

# ဖွင့်နေသော သေတ္တာ

မြန်မာပြည်ရှိ စစ်ပွဲ၊ ငြိမ်းချမ်းရေးနှင့်
ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်တို့ကို
ဖြတ်သန်းလာခဲ့သော
အမျိုးသမီးများ၏အတွေ့အကြုံများ

# ဖွင့်နေသောသေတ္တာ

# မြန်မာပြည်ရှိ စစ်ပွဲ၊ ငြိမ်းချမ်းရေးနှင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်တို့ကို ဖြတ်သန်းလာခဲ့သော အမျိုးသမီးများ၏အတွေ့အကြုံများ

asia justice and rights

ဖွင့်နေသောသေတ္တာ
မြန်မာပြည်ရှိ စစ်ပွဲ၊ ငြိမ်းချမ်းရေးနှင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်တို့ကို ဖြတ်သန်းလာခဲ့သော
အမျိုးသမီးများ၏အတွေ့အကြုံများ

Asia Justice and Rights
Wisma Aria Unit 101
Jl. HOS Cokrominoto 81
Menteng, Jakarta 10310
Indonesia

www.asia-ajar.org

Title: ဖွင့်နေသောသေတ္တာ - မြန်မာပြည်ရှိ စစ်ပွဲ၊ ငြိမ်းချမ်းရေးနှင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်တို့ကို ဖြတ်သန်းလာခဲ့သော အမျိုးသမီးများ၏အတွေ့အကြုံများ
First edition: July 2015
Text by: AJAR (Asia Justice and Rights)
Photography: Anne Cecile-Esteve for AJAR, and the Research Team
Cover Photo: (Front) image from AJAR's documentary film "Don't be afraid"
Location: Myanmar
translator: Tin Tin Nyo
Design: Zulfikar Arief
Book size: 20 X 27 cm

ဤစာစောင်သည် အာရှတရားမျှတမှုနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ (AJAR) နှင့်အတူ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)၊ ကရင်အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးအဖွဲ့နှင့် အမျိုးသမီးအဖွဲ့များကွန်ယက် (မြန်မာ) တို့ ပူးတွဲထုတ်ဝေခြင်းဖြစ်သည်။

# အမှာစကား

ဤစာစောင်သည် မြန်မာနိုင်ငံရှိ ရန်ကုန်မှ အမျိုးသမီးနိုင်ငံရေးအကျဉ်းသားများ၊ ကရင်နှင့် ကချင် ပြည်နယ်ရှိ ပဋိပက္ခဖြစ်ပွားရာ ဒေသတို့မှ မွေးဖွားကြီးပြင်းခဲ့သော အမျိုးသမီး ၂၉ ဦးတို့၏ အကြောင်းအရာ တို့ကို စုစည်းတင်ပြထားခြင်းဖြစ်သည်။ ဤစာစောင်သည် ပူးပေါင်းပါဝင်ခြင်း နည်းလမ်းကိုအသုံးပြုပြီး အင်ဒိုနီးရှား၊ တီးမောလက်စ်တီနှင့် မြန်မာနိုင်ငံတို့မှ အမျိုးသမီး ၁၄၀ ဦးတို့အား AJAR မှ သုတေသန ပြုထားခြင်းကို ဖော်ပြထားသည်။ မြန်မာနိုင်ငံနှင့် ဆက်စပ်ပြီး AJAR ၏ အဓိက ရှာဖွေတွေ့ရှိချက်တို့ကို တင်ပြထားခြင်း၊ AJAR ၏ ပူးပေါင်းပါဝင်ခြင်းနည်းလမ်းအထူးပြု သုတေသန ချဉ်းကပ်နည်းတို့ကို မိတ်ဆက်ပေးခြင်းနှင့် အမှန်တရား၊ တရားမျှတမှုနှင့် အကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူ အမျိုးသမီးတို့အား လျော်ကြေးများပေးခြင်း စသည်တို့ကို ဖြေရှင်းပေးသော အကြံပြုချက်တို့ကို ဤစာစောင်တွင် ဖော်ပြထားသည်။

AJAR မှ သုတေသနပြုစုမှုတွင် ပံ့ပိုးကူညီခဲ့ကြသော IDRC, ဥရောပသမဂ္ဂနှင့် အတူတကွလေ့လာသင်ယူခြင်း (Learning Collective) အဖွဲ့ဝင်တို့ကို ကျေးဇူး တင်ရှိပါသည်။

ဤစာစောင်သည် လူထုအတွက် ရဲဝံ့စွာ စည်းရုံးလှုံ့ဆော်မှုကို ပြုလုပ်ပေးခဲ့ပြီး လူ့လောကကြီးမှ စောစီးစွာထွက်ခွာသွားသည့် ညာထိုးတူး (Nyar Hto Tue) ကို ဂုဏ်ပြုအပ်ပါသည်။ အေးချမ်းစွာ အနားယူအိပ်စက်နိုင်ပါစေ။ ထို့အတူ ဤသုတေသနတွင်ပါဝင်ခဲ့သော အမျိုးသမီးများအားလုံးကိုလည်း ဂုဏ်ပြုအပ်ပါသည်။

## မိမိတို့၏ အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူအမျိုးသမီးများ[1]

**ကချင်**

Ah Nan
Dashi Tawm
Doi Ra
Hkawn Lum
Hkawn Shawng
Htu Bu
Nu Tawng
Roi Bu
Yaw Myaw

**ကရင်**

Htay Htay
Htoo Htoo
Mu Dah
Nyar Bwe
Nyar Eh Khu
Nyar Hto Tue
Nyar Si
Paw Poe
Pi Pi
Tar Thue

**ရန်ကုန်**

ချိုချိုအေး
နှင်းနှင်းမွေး
ခင်မိမိခိုင်
မာမာဦး
နီမိုလှိုင်
ဥမ္မာ
စန်းစန်းမော်
သန္တာ
သက်သက်အောင်
တင်တင်ချို

[1] For security reason, some names have been changed.

03 အမှာစကား

04 မိမိတို့၏ အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူအမျိုးသမီးများ

06 အကြမ်းဖက်ခံရမှုမှ အသက်ရှင်လွတ်မြောက်လာသူ မြန်မာအမျိုးသမီးများ။ မျက်ကွယ်ပြုခံရသော်လည်း ကူကယ်ရာမမဲ့ပါ

08 နည်းလမ်းများ

09 သေတ္တာထဲသို့ စုးစမ်းခြင်း။ ပဋိပက္ခကြောင့် ဆိုးကျိုးများခံစားနေရသော ကချင်၊ ကရင်အမျိုးသမီးများနှင့် နိုင်ငံရေးအကျဉ်းသူဟောင်းတို့၏ အခြေအနေ အနှစ်ချုပ်။

12 ရှာဖွေတွေ့ရှိသော သော့ချက်များ

26 ဖွင့်နေသောသေတ္တာ- အမျိုးသမီးတို့၏ဇာတ်ကြောင်းများ

84 အကြံပြုချက်များ

# အကြမ်းဖက်ခံရမှုမှ အသက်ရှင်လွတ်မြောက်လာသူ မြန်မာအမျိုးသမီးများ။ မျက်ကွယ်ပြုခံရ သော်လည်း ကူကယ်ရာမမဲ့ပါ

စစ်ပွဲနှင့်မုဒိမ်းကျင့်မှုသည် ကမ္ဘာကြီး၏ ခေါင်းစဉ်ကြီးများအဖြစ်ဆက်လက် တည်ရှိနေသော်လည်း သတင်းမီဒီယာများ၏ အာရုံစိုက်မှုအတိုင်းအတာသည် ပုံမှန်အားဖြင့် နည်းနေပြီး သတင်းများတွင် ၎င်းအကြောင်းအရာတို့နှင့်ပတ်သက်ပြီးတို တိုတုတ်တုတ်သာ ဖော်ပြမှုရှိကြသည်။ အမျိုးသမီးများသည် အကြမ်းဖက်ခံ၊ ဓားစာခံများအဖြစ်သတင်းမီဒီယာများတွင်ဖော်ပြ ပခံရပြီးပဋိပက္ခတစ်ခုမှ နောက်တစ်ခုဆီ သို့ နေရာ ချင်းလဲလှယ်၍ ဖော်ပြခံရသည်။

အမျိုးသမီးတို့၏ အဖြစ်အပျက်နှင့် တွေ့ကြုံခံစားမှုတို့ကို သတင်းမီဒီယာတို့တွင် ကြာရှည်စွာဖော်ပြမှု မရှိသလို စိတ်ပိုင်းဆိုင်ရာ အနာတရရှိထားသူ ဒုက္ခသည်များအဖြစ်ဖော်ပြကြပြီး ထိုအမျိုးသမီးတို့အား အပြောင်းအလဲကြိုး ပမ်းသည့်နေရာတွင် ယင်းတို့၏ အသံများ (သို့) ၎င်းတို့သည် စွမ်းဆောင်ရည်ရှိ သူများအဖြစ်ဖော်ပြခံရခြင်းမရှိ သည်ကို တွေ့ရသည်။ မုဒိမ်းမှုနှင့်ပတ်သက်ပြီး ဖော်ပြသည့်အတိုင်းအဆ သည် အမျိုးသမီးများကြုံတွေ့ရသော အခြားသောအကြမ်းဖက်မှုများဖြစ်သည့် တရားမဝင် ဖမ်းဆီး ထိန်းသိမ်းထားခြင်း၊ နည်းပေါင်းစုံ နှိပ်စက်ညှဉ်းပမ်းခြင်းန င့်လူမဆန်စွာပြုမူခြင်း၊ ယင်းတို့နေထိုင်သော နေရာများမှ ဖယ်ရှားပစ်ခံရခြင်း၊ အသက်မွေးဝမ်းကြောင်းများဆုံးရှုံးခြင်း၊ မိသားစုဝင်တစ်ဦးဦး သေဆုံး ခြင်း၊ ပျောက်ဆုံးခြင်း စသည့် နာကျင်ကြေကွဲစရာတို့နှင့် သွေဖယ်နေသည်။

အကြမ်းဖက်ခံရသူအမျိုးသမီးများသည် ယင်းတို့ အကြမ်းဖက်မှုများ မခံရမီနှင့် အကြမ်းဖက်ခံရပြီး နောက်ပိုင်းတွင် မမြင်ရခြင်းနှင့် တိတ်ဆိတ်ခြင်းတို့၏ ခြောက်လှန့်မှုကို ခံနေရသည်။ အမျိုးသမီးများ သည် အကြမ်းဖက်ခံ ဓားစာခံများအဖြစ် အသုံးချခံနေရသည်မှာ ယင်းတို့သည် လူမှုအသိုင်းအဝိုင်း၏ စည်းဝိုင်းအပြင်သို့ တွန်းပို့ခံရခြင်း၊ မကောင်းဆိုးဝါးကဲ့သို့သ တ်မှတ်ခံရခြင်းနှင့် လုပ်ပိုင်ခွင့်များ တားဆီး ခံရခြင်း စသည်တို့ကို ခါးစည်းခံနေရသူများဖြစ်သည်။ ထို့အတူ နိုင်ငံတော်နှင့် ဒေသခံအာဏာပိုင်များ၊ နိုင်ငံ့ဂုဏ်သိက္ခာရှိပုဂ္ဂိုလ်များအပြင် ထိုအမျိုးသမီးများနေထိုင်ရာ လူမှုပတ်ဝန်းကျင်နှင့် မိသားစု များကပါ အမျိုးသမီးများကြုံတွေ့ခဲ့ရသော အဖြစ်အပျက်နှင့် ယင်းအဖြစ်အပျက်တို့မှ ၎င်းတို့၏ဘဝများ ကို မည်သို့ အကျိုးသက်ရောက်မှုရှိစသည် စသည့် အမှန်တရားအပြည့်အဝကို ဖျက်ပစ်ခြင်း (သို့) ငြင်းဆိုနေကြသည်။

အာရှတရားမျှတမှုနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ (AJAR) သည် နိုင်ငံတော်မှသော်လည်းကောင်း ပဋိပက္ခကြောင့်သော်လည်းကောင်း အကြမ်းဖက်မှုတို့ကို တွေ့ကြုံခံစားခဲ့ရသော အကြမ်းဖက်မှု ယင်း နောက်ဆက်တွဲအခြေအနေနှင့် ပြစ်ဒဏ်မှကင်းလွတ်ခွင့်စံသတ်မှတ်ချက်ရှိနေသော အခြေအနေမှ အ သက်ရှင်ရပ်တည်ရန် ရုန်းကန်နေရသည့် အမျိုးသမီးများ၏ အနေအထားတို့ကို ပူးပေါင်းပါဝင်မှုရှိသော သုတေသန တစ်ခုကို ဦးစီး ဦးရွက်ပြုခဲ့သည်။

မြန်မာ၊ အင်ဒိုနီးရှားနှင့် တီမောလက်စ်တီနိုင်ငံများမှ အကြမ်းဖက်မှုတို့တွင် အသက်ရှင် လွတ်မြောက် လာသူ အမျိုးသမီး ၁၄၀ ဦး၏ အခြေအမြစ်ရှိသော အဖြစ်အပျက်တို့ကို အခြေခံပြီး ပဋိပက္ခအလွန်နှင့် ပဋိပက္ခဖြစ်နေစဉ် အကူအညီပေးသည့် အစီအစဉ်တို့တွင် အမျိုးသမီးအများစုသည် အကျိုးခံစားခွင့် မရှိသည့် အနေအထားတွင် ဆက်လက်တည်ရှိနေသော်လည်း ထိုအမျိုးသမီးတို့မှ ၎င်းတို့ဘာသာ မည် သို့ကူညီ၊ အထောက်အကူပြုခဲ့သလဲစသည်တို့ကို သုတေသနပြုစုခြင်း၏ အဓိက သင်ခန်းစာများ အဖြစ် ဖော်ပြထားသည်။  ငြိမ်းချမ်းရေး ဖော်ဆောင်ရန် အလျင်လိုနေသည့်အချိန်တွင် အာဏာပိုင်များအနေဖြင့် စစ်၏ဆိုးကျိုး တို့ကို ခံစားကြုံတွေ့ခဲ့သော အမျိုးသမီးများအား မျက်ကွယ်ပြုလိုခြင်းနှင့် ယင်းအမျိုးသမီးတို့အား မည်သည့်အထူးထောက်ပံ့မှုမျှ မပေးဘဲ သာမန် ပြည်သူများအဖြင့် မျက်လှည့် ဆန်ဆန် အသွင်ပြောင်းထားသည်ကို တွေ့ကြရသည်။ တပြိုင်တည်းတွင် အစိုးရများ၊ နိုင်ငံတကာ ဇာတ်ကောင်များသည် စစ်ပွဲအတွင်း ကြုံတွေ့ခဲ့ရသော အကြမ်းဖက်မှုများနှင့် ငြိမ်းချမ်းရေးတည် ဆောက်စဉ် ဖြစ်ပေါ်သော အကြမ်းဖက်မှုတို့အကြား ကွင်းဆက်တို့ကို ကြည့်ရှုရန်ပျက်ကွက်ခြင်းနှင့် အိမ်တွင်းအကြမ်းဖက်မှုပပျောက်ရန်အတွက် လိုအပ်သည့် အရင်းအမြစ်များ၊ အထောက်ကူပြုမှုများ မပြုလုပ်ခြင်းသည် ပဋိပက္ခအတွင်း အကြမ်းဖက်စော်ကားခံရသူများအား လျစ်လျူရှုထားခြင်းတို့ မည် သည်။

အကြမ်းဖက်မှု အဆုံးသတ်ရေးနှင့် ပတ်သက်ပြီး ဆယ်စုနှစ်များစွာ လှုပ်ရှားဆောင်ရွက်မှုများနှင့် လိုအပ် သည့် အရင်းအမြစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေစေကာမူ မြန်မာနိုင်ငံရှိ အမျိုး သမီးတို့သည် နည်းပေါင်းစုံဖြင့် အကြမ်းဖက်မှုကို ဆက်လက်ကြုံတွေ့နေရသည့်အတွက် AJAR ၏ သုတေသနသည် ဆက်စပ်မှုရှိနေသေးသည်ကို ထောက်ပြသည်။ အမျိုးသမီးများအား အကြမ်းဖက်မှု ကို ပိုမိုအားကောင်းစေခြင်းနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် ယဉ်ကျေးမှုကို သုတေသန၏ အဓိက တွေ့ရှိ ချက်အဖြစ် ထောက်ပြထားသည်။  ပူးပေါင်းပါဝင်ခြင်းသုတေသနပြုမှုတွင် အမျိုးသမီး ၂၉ ဦး၏ အလွန် စိတ်ဝင်စားဖွယ်ကောင်းပြီး ကြေကွဲစရာကောင်းသော ဇာတ်ကြောင်းတို့ကို ဖော်ပြထားသော်လည်း အစိုးရ၊ စစ်တပ်၊ အခြားလက်နက်ကိုင်အင်အားစုများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများမှ အကြမ်းဖက်မှု ဘေးအန္တရာယ်တို့မှကင်းလွတ်နိုင်ရန် ပြုလုပ်ပေးနိုင်မှု ပျက်ကွက်ခဲ့သည့် အခြေအနေတို့ကို အတူတကွ ပုံဖော်နိုင်ခဲ့သည်။ ယင်းအမျိုးသမီးတို့၏ ဇာတ်လမ်းတို့မှ ၎င်းတို့ ကိုယ်တိုင် ၎င်းတို့တွင်ရှိသော စွမ်းရည်နှင့် ခိုင်မြဲသည့်စိတ်ဓာတ်တို့ကို အသုံးပြုပြီး အသက်ရှင်သန် ရပ်တည် နိုင်ရန်အတွက် တင်းမာ ရက်စက်သော အခြေအနေတွင် အနိုင်မခံအရှုံးမပေးပဲ ကြိုးစားလုပ် ဆောင်နေ သည်ကို မြင် တွေ့ရသည်။

ဤစာစောင်၏ ခေါင်းစဉ်သည် AJAR ၏ အကျော်ကြားဆုံး သုတေသနလှုပ်ရှားမှုများမှ တစ်ခု၏ နာမည်ဖြစ်သည့် အမှတ်တရသေတ္တာ ကို အခြေခံပြီးပေးထားခြင်းဖြစ်သည်။ ယင်းလှုပ်ရှားမှုတွင် အကြမ်းဖက်မှုမှ အသက်ရှင် လွတ်မြောက်လာသူ အမျိုးသမီးများသည် ၎င်းတို့၏အခက်အခဲ၊ ပျော်ရွှင် စရာများ၊ ဝမ်းနည်းကြေကွဲမှုတို့ကို လှုံ့ဆော်သော အရေးပါသည့်အခြေအနေတို့ကို စုဆောင်းပြီး အမှတ်တရသိမ်းထားသည့် ပစ္စည်းတစ်ခုအဖြစ် ဖန်တီးနိုင်ခဲ့သည်။ နောက်ဆုံးရက်အစည်းအဝေးတွင် အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူ အမျိုးသမီးတို့မှာ ၎င်းတို့၏ အမှတ်တရ ဖြစ်သည့် အကြောင်းအရာတို့ကို အချင်းချင်းကြားတွင် ဖလှယ်ခဲ့ကြသည်။ ဤစာစောင်သည် မြန်မာပြည်ရှိ အမျိုးသမီးအချို့တို့၏ အတွေ့အကြုံတို့ကို စုထားသော အမှတ်တရ သေတ္တာကို ဖွင့်လှစ်ရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်သည်။ ယင်းအမှတ်တရ သေတ္တာထဲတွင် ရန်ကုန်မှ နိုင်ငံရေးအကျဉ်းသူဟောင်းများ၊ ကရင်နှင့် ကချင်ပြည်နယ်ရှိ ပဋိပက္ခဖြစ်ပွားသော နေရာတို့တွင် နေထိုင်ကြီးပြင်းလာသော တိုင်းရင်းသူ အမျိုးသမီး ၂၉ ဦးတို့၏ အဖြစ်အပျက်တို့ ပါဝင်သည်။

ထို့အတူ မြန်မာပြည်နှင့် ဆက်စပ်မှုရှိသည့် AJAR ၏ အရေးကြီးသော သုတေသနတွေ့ရှိချက်တို့ကို အနှစ်ချုပ်တင်ပြထားပြီး AJAR ၏ ပူးပေါင်းပါဝင်သော သုတေသနပြုလုပ်ခြင်း ချဉ်းကပ်နည်းတို့ကို မိတ်ဆက်ပေးခြင်း၊ အမှန်တရား၊ တရားမျှတမှုနှင့် အကြမ်းဖက်မှုမှရှင်သန်ကျန်ရစ်သူ အမျိုးသမီးတို့ အတွက် ဖြေရှင်းပေးနိုင်မည့် အကြံပြုချက်တို့ကို ဖော်ပြထားသည်။

# နည်းလမ်းများ

အကြမ်းဖက်မှုမှ အသက်ရှင် လွတ်မြောက်လာသူ အမျိုးသမီးတို့မှ  ထဲထဲဝင်ဝင်ပါဝင်လာနိုင်စေရန် အတွက် မိမိတို့အနေဖြင့် အခြေခံလူတန်းစားများပါဝင်နိုင်သည့် နည်းလမ်းကို တီထွင်နိုင်ခဲ့ပြီး ယင်း နည်းလမ်းသည် အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူ အမျိုးသမီးများသည် ရက်စက် ကြမ်းကြုတ်မှုတို့ကို ရင်ဆိုင်ခံစားနေရသည့် သူများသာမဟုတ်ပဲ ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်နိုင် သူများအဖြစ် ထောက်ပြထားခြင်းသည်။ မိမိတို့၏ ပူးပေါင်းပါဝင်မှုနှင့်ပတ်သက်ပြီး ကတိကဝတ်တို့ကို သေချာစေသည်။ ဤသို့ဖြင့် သုတေသနအဖွဲ့သည် NGO လုပ်သားများ၊ အကြမ်းဖက်ခံရမှုမှ အသက် ရှင်လွတ်မြောက်လာသူ အမျိုးသမီးများနှင့် ယင်းတို့၏မိသားစုတို့ပါဝင်ပြီး ဖွဲ့စည်းထားသည်။ မိမိတို့ အနေဖြင့် သုတေသနပြုလုပ်ရာတွင် အသုံးပြုသော နည်းလမ်းတို့၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရည်ရွယ်ချက်များကို အကြမ်းဖက်ခံရသူများ၏ အကျိုးစီးပွားကို မျှော်ကိုးပြီး အကြမ်းဖက်မှုမှ ကင်း လွတ်လာသူ အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ပေးခြင်း၊ အားလုံးအတူတကွပါဝင်နိုင်သည့် ကုစားခြင်း စသည့် ဆောင်ရွက်ချက်များအပြင် ပေါင်းစည်းညီညွတ်မှုနှင့် ကွန်ယက်တို့ကို တည် ဆောက်ခြင်း စသည်တို့ကို အခြေခံပြီး ဦးတည်ချက်များကို ချမှတ်ခြင်းဖြစ်သည်။

## ၀၁. အချိန်ကာလ

မိမိတို့အနေဖြင့် အမျိုးသမီးများအကြမ်းဖက်ခံခဲ့ရမှုအတွေ့အကြုံ ပဋိပက္ခ မတိုင်မီ၊ ပဋိပက္ခဖြစ်ပွားနေ စဉ်တွင်း နှင့် ပဋိပက္ခအလွန်စသည်ကို နားလည်စေဖို့ရန် အချိန်ကာလကို အသုံးပြုသည်။ ထို့အပြင် တစ်ဦးတစ်ယောက်၏ အောင်မြင်မှုထက် ကျယ်ကျယ်ပြန့်ပြန့် စုစည်းထားသည့် အမြင်သဘောထားတွေကို သမိုင်းမှတ်ကျောက်တစ်ခုအနေဖြင့်တည်ဆောက်နိုင်ခဲ့သည်။





## ၀၂. လူ့အသိုင်းအဝိုင်းအား ရေးဆွဲပြခြင်း

အကြမ်းဖက်ခံရသူအမျိုးသမီးတို့အား ယင်းတို့နေထိုင်ရာ အိမ်များ၊ အကြမ်းဖက်မှုဖြစ်ပွားခဲ့သောနေရာများ၊ ဇာတ်ကြောင်းအတွက် အရေးကြီးသော အခြားနေရာများ စသည်တို့ကို မြေပုံအဖြစ်ရေးဆွဲနိုင်းသည်။



## ၀၃. အရင်းအမြစ်များအားရေးဆွဲပြခြင်း

ပဋိပက္ခမဖြစ်မီနှင့် ဖြစ်ပြီးနောက်ပိုင်း အသက်မွေးဝမ်းကြောင်းဆိုင်ရာ အလုပ်အကိုင်များကို အကြမ်း ဖက်ခံရသူ အမျိုးသမီးအချင်းချင်းကြားတွင် ပြောပြကြသည်။ ပဋိပက္ခအလွန် အခြေအနေတို့တွင် အ ကြ မ်း ဖ က် ခံ ရ သူ အ မျိုး သ မီး များ မှ ဆင်းရဲမွဲတေမှုသံရာကို တွေ့ကြုံခံရသည်တို့နှင့်ပ တ်သက်သည့် အသိတရားကို လေးလေးနက်နက် ထဲထဲဝင်ဝင် နားလည်သဘောပေါက်စေခဲ့သည်။

## ၀၄. ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုအား ရေးဆွဲပြခြင်း

အမျိုးသမီးများ၏ကျန်းမာရေးဆိုင်ရာလုပ်ရှားမှုမှ ရု ပ်ပိုင်းဆိုင်ရာရေးဆွဲဖော်ပြမှုကို အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် အခွင့်အလမ်းတစ်ရပ်အနေဖြင့် အသုံးပြုပြီး ယင်းတို့၏ အကြမ်းဖက်စော်ကား ခံရမှု အတွေ့အကြုံနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုတို့ ကို ပြောဆိုစေသည်။ နာကျင်ဝမ်းနည်းစရာ အိပ် မက်ဆိုးများအပြင် ၎င်းတို့၏ ခန္ဓာကိုယ်နှင့်ပတ်သက်ပြီး ပျော်ရွှင်ချမ်းမြေ့စရာ၊ စသည့်အမှတ်ရစရာ တို့ကိုလည်း သတ်မှတ်ဖော်ပြခိုင်းသည်။





## ၀၅. ကျောက်တုံးနှင့်ပန်း

သင်တန်းသူများကိုဖိတ်ခေါ်ကာ ကျောက်တုံး သို့မဟုတ် ပန်းကိုရွေးခိုင်းပြီး အမှန်တရားအတွက် အခွင့်အရေး၊ တရားမျှတမှုအတွက် အခွင့်အရေး၊ ကုစားမှုနှင့် ယင်းတို့၏ ကိုယ်ပိုင်ဘဝ၊ မိသားစုနှင့် လူမှုဝန်းကျင်တို့ အား အကြမ်းဖက်မှုမှ ကင်းဝေးသည့်အခြေအနေစသည်တို့ကို သရုပ်ဖော်ခိုင်းသည်။ ၎င်းတို့အနေဖြင့် ရွေး ချယ်ထားသော ကျောက်တုံး (အပျက်သဘောဆောင်သောအခြေအနေ) သို့မဟုတ် ပန်း (အပြုသ ဘောဆောင်သော အခြေအနေ) တို့ကို အုပ်စုကြီးတွင် ပြန်လည်ဆွေးနွေးစေသည်။



**၀၆. ဓာတ်ပုံများရိုက်ခြင်း၊ ဇာတ်လမ်းများပြောကြခြင်း**

အမျိုးသမီးများ အကြမ်းဖက်ခံရသည့် နေရာများ၊ သတ်သတ်မှတ်မှတ်ဖော်ပြသော အရာဝတ္ထုတစ်ခု၏ အဓိပ္ပါယ် အပါအဝင် ၎င်းတို့ဘဝကို ဓာတ်ပုံဇာတ်လမ်းများဖြင့် ဖန်တီးနိုင်ရန်အတွက် သုတေသီမှ ယင်းအမျိုးသမီးတို့နေ ထိုင်ရာ အိမ်သို့ အလည်အပတ်သွားခဲ့သည်။



**၀၇. အမှတ်တရသေတ္တာများ**

အကြမ်းဖက်ခံရသူ အမျိုးသမီးများအား ချိုမြိန်မှု (သို့) ခါးသီးစရာတို့နှင့်ပတ်သက်သည့် အတိတ်ကာလ အမှတ်တရတို့ကို သေတ္တာထဲတွင် ဖြည့်နိုင်းသည်။ ဒီ့အပြင် ပို့စကတ်ထဲတွင် ၎င်းတို့၏ဘဝအတွေ့အကြုံတို့ကို ရေးနိုင်းသည်။ ဆွေးနွေးပွဲ၏ နောက်ဆုံး အစီအစဉ်တွင် ထိုအမျိုးသမီးတို့မှ ယင်းတို့ သေတ္တာထဲတွင် ထည့်ထားသော အကြောင်းအရာတို့ကို တင်ပြကြသည်။



## ပထဝီအနေအထားနှင့်သက်ဆိုင်သော အဓိကပစ်မှတ်

AJAR သည် အထက်ပါ သုတေသနစီမံချက်ကို ဖော်ဆောင်နိုင်ရန်အတွက် ဒေသခံ အဖွဲ့အစည်း ၃ ဖွဲ့နှင့် ပူးပေါင်းခဲ့သည်။ အမျိုးသမီးအဖွဲ့များကွန်ယက် (မြန်မာ) မှ ရန်ကုန်ရှိ နိုင်ငံရေးအကျဉ်းသူ ဟောင်းများနှင့်ပတ်သက်သည့် လှုပ်ရှားမှုတို့ကို ဦးစီးဦးရွက်ပြုပြီး ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်း နိုင်ငံ) နှင့် ကရင်အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးအဖွဲ့တို့မှ ကချင်နှင့် ကရင်ဒေသရှိ သက်ဆိုင်ရာနယ် မြေတို့မှ စစ်ပြေးရှောင်အိုးအိမ်မဲ့ဒုက္ခသည်အမျိုးသမီး များနှင့် လှုပ်ရှားမှုများပြုလုပ်ခဲ့သည်။

## အားကောင်းချက် နှင့်ကန့်သတ်ချက်များ

ဤဖြစ်စဉ်၏ အားကောင်းချက်သည် အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူအမျိုးသမီးများ ကိုယ်တိုင် ပါဝင် ခြင်းဖြစ်ပြီး ၎င်းတို့၏ ပြဿနာအား ကိုယ်တိုင်ဖြေရှင်းခြင်းနှင့် အကြောင်းအရာတို့ကို ရှင်းလင်းစွာပြောပြနိုင်ကြခြင်းဖြစ်သည်။ ပြစ်ဒဏ်မှကင်းလွတ်ခြင်း အလေ့အထတို့ နိုင်မာစွာအမြစ် တွယ်နေသည့် အနေအထားတွင် လုပ်ငန်းအကောင်အထည်ဖော်မှုများ ပြုလုပ်နေရသည့်အတွက် သုတေသနချဉ်းကပ် သည့်နည်းလမ်းများ စဉ်းစားသောအချိန်တွင် ယင်းနည်းလမ်းသည် ပါဝင်သူ အမျိုးသမီးများ အတွက် ချက်ချင်းထိရောက်စေပြီး ကောင်းကျိုးပြုနိုင်သော နည်းလမ်းများဖြစ် သတိပြုမိသည်။

သို့ဖြစ်၍ သုတေသနပြုစုသူများသည် စိတ်ဒဏ်ရာနှင့်ပတ်သက်ပြီး ဝိုင်းဝန်းကူညီပေးနိုင်ရန်နှင့် အကြမ်းဖက်ခံရသူများအား အပြန်အလှန်ပံ့ပိုးကူညီပေးနိုင်မည့် သုတေသန နည်းလမ်းတို့ကို အသုံး ပြုရန် လေ့ကျင့်သင်ကြားပေးခဲ့သည်။ ကချင်ပြည်နယ်တွင် ပဋိပက္ခများဆက်လက်ဖြစ်ပွားနေသည့် အတွက် သုတေသနပြုစုခြင်း လုပ်ဆောင်ရာတွင်စိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ တချို့အချိန်တွင် တိုက်ပွဲများဖြစ်နေသည့်အတွက် လုံခြုံရေးအခြေအနေသည် စွန့်စားရကျလွန်းနေသည့်အပေါ် အကြမ်းဖက်မှုမှအသက်ရှင်လွတ်မြောက်လာသူအမျိုးသမီးများန င့် သုတေသနပြုစုသူများပါ လုပ်ငန်း အကောင် အထည်ဖော်မှုတွင် ပူးပေါင်းပါဝင်နိုင်ခြင်းမရှိပေ။ ရန်ကုန်နှင့် ကရင်ပြည်နယ်တို့တွင်လည်း လုံခြုံရေး ဆိုင်ရာ အစီအစဉ်တို့ကို သေချာအစီအစဉ်ချပြီး လှုပ်ရှားမှုတို့ကို အကောင်အထည်

ဖော်ခဲ့ရသည်။ ခိုင်မြဲမှုနှင့် အရည်အသွေးအပေါ်အခြေခံသည့်အတွက် သုတေသနပြုလုပ်ထားသော အချက်အလက် တို့မှာ အရေအတွက်ကို ပုံကြီးချဲ့ ဖော်ပြနိုင်ခြင်းမရှိပေ။ သို့သော်ငြားလည်း ဤစာစောင်သည် မြန် မာပြည်တွင် အရေးပေါ်ဖြစ်နေသော အရေးကြီးသည့် အခြေအနေတို့ကို ပုံဖော် ပြနိုင်ခဲ့သည်။

## သေတ္တာထဲသို့ စူးစမ်းခြင်း။ ပဋိပက္ခကြောင့် ဆိုးကျိုးများခံစားနေရသော ကချင်၊ ကရင်အမျိုးသမီးများ နှင့် နိုင်ငံရေးအကျဉ်းသူဟောင်းတို့၏ အခြေအနေ အနှစ်ချုပ်။

### ကချင်အမျိုးသမီးများ

လွန်ခဲ့သည့် နှစ်ပေါင်း (၅၀) ကျော်မှစပြီး ကချင်လူမျိုးများသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူအခွင့် အရေးတို့အတွက် တိုက်ပွဲဝင်လာခဲ့သည်။ မတူညီကွဲပြားသော တိုင်းရင်းသားလူမျိုးစု တစ်ခုဖြစ်သည် နှင့်အညီ ၎င်းတို့အနေဖြင့် တရားမမျှတခြင်းနှင့် ခွဲခြားဆက်ဆံမှုတို့ကို ဆက်လက် ခံစားနေရသည်။ ကချင်တို့အနေဖြင့် ကချင်ဘာသာသင်ကြားခွင့်မရှိခြင်း၊ အစိုးရဌာနတို့တွင် အဆင့်မြင့် အစိုးရရာထူး များ ရရှိရန်အခွင့်အလမ်းမရှိခြင်းနှင့် ခရစ်ယန်ဘာသာ ကိုးကွယ်သူ လူအများစုဖြစ်သည့် ကချင်တို့ သည် ဗုဒ္ဓဘာသာအများစုရှိသောနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် လူနည်းစုသာဖြစ်သည့်အတွက် နှိပ်စက်ညှဉ်းပမ်း မတို့ကို မကြာခဏ ခံနေရသည်။ ၁၉၆၁ ခုနှစ်တွင် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ကချင်လွတ်လပ် ရေးတပ်မတော် (KIA) ကို ထူထောင်ခဲ့ပြီး အစ ပထမပိုင်းတွင် လွတ်လပ်ရေးကို ရယူရန် ရည်ရွယ် ခဲ့သော်လည်း နောက်ပိုင်းတွင် ဖက်ဒရယ်ပြည်ထောင်စုအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန် တိုက်ပွဲဝင် လာကြသည်။

၁၉၉၄ ခုနှစ်တွင် မြန်မာအစိုးရ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲရန်ကတိပေးထားသည့်အပေါ်အခြေခံပြီး အပစ်ခတ်ရပ်စဲရန် KIO မှ လက်မှတ်ရေးထိုးခဲ့သည်။ ၁၇ နှစ်ကြာ အပစ်ခတ်ရပ်စဲမှုသည် ၂၀၁၁ ခုနှစ်တွင် အစိုးရ စစ်တပ်မှ KIO/KIA နယ်မြေထဲတွင် အမြောက်တပ်နှင့် လေယာဉ်ပျံများအသုံးပြုပြီး ပြင်းထန်သော ထိုးစစ်ဆင်ခဲ့သည့်အတွက် ပျက်စီးခဲ့သည်။ ဤသုတေသနစီမံကိန်းအတွက် မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အများအပြားသည် အပစ်ခတ်ရပ်စဲရေးကာလတွင် ဖြစ်ပျက်ခဲ့သည်။

အဆိုပါ ပဋိပက္ခတွင် အဓမ္မလုပ်အားပေးခိုင်းစေမှု၊ မတရားချုပ်နှောင်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်မှုများအပါအဝင် စနစ်တကျ လူ့အခွင့်အရေးချိုးဖောက်မှုများ ပါဝင် ပတ်သက်ခဲ့သည်။ မြန်မာ့တပ်မတော်သည် အတိုက်အခံ လက်နက်ကိုင်အင်အားစုတို့ကို အထောက် အပံ့ပေးမှုများ ကန့်သတ်ချုပ်ချယ်နိုင်ရန်အတွက် အရပ်သားတို့ကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား ခဲ့ခြင်းဖြစ်သည်။ မကြာခဏဆိုသလို မြန်မာစစ်သားတို့သည် အမျိုးသမီးများ၊ တရားဥပဒေ စိုးမိုးရေး အားဖြင့် အကာအကွယ်မဲ့နေသော အကြမ်းဖက်မှုမှ အသက်ရှင် လွတ်မြောက်လာသူအမျိုးသမီးတို့ကို မထီမဲ့မြင် ထုတ်ဖော်ပြောဆိုခြင်းနှင့် ၎င်းတို့ချိုးဖောက်ခဲ့သည့် ထင်ရှားသော အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး ပွင့်လင်းစွာ ကြွားလုံးထုတ်ပြောဆိုခဲ့ကြသည်။

ထိုနှစ်များအတွင်း ကချင်အမျိုးသားတို့သည် ယင်းတို့၏ဆန္ဒအလျောက် အတူတကွ တိုက်ပွဲဝင်နိုင်ရန် အတွက် KIA တပ်ထဲတွင် ဝင်ရောက်ခဲ့သည်။ တဖက်တွင် ကျေးရွာအဆင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် လုပ်အားအင်အားများ လျော့ပါးခဲ့သည်။ ယင်းပဋိပက္ခဖြစ်စဉ်အတွင်း ရာနှင့်ချီသောကျေးရွာများ မီးရှို့ ဖျက်ဆီးခံရခြင်း၊ နေအိမ်များနှင့်ပစ္စည်းဥစ္စာတို့ လုယက်ခံရခြင်းနှင့် အပိုသိုလှောင်ထားသော အစား အစာများ ဖျက်ဆီးခံရသည်။ ဒေသခံလူထုများမှာ ယင်းတို့၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ဆုံးရှုံးရပြီး လူဦးရေ ၁၀၀,၀၀၀ (တစ်သိန်း) ကျော်မှာလည်း အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။

ကွင်းဆင်းလုပ်သားများနှင့် အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူ အမျိုးသမီးတို့၏ ခိုင်မာ သောဆုံးဖြတ်ချက်နှင့် ရဲဝံ့သည့်သတ္တိတို့ကြောင့် အသက်ရှင်ကျန်ရစ်သူများ အလုပ်ရုံဆွေးနွေးပွဲကို မတ်လနှင့် ဧပြီလ ၂၀၁၄ တို့တွင် ပြုလုပ်နိုင်ခဲ့သည်။ သို့သော်လည်း KIO ထိန်းချုပ်နယ်မြေတွင်းရှိ စစ်ပြေးရှောင်စခန်းမှ အသက်ရှင်ကျန်ရစ်သူ အမျိုးသမီးတို့မှာ စစ်ပွဲများဆက်လက်ဖြစ်ပေါ်နေသော ကြောင့် တက်ရောက်နိုင်ခြင်းမရှိသလို အချို့မှာလည်း အာဏာပိုင်တို့၏ ခြိမ်းခြောက်မှုကြောင့် တက် ရောက်ခွင့်မရရှိခဲ့ပေ။

အလုပ်ရုံဆွေးနွေးပွဲ၏ အစဦးပိုင်းတွင် ထုထည်နှင့် ကျန်ရှိနေသော စိတ်ဖိစီးမှုများ၊ စိုးရိမ်ကြောက်ရွံ့ ခြင်းများနှင့် တင်းမာမှုတို့သည် သင်းတန်းသားတို့၏ မျက်နှာတွင် ထင်ဟပ်နေသည်။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦးကြား နာကျင်ခဲ့ရသော အတိတ်ဆိုးတို့နှင့် မျှော်လင့်ချက်တို့ကို ပြောဆိုရင်ဖွင့်လာရန် အားပေးတိုက်တွန်းမှုကြောင့် ၎င်းတို့၏ တင်းမာမှုသည် တဖြည်းဖြည်းလျော့နည်းလာပြီး ပြုံးလာနိုင်ခဲ့ သည်။ နောက်ပိုင်းတွင် ယင်းတို့ကြား၌ ပိုမိုရင်းနှီးလာပြီး အုပ်စုတွင်း ယုံကြည်ကိုးစားမှုရှိသည့် ဆက် ဆံရေးတစ်ခုကို တည်ဆောက်လာနိုင်ခဲ့သည်။ ပထမပိုင်းတွင် အရေးယူခံရခြင်း

မရှိသည့် အခြေအနေ တို့နှင့် ယှဉ်ပါးနေသည့်အတွက် ၎င်းတို့ခံစားတွေ့ကြုံခဲ့သော တရားမမျှတမှုတို့ကို လူ့အခွင့်အရေး ရှုထောင့်မှတဆင့် ထုတ်ဖော်ပြောဆိုနိုင်ရန် ခက်ခဲခဲ့သည်။ သို့သော်ငြားလည်း အလုပ်ရုံဆွေးနွေးပွဲ နောက်ဆုံးအချိန်တွင် ၎င်းတို့သည် အခြေအနေအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုပြီးအသိအမြင် ပွင့်လာ သည်နှင့်အမျှ ပို၍လည်း ယုံကြည်ချက်ခိုင်မာလာသည်ဟု မြင်သည်။

## ကရင်အမျိုးသမီးများ

ကရင်သည် မြန်မာပြည်ရှိ လူဦးရေအများဆုံး တိုင်းရင်းသားအုပ်စုတစ်ခုဖြစ်ပြီး လူဦးရေ ၇ သန်းဝန်း ကျင်ရှိသည်။ ကရင်တို့သည် ၁၉၄၉ ခုနှစ်မှစပြီး မြန်မာအစိုးရကို တော်လှန်တိုက်ပွဲဝင်ခဲ့သည်။ တစ်နှစ်တည်းတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ကိုဖွဲ့စည်းခဲ့ပြီး ကနဦးပိုင်းတွင် လွတ်လပ် ရေးကို တောင်းဆိုခဲ့ပြီး လက်ရှိတွင် ဖက်ဒရယ်ပြည်ထောင်စု၏ အစိတ်အပိုင်းအဖြစ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ကို ဆက်လက်တောင်းဆိုနေသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်သုံးခုအတွင်း ထောင်ပေါင်းများစွာသော ကရင်ဒုက္ခသည်တို့သည် နယ်စပ်ဖြတ်ကျော်ထွက်ပြေးကြရပြီး ထိုင်းနိုင် ငံဒုက္ခသည်စခန်းတို့တွင် နေ ထိုင်ကြရသည်။□ ထို့အပြင် ဒုက္ခသည်အများစုသည် ကရင်ပြည်နယ်တွင်းနှင့် မြန်မာပြည်၏ အခြား ဒေသများတွင် အိုးအိမ်မဲ့ စစ်ပြေးရှောင်များအဖြစ် လှည့်လည်ပုန်းအောင်းနေကြရသည်။ ဤစာအုပ် ငယ်ထဲတွင် ဖော်ပြထားသော အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူ အမျိုးသမီး ၁၀ ဦးတို့ သည် ပြည်တွင်း တွင် ဒုက္ခသည် များအနေဖြင့်အခြားရွာတို့တွင် နေထိုင်လျက်ရှိသည်။

အဆိုပါ သုတေသနလေ့လာချက်အရ အမျိုးသမီးတို့သည် အချိန်ကာလ နှစ်ခုအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုတို့ကိုခံခဲ့ရသည်။ ပထမကာလတွင် ၁၉၇၄ ခုနှစ်က မြန်မာစစ်တပ်၏ ဖြတ်လေးဖြတ် ပေါ်လစီအောက်တွင် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ စားနက်ရိက္ခာများ၊ ငွေကြေး၊ ထောက်လှမ်းရေးနှင့် တပ်သားသစ်များစုဆောင်းခြင်း စသည်တို့ကို အရပ်သားများမှ မထောက် ပံ့နိုင်ရန် ရည်ရွယ်ပြီး ရွာသားများအား ယင်းတို့နေထိုင်ရာနေရပ်မှ မောင်းထုတ်ခြင်းဖြစ်သည်။[2] တဆက်တည်းတွင် နာမည်ဆိုးဖြင့်ကျော်ကြားသော ရှမ်းပုသည် မြန်မာကွန်မန်ဒိုတပ်ဖွဲ့ကို ဦးဆောင်ပြီး ၁၉ ၉ ၉ ခုနှစ်တွင် ညှဉ်းပန်းနှိပ်စက်မှုနှင့် စစ်ကြောရေးနည်းလမ်းတို့ကို အသုံးပြုပြီး ကျေးရွာသား များအား အကြောက်တရားကြီးစိုးသော အခြေအနေတစ်ရပ်နှင့် ဖိနှိပ်မှုတို့ကို ဖန်တီးခဲ့သည်။ မုဒိမ်းမှုကို သမာရိုးကျ ပုံစံမျိုးဖြင့် ရက်စက်စွာ ပြုလုပ်ခဲ့သည်။
ယင်းကာလတို့တွင် ကရင်အမျိုးသမီးအများစုတို့သည် အမျိုးသားတို့မှာ တိုက်ပွဲဝင်ရန် အဝေးရောက် နေသည့်အတွက် ရွာသူကြီးတာဝန်တို့ကို ယူလာရသည်။□ အမျိုးသမီးတို့သည် စားဝတ်နေရေး အတွက် လယ်ထဲတွင် အလုပ်လုပ်၍သော်လည်းကောင်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ခြင်း တို့ လုပ်ဆောင်ရာတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့ကို အဆက်မပြတ် ရင်ဆိုင် ကြုံတွေ့ကြ ရသည်။ မြန်မာစစ်တပ်မှ ရွာထဲသို့ ဝင်ရောက်ခဲ့သည့် အချိန်တိုင်းတွင် ရွာရှိ အမျိုးသားတို့မှာ ထွက်ပြေးကြရပြီး ကျန်ခဲ့သော အမျိုးသမီးတို့မှာ ၎င်းတို့ကိုယ်စား အတင်းအဓမ္မလုပ် အားပေးစေ ခိုင်းခံရသည်။

နှစ်ပေါင်း ၆၀ ကြာဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုသည် ၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ သို့သော်လည်း ပဋိပက္ခမှာ ချုပ်ငြိမ်းသွားမှုမရှိသည့် အပြင် အရပ်သားတို့၏ လုံခြုံရေးကိုထိပါးခြင်းနှင့် အသက်မွေးကြောင်းတို့ကို ပျက်စီးစေခဲ့သည်။[3] စစ်ရေးတိုးမြှင့်လှုပ်ရှားမှုအနေဖြင့် ပြည်သူလူထု၏ လှုပ်ရှားသွားလာမှုတို့ကို ကန့်သတ်ခြင်း၊ အဓမ္မလုပ် အားပေးစေခိုင်းခြင်း၊ အတင်းအကျပ်ရွှေ့ပြောင်းခိုင်းခြင်းနှင့် ပစ္စည်းဥစ္စာတို့ကို လုယက်ခြင်းအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုတို့သည် လက်တလောတွင် ဆက်လက်ဖြစ်ပေါ်နေသည်။□ သုတေသန စီမံချက်တွင် ပါဝင်သူများမှ ပြောကြားသည်မှာ အမျိုးသမီးများသည် ယင်းတို့၏ စိုက်ပျိုးခြံထဲတွင် ညအိပ်ခွင့်မရှိခြင်း၊ ညဖက်တွင် အပြင်ထွက်ခွင့်နှင့် ဓာတ်မီးများသုံးပိုင်ခွင့်တို့ကို ပိတ်ပင်ထားခံရသည်။

သုတေသနပြုစုခြင်းတွင် ပါဝင်သော အမျိုးသမီးအချို့တို့သည် အလုပ်ရုံဆွေးနွေးပွဲများသို့ တက် ရောက်ခဲ့သည့်အတွက် အာဏာပိုင်တို့၏ လက်တုံ့ပြန်မှုကို ခံရနိုင်သည်ဟု ကောလဟာလ တစ်ရပ် အနေဖြင့် ကြားသိခဲ့ရသည်။ အခြားရွာသားများမှာလည်း ယင်းတို့၏ ပါဝင်မှုကို မထောက်ခံ သည့်အပေါ် စိုးရိမ်ပူပန်မှုများရှိနေသည်။ သို့သော်လည်း ယင်းတို့တွင်ရှိသော ကြီးမားသည့် ရဲရင့် သတ္တိတို့ကြောင့် ထိုအကြောက်တရားတို့ကို ကျော်လွှားနိုင်ခဲ့သည်။ မည်သို့ပင်ဆိုစေ ၎င်းတို့တွေ့ကြုံ ခဲ့သော နှိပ်စက်ညှဉ်းပမ်းခံရမှု အိမ်မက်ဆိုးတို့ကို အပြည့်အဝ ပြောပြနိုင်ဖို့ တွန့်ရှုံ့နေဆဲပင်ဖြစ်သည်။

[2] 'Walking Amongst Sharp Knives: The Unsung Courage of Karen Women Village Chiefs in Conflict Areas in Eastern Burma', Karen Women's Organization, February 2010

[3] Afraid to Go Home: Recent Violent Conflict and Human Rights Abuses in Karen State, Karen Rivers Watch, November 7th 2014.

## အမျိုးသမီးနိုင်ငံရေးအကျဉ်းသားဟောင်းများ

ခံတပ်လို့စိတ်ဓာတ်။ နိုင်ငံရေးအအကျဉ်းသူအမျိုးသမီးများ၏ အကြောင်းကို ဖော်ပြသည့်အခါတွင် ခံတပ်လိုစိတ်ဓာတ်ရှိသူ ဆိုသည့် ယင်းစကားလုံးအား အစဉ်အမြဲအမှတ်ရစေသည်။ အများစုမှာ ၁၉၈၈ ခုနှစ် နိုင်ငံရေးမငြိမ်သက်မှုဖြစ်စဉ်အတွင်း ငယ်ရွယ်သောလူပ်ရှားတက်ကြွသူများအနေဖြင့် အဖမ်းခံရ ပြီး အချို့မှာ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးကာလအတွင်း အဖမ်းခံခဲ့ရသည်။ အထိန်းသိမ်း မခံရစဉ်ကာလတို့တွင် အချို့သော အမျိုးသမီးတို့မှာ ကိုယ်ပိုင်စီးပွားရေးများ လုပ်ကိုင်နေသူ များဖြစ်ကြ သည်။ အများစုမှာ ပညာတတ်များ၊ ဥစ္စာဓနအင်းအားတောင့်တင်းသူများဖြစ်သလို နိုင်ငံရေး အသိများ ကြွယ်ဝသူတို့ဖြစ်ကြသည်။

ဤအမျိုးသမီးတို့သည် အတင်းအကျပ်ဖမ်းဆီးထိန်းသိမ်းခံရပြီး နှိပ်စက်မှုတို့ကိုလည်း ခံခဲ့ရသည်။ ယင်းလုပ်ဆောင်ချက်သည် အစိုးရအာဏာပိုင်တို့မှ ၎င်းတို့၏ လူမှုရေးနှင့် နိုင်ငံရေးတတ်ကြွ လှုပ်ရှား ဆောင်ရွက်မှုတို့အပေါ် လက်တုန့်ပြန်ခြင်းဖြစ်သည်ဟု ခံယူသည်။ အချို့မှာ နိုင်ငံတော် ပုန်ကန်မှု ဥပဒေဖြင့် စစ်ဘက်တရားရုံးတွင် လက်လွတ်စပယ် တရားစွဲဆိုလျှောက်ထားခံရသည်။ ထိုအမျိုးသမီးတို့ သည် ပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်သော တတ်ကြွသူများဖြစ်သည့်အတွက် ထောင်ဒဏ် တစ် သက်တစ်ကျွန်းနှင့် အကျဉ်းချခံခဲ့ရသည်။ ထောင်ထဲတွင် နေထိုင်ရသောဘဝသည် အင်မတန်မှ ခက်ခဲခဲ့သည်။ အထူးသဖြင့် ဝေးလံခေါင်ဖျားသော ထောင်တို့တွင် နေထိုင်ရသော အမျိုးသမီးတို့မှာ မိသားစုမှ ထောင်ဝင်စာနှင့် အစားအသောက်များ ပို့ရန်ခက်ခဲသည့်အတွက် ပိုမိုကြမ်းတမ်းခက်ခဲ သည်ကိုတွေ့ရသည်။

ထိန်းသိမ်းခံရစဉ်အတွင်း အမျိုးသမီးအကျဉ်းသူတို့သည် အိပ်ရေးမဝခြင်း၊ ပြင်းထန်စွာရိုက်နှက်ခံရခြင်း၊ တိုက်ပိတ်ခံရခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းစသဖြင့် အမျိုးမျိုးရင်ဆိုင်ခဲ့ရသည်။ အများစု သည် ထောင်တွင်း မတရားပြုမူဆက်ဆံမှုတို့နှင့်ပတ်သက်ပြီး ဆန္ဒထုတ်ဖော်မှုတို့ကို ဆက်လက် ပြု လုပ်ကြသည်။ အကျိုးဆက်အနေဖြင့် ပိုမိုကြမ်းတမ်းသည့် ရိုက်နှက်မှုတို့ကို ခံခဲ့ကြရသည်။ ညှဉ်းပမ်း နှိပ်စက်မှုတို့သည် ၂၀၀၉ ခုနှစ် နောက်ပိုင်းတွင် အရပ်သားအယောင်ဆောင် အစိုးရသည် အသွင်ကူး ပြောင်းရေးကို စတင်ပြုလုပ်လာသောအချိန်တွင် သိသာစွာလျော့နည်းလာသည်ကို သတိပြုမိခဲ့သည်။ အောက်တွင်မှတ်တမ်းတင်ဖော်ပြထားသော ချိုးဖောက်မှုတို့သည် အာဏာပိုင်တို့မှ အရေးယူခြင်း မရှိ သည်ကို ထောက်ပြထားသည်။

ထောင်မှ လွတ်မြောက်လာပြီးကတည်းက အမျိုးသမီးအချို့မှာ စိတ်ဒဏ်ရာနှင့် စိတ်ဖိစီးမှုတို့ကို ခံစား နေကြရသည်။ တပြိုင်တည်းတွင် ၎င်းတို့သည် အနာဂတ်နှင့်ပတ်သက်၍ အလွန်ကြံ့ကြံ့ခံနိုင်ပြီး အကောင်းမြင်မှုများလည်းရှိနေသည်။ အမျိုးသမီးအချို့မှာ နာတာရှည်နာကျင်မှုဝေဒနာများ (သို့) အခြားကျန်းမာရေးပြဿနာတို့ကို ခံစားနေကြရသည်။ အချို့မှာ တိုက်ပိတ်ခံရစဉ်အတွင်း အခြား အကျဉ်းသားများနှင့် ကျယ်လောင်စွာ ဆက်သွယ်ပြောဆိုခြင်းနှင့် တခါတရံတွင် တစ်ဦးတည်း စကား ပြောနေသည့်အကျင့်ရှိသည့်အတွက် အကျိုးဆက်အနေဖြင့် ပုတ်ခတ်ပြောဆိုခံရခြင်း၊ လှောင်ပြောင် ပြောဆိုခံရခြင်းစသည့် နာမည်ပျက်တံဆိပ်တပ်ခံရသည်ဟု ခံစားရသည်။

အမျိုးသမီးများမှာ ဤသုတေသနပြုမှုတွင်ပါဝင်ခဲ့ခြင်းဖြင့် ၎င်းတို့၏ခံစားချက်တို့အား ဖလှယ်နိုင်ရန် ထွက်ပေါက်တစ်ခုကိုရှာတွေ့ခဲ့ပြီး အုပ်စုသစ်များဖွဲ့နိုင်ခဲ့သည်ကို သုတေသီများမှ မှတ်ချက်ပြုခဲ့သည်။ ၎င်းတို့၏ ခံစားချက်နှင့် နာကျင်မှုတို့ကို နားလည်သော အခြားအမျိုးသမီးတို့၏ နှစ်သိမ့်အားပေးမှုတို့ကို ခံယူခွင့်ရခဲ့သည်။ အဆိုပါ ''ပန်းနှင့်ကျောက်'' ဆွေးနွေးပွဲသည် ယုံကြည်မှုရှိသော ပတ်ဝန်းကျင် တစ်ခု ကို ဖန်တီးနိုင်သည့်အတွက် အထူးကို အကျိုးရှိပြီး ဆွေးနွေးပွဲတက်ရောက်သူ အမျိုးသမီးများ အထူး သဖြင့် သားသမီးများထက် နိုင်ငံရေးကို ပထမဦးစားပေးနေရာတွင် ထားရှိသူတို့ အနေဖြင့် လွတ်လပ် ပွင့်လင်းစွာ စကားပြောဆိုနိုင်သည့်အတွက် အထူးကို အသုံးဝင်ခဲ့သည်။ အချို့မိသားစုတို့မှာ အတိတ် ကာလအဖြစ်အပျက်တို့နှင့် အမှတ်ရစရာ အတိတ်ဆိုးတို့ကို ဖျောက်ဖျက်လိုကြသည့်အတွက် ၎င်းကိစ္စနှင့်ပတ်သက်ပြီး ပိတ်ပင်မှုများပြုလုပ်နေသည်ကို ပြောပြခဲ့သည်။

ယခုကဲ့သို့ အတူတကွ တွေ့ဆုံခြင်းဖြင့် အမျိုးသမီးတို့သည် ၎င်းတို့၏ နိုင်ငံရေး ဆုံးဖြတ်ချက်တို့ကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရန် ကြီးမားသော သတ္တိများပိုင်ဆိုင်ရရှိကြသည်။ အများစုသော အမျိုးသ သမီးတို့သည် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးတို့အတွက် ဆက်လက်တိုက်ပွဲဝင်နေသော နိုင်ငံရေးလှုပ်ရှား မှုတို့တွင် ဆက်လက်ပူးပေါင်းပါဝင်နေ သည်ကိုတွေ့ရသည်။

# ရှာဖွေတွေ့ရှိသော သော့ချက်များ

အောက်ပါ တွေ့ရှိချက်တို့သည် ပဋိပက္ခအတွင်း အစီစဉ်ချ အကြမ်းဖက်ခံရသော အမျိုးသမီးတို့ ၂၉ ဦး နှင့်ပတ်သတ်၍ အခြေအမြစ်ရှိပြီး အရည်အသွေးအပေါ်အခြေခံသည့် ပိုင်းခြားစိတ်ဖြာမှုတို့ကို ဖော်ပြ ထားသည်။

## ရှာဖွေတွေ့ရှိသည့် သော့ချက် ၁: တိုးမြှင့်တားဆီးကာကွယ်မှုများ ကြိုးပမ်းအားထုတ်လာသော်လည်း အမျိုးသမီးများ အစီစဉ်ချ အကြမ်းဖက်မှုများ ဆက်လက်ကြုံတွေ့နေရခြင်း။

၁၉၉၀ ခုနှစ်မှစပြီး အမျိုးသမီးများအပေါ် စနစ်တကျ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် ပတ် သက်ပြီး ကမ္ဘာအနှံ့အပြားတွင် အသိပညာပေးများ တိုးမြှင့်လုပ်ဆောင်နိုင်ခဲ့သည်။ မြန်မာအစိုးရသည် ၎င်းတို့ အတည်ပြုခဲ့သော အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘောတူညီစာချုပ်နှင့် အမျိုးသမီးများဆိုင်ရာ ဘေဂျင်းကြေညာစာတမ်းတို့အား ချိုးဖောက်ကျူးလွန် ခဲ့သည်။ ထို့အပြင် ၂၀၁၃ ခုနှစ်တွင် အမျိုးသမီးများဘဝ တိုးတက်မြင့်မားရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းကို ရေးဆွဲအတည်ပြုခဲ့ပြီး ဇွန်လ ၂၀၁၄ ခုနှစ်တွင် ပဋိပက္ခအတွင်း လိင်အကြမ်း ဖက်မှု အဆုံးသပ်ရေး ပဋိညာဉ် ကြေညာချက်ကို အစိုးရမှ လက်မှတ်ရေးထိုးခဲ့သည်။ မည်သို့ပင်ဆိုစေ မြန်မာ့တပ်မတော်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများမှာ မြန်မာပြည်အနှံ့အပြားမှ ပဋိပက္ခနေရာများရှိ အမျိုးသမီးများအား ဆက်လက်ပစ်မှတ်ထား ချိုးဖောက်ကျူး လွန်မှုများပြုလုပ် နေပြီး ယင်းတို့၏ လုပ်ဆောင်ချက်တို့မှာလည်း အရေးယူမှုမှ ကင်းလွတ်နေလျှက်ရှိသည်။

ယခု လေ့လာမှုထဲတွင် ပါဝင်သော အမျိုးသမီးတို့သည် ၎င်းတို့ ထောင်ထဲတွင် တွေ့ကြုံခံစားခဲ့ရသော မုဒိမ်းမှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ မုဒိမ်းပြုကျင့်ရန်ခြိမ်းခြောက်မှု၊ လိင်ပိုင်းဆိုင်ရာထိပါးနှောက် ယှက်မှု၊ လိင်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှုအပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့မှာ ကျယ် ကျယ်ပြန့်ပြန့် ဖြစ်ခဲ့သည်။ ဤလေ့လာမှုထဲတွင် ပါဝင်သော အမျိုးသမီး ၁၀ ဦးထဲတွင် ၃ ဦးမှာ ၎င်းတို့ တွေ့ကြုံခံစားခဲ့ရသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သ တ်ပြီး ရင်ဖွင့်ပြောပြခဲ့သည်။ သုတေ သန စာတမ်းထဲတွင် ပါဝင်ခဲ့သော အမျိုးသမီး ၁၉ ဦးထဲတွင် ၂ ဦးမှာ အဖွား (သို့) မိခင်တို့ဖြစ်ပြီး မုဒိမ်းပြုကျင့်ခံရပြီး ရက်စက်ကြမ်းကြုတ်စွာ အသတ်ခံရသော ၎င်းတို့၏ မြေးသမီး (သို့) သမီးများ အတွက် တရားမျှတမှုရရှိရန် ပါဝင်ပြောဆိုခြင်းဖြစ်ပြီး ၁ ဦးမှာ သူမကိုယ်တိုင် လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်ခံခဲ့ရသည်။

အကြမ်းဖက်ခံရမှုအရေအတွက်သည် ယခုဖော်ပြသည်ထက် ပိုမိုမြင့်မားနိုင်ဖွယ်ရှိသည်။ လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှု အတွေ့အကြုံတို့နှင့်ပတ်သက်ပြီး ဖွင့်ထုတ်ပြောဆိုရန် အလွန်ပင် ခက်ခဲခဲ့သည်။ အမျိုးသမီးတို့သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ၎င်းတို့နေထိုင်ရာ အသိုင်းအဝိုင်းနှင့် မိသားစုအတွင်း အရှက်သိက္ခာမဲ့သလို ခံစားရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းနှင့် ဂုဏ်သိက္ခာမဲ့သူများ အဖြစ် တံဆိပ်ခတ် ပြောဆိုမှုတို့ကို ခံစားကြရသည်။ ထို့အပြင် အကြမ်းဖက်ခံရသော အမျိုးသမီးတို့ သည် ၎င်းတို့၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုနှင့်ပတ်သက်ပြီး ဖွင့်ထုတ်ပြောဆိုရန် ရှက်ခြင်း (သို့) ကြောက်ရွံ့နေသည့် အချက်ကိုလည်း အလေးထားပြောကြားခဲ့သည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုထက်ပိုမိုဆိုးရွာသော အခြေအနေတို့နှင့် မြန်မာပြည်တွင်နေထိုင်သော အမျိုးသမီးများမှာ တွေ့ကြုံကြရသည်။ ၎င်းတို့၏ လူမှုဘဝ၊ နိုင်ငံရေးဘဝနှင့် လူမှုစီးပွားရေး အခွင့် အရေးတို့ကို သက်ရောက်မှုရှိစေသည့် အကြမ်းဖက်မှုတို့ကိုလည်း ရင်ဆိုင်ခဲ့ရသည်။ နိုင်ငံရေးအကျဉ်း သူ ၁၀ ဦးထဲတွင် ၃ ဦးသည် ထိန်းသိမ်းခံရစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန်စွာ ပြုမူဆက်ဆံခံခဲ့ရသည်။ ဆယ်စုနှစ်ပေါင်းများစွာ လက်နက်ကိုင်ပဋိပက္ခဖြစ်နေသော တိုင်းရင်းသား နယ်မြေတို့တွင် အမျိုးသမီးတို့သည် အတင်းအကျပ်ရွှေ့ပြောင်းခံရခြင်းနှင့် အကျိုးဆက်အနေဖြင့် စားဝတ်နေရေးအခွင့်အလမ်းတို့ကို လက်လွတ်ဆုံးရှုံးခဲ့ရပြီး တိုက်ပွဲများ အသစ်တဖန်ပြန်လည် ဖြစ်ပွား ခြင်း၊ စစ်တပ်အင်အားကို ကြီးကြီးမားမားအသုံးပြုခြင်းကြောင့် အကြမ်းဖက်မှု ပုံစံအသစ်တို့နှင့်လည်း ကြုံတွေ့ခဲ့ရသလို နေရပ်ပြန်ရန် ဘေးကင်းလုံခြုံသော အခြေအနေ အလားအလာမရှိခြင်း စသည်တို့ကို အလွန်ရှည်လျားစွာ ခါးစည်းခံနေရသည်။

အကြမ်းဖက်ခံရသူ အမျိုးသမီးတို့သည် ၎င်းတို့ရင်ဆိုင်ခံစားခဲ့ရသော အကြမ်းဖက်ချိုးဖောက်ခံရမှုတို့မှ နာလန်ထူလာနိုင်စေရန်နှင့် မိသားစုကို ပြုစုစောင့်ရှောက်ရန်အတွက် လေးလံသော ဝန်ထုတ်ဝန်ပိုး တို့ကို နစ်ဆ ထမ်းဆောင်နေကြရသည်။ အသက်ရှင်လွတ်မြောက်လာသူ အမျိုးသမီးတို့၏ သား (သို့) လင်ယောကျ်ားတို့မှာ

ဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ ပျောက်ဆုံးနေခြင်း (သို့) အသတ်ခံရပါက ၎င်းတို့၏ ရှင်သန်မှုသည် ပို၍ခက်ခဲသည်။ တိုင်းရင်းသူအမျိုးသမီးများအနေဖြင့် ပဋိပက္ခနှစ်ဖက်စလုံးကြားတွင် ပိတ်မိနေခြင်း၊ ဖိအားနှင့် စစ်ဘေးအန္တရာယ်တို့ကို တွေ့ကြုံနေရခြင်း စသည့် ခွဲခြားဆက်ဆံခံရခြင်းနှင့် စိန်ခေါ်မှုတို့ကို နှစ်ဆ ရင်ဆိုင်နေရသည်။

"၁၉၉၉ ခုနှစ်က လူတွေကို သတ်တဲ့အခါ ရုတ်ခနဲ သေစေနိုင် သတ်နိုင်တဲ့ စစ်တပ် တစ်ခုကို သူတို့တွေ တီတွင်ခဲ့တယ်။ အဲ့ဒီစစ်တပ်က သူတို့သတ်လိုတဲ့သူတွေမှာ အပြစ်ရှိမရှိ ဂရုမစိုက်ဘူး။ ဒီလိုပဲ သတ်လိုက်တာပဲ။၁၉၇၆ခုနှစ်ကနေကျမတို့ ကို ရွာကနေ မောင်းထုတ်ခဲ့တယ်။ တနေရာပြီးတနေရာပြောင်းရွှေ့နေခဲ့ရတယ်။၂၀၀၀ခုနှစ်မှာတစ်ခါရွာမှ ပြန်နေရတယ်။ ၂၀၀၄ ခုနှစ်မှာတော့ ရွာကနေ တစ်ခါ ပြောင်းခိုင်းပြန်ရော။အဲဒီကတည်းက ခုထိ တခါမှ မပြန်နေရတော့ဘူး"



**Paw Poe**
(ကရင်)



"ကျမကို အကျဉ်းထောင်ကို မပို့သေးတဲ့အချိန်မှာ ကျမကို နေ့ညမပြတ်စစ်ဆေးတယ်။ ပေးမအိပ်ဘူး။ ကျမကို အိပ်ခွင့်မပြုဘူး။ ရေလည်းပုံမှန်ပေးမချိုးဘူး။ ပြီးတော့ ထမင်းလည်းမှန်မှန်ပေးမစားဘူး။ သူတို့က ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်တာမျိုးမလုပ်ပေမယ့် ကျမတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ အနာတရ ဖြစ်အောင် အများကြီးနှိပ်စက်ခဲ့တယ်။ အမျိုးသမီးတစ်ဦးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့ စကားလုံးတွေသုံးပြီး စစ်ဆေးမှုတွေပြုလုပ်ခဲ့တယ်။"

**တင်တင်ချို**
(နိုင်ငံရေးအကျဉ်းသားအဖြစ်ထိန်းသိမ်းခံရသူ)



**Roi Bu**
ကချင်

ရွယ်ဘူသည် သူမ၏ နေရပ်မှ ၂၀၁၁ ခုနှစ်မှစပြီး ပြောင်းရွှေ့ခံရပြီး အကြိမ်ကြိမ် အတင်းအကျပ် ရွှေ့ပြောင်းခိုင်းခံခဲ့ရသည်။ မြန်မာ့တပ်မတော်မှ သူမတို့၏ ရပ်ရွာအား ယနေ့တိုင် သိမ်းပိုက်ထားဆဲဖြစ် သည်။

"အဲဒီအချိန်တုန်းက ကျမရဲ့ သမီးတစ်ယောက် ကျမဆီကိုလာပြီး ရွာကို မြန်မာစစ်တပ်က သိမ်းလိုက် ပြီလို့ လာပြောတယ်။ သမီးပြေးလာနေတဲ့အချိန်မှာပဲ သေနတ်သံကို စကြားနေရပြီလေ။ ကျမရဲ့ ကလေးတွေကို အမြန်ပြေးဖို့ ကျမပြောလိုက်တယ်။ သေနတ်သံတွေကို ကြားနေတဲ့အချိန်မှာပဲ တစ်ရွာလုံးက ရွာသားတွေက ရွာအနှံ့ပြေးလွှားနေကြတယ်။ သူတို့ဘာမှယူမသွားနိုင်ကြဘူး။ လက်ဗလာနဲ့ပဲ ပြေးနေကြတာ။"

## ရှာဖွေတွေ့ရှိသည့် သော့ချက် ၂။ ချည့်နဲ့နေသည့် တရားမျှတမှုနှင့် ရင်ဆိုင်ဖြတ်သန်းနေရသော မြန်မာအမျိုးသမီးများ

မိမိတို့ သုတေသန တွေ့ရှိချက်အရ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်ခံရသော မြန်မာအမျိုးသမီးအများစုတို့သည် ပစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုထားသည့်အခြေအနေ သတ်မှတ်ချက် တို့နှင့် ကြုံတွေ့ဖြတ်သန်းခဲ့ကြရသည်။ အလဟဿဖြစ်သွားသော ကြွက်သားများ ကဲ့သို့ ထိုအမျိုးသမီး တို့သည် အမှားအတွက်အမှန်ရရှိဖို့ကို တောင်းဆိုဖို့ရန်စဉ်းစားစိတ်ကူးနိုင်စွမ်းပင် ဆုံးရှုံးနေသည်ကို တွေ့ရသည်။

"တရားမျှတမှု" ကို ခံစားရရှိခြင်း ရှိမရှိမေးမြန်းသည့်အခါတွင် တရားမျှတမှု အမြင်သဘောထားနှင့် ပတ်သက်၍ အခြေအနေသုံးပါးကို လွှမ်းခြုံပြီး အဓိကအားဖြင့် အနုတ်လက္ခဏာဖြစ်နေသည်ကို ထင်ရှားစွာ ဖြေကြားခဲ့ကြသည်။ ပထမတစ်ချက်အနေဖြင့် အကြမ်းဖက်ခံရသူအမျိုးသမီးတို့သည် အပြစ်ကျူးလွန်သူ တရားခံတို့အား အပြစ်ပေးလိုခြင်းနှင့် ၎င်းတို့ကျူးလွန်သောအပြစ်တို့ကို ဝန်ခံခြင်း၊ အသိအမှတ်ပြုခြင်း၊ ဒုတိယအချက်အနေဖြင့် ယင်းအမျိုးသမီးတို့ဆီမှ ယူဆောင်သွားသော အရာများ အထူးသဖြင့် အိုးအိမ်မဲ့အမျိုးသမီးတို့အား မြေယာများပြန်လည်ရရှိခံစားခွင့်ရှိစေရန်အတွက် ပြန်ပေး အပ်ရန်နှင့် တတိယအချက်အနေဖြင့် အစိုးရသည် သင့်လျော်သော တရားဝင်ရပ်တည်မှု အခန်း ကဏ္ဍဖြင့် ရပ်တည်ပြီး တိုင်းသူပြည်သားတို့မှ သင့်တင့်လျောက်ပတ်သော လူနေမှုအဆင့်အတန်းနှင့် အခြေခံလူ့ဂုဏ်သိက္ခာတို့နှင့် နေထိုင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

ဤသုတေသနစီမံကိန်းတွင်ပါဝင်သော အမျိုးသမီး ၂၉ ဦးထဲမှ ၃ ဦး (အားလုံးကချင်ဖြစ်သည်) တို့သည် တရားရုံးတွင် တရားမျှတမှုရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အမှု ၂ ခုမှာ မအောင်မြင်ခဲ့သလို အခြားတစ်ခု၏ ရလဒ်မှာလည်း မိသားစုအတွက် စိတ်မကျေမနပ်ဖြစ်စေခဲ့သည်။ အမှု ၃ ခုစလုံး၏ ကြိုးပမ်းမှု နောက်ဆက်တွဲ ရလဒ်အနေဖြင့် အကြမ်းဖက်ခံရသူမိသားစုများမှာ ထပ်မံ အနှောင့်အယှက်ပေးခံရခြင်း ပြဿနာတို့နှင့် ကြုံတွေ့ကြရသည်။


မြန်မာအမျိုးသမီးတို့သည် တရားမျှတမှု အမြင်သဘောထားတို့နှင့်ပတ်သက်ပြီး စဉ်းစားနိုင်ရန် အခြေအနေနှင့် အခွင့်အလမ်း အနည်းငယ်သာပေးသည်။ လူ့အခွင့်အရေးအဖွဲ့အစည်းများက အကြမ်း ဖက်မှု ဖြစ်ရပ်များကို မှတ်တမ်းတင်ခြင်းနှင့် သတင်းအချက်အလက်များ စုဆောင်းနေသော်လည်း ဥပဒေကြောင်းအရ အရေးယူရန်မဖြစ်နိုင်သေးသည်ကို တွေ့ရသည်။ သို့သော်လည်း တရားမျှတမှု ရရှိရန်ဆန္ဒသည် ခိုင်မာနေဆဲဖြစ်သည်။ အမျိုးသမီးနိုင်ငံရေးအကျဉ်းသူအများစုတို့ သည် ၎င်းတို့ ပြန် လွတ်လာပြီးသည့်နောက်ပိုင်းတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးတိုက်ပွဲ၏ တစိတ်တပိုင်းဖြစ်သည့် နိုင်ငံရေးလှုပ်ရှားမှုတို့တွင် ဆက်လက်ပါဝင်နေဆဲဖြစ်သည်။ ယင်းအမျိုးသမီးတို့သည် အတိတ်ကာလ တွင် အလွန်ဆိုးရွားစွာ ဆင်းရဲဒုက္ခရောက်ခဲ့သော်လည်း မလျှော့သောဇွဲဖြင့် နိုင်ငံရေးအပြောင်းအလဲ ကို မြင်လိုသော ဆန္ဒများဆက်ရှိနေဆဲဖြစ်ပြီး ထောင်သွင်းအကျဉ်းချခံရခြင်းသည် ၎င်းတို့၏ နိုင်ငံရေး ခံယူချက်နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ပို၍ခိုင်မာစေသည်။





**သန္တာ**
နိုင်ငံရေးအကျဉ်းသားအဖြစ်ထိန်းသိမ်းခံရသူ

> "ညှဉ်းဆဲနှိပ်စက်ခံခဲ့ရတဲ့ ကျမရဲ့ အတွေ့အကြုံအရ ဒီနိုင်ငံမှာ တရားမျှတမှု မရှိဘူးလို့ပြောနိုင်တယ်။ တရားမျှတမှုရဖို့ဆိုရင် နိုင်ငံသားတွေရဲ့ လိုအပ်ချက်ကို ကာကွယ်ဖြည့်ဆည်းပေးတဲ့ဥပဒေ၊ ကာကွယ် စောင့်ရှောက်ပေးတဲ့ဥပဒေနဲ့ လူတိုင်းအတွက် အညီအမျှ လျှောက်ထားနိုင်တဲ့ ဥပဒေရှိဖို့လိုတယ်။ ဒီစနစ်က လာဘ်ပေးယူမှုနဲ့ အကျင့်ပျက်ခြစားမှုတွေ ကင်းဝေးဖို့လိုတယ်။"



တရားမျှတမှုကိုမရရှိသေးပဲ
ကျမသေသွားခဲ့မယ်ဆိုရင်တောင်
ကျမရဲ့ မြစ်တွေက တရားမျှတမှုရရှိဖို့
ဆက်ကြိုးစားပါလိမ့်မယ်။ သူတို့တွေ ပျော်ရွှင်စွာ
နေထိုင်ခွင့်ရရှိမယ်လို့ ကျမမျှော်လင့်ပါတယ်။

## Hkawn Shawng

ကချင်

Hkawn Shawng သည် တိုက်ပွဲကြောင့် သူမ၏ရွာမှ ထွက်ပြေးခဲ့ရသည်။ စစ်တပ်မှ သူမတို့၏ရွာကို မီးရှို့ခဲ့သည့်အတွက် အရာအားလုံးကို ဆုံးရှုံးခဲ့ရသည်။ သူမသည် အခြားရွာသားများနှင့်အတူ မြန်မာ စစ်တပ်၏ ပစ်ခတ်မှုကို ခံခဲ့ရသည်။ သူမ၏ မြေးဖြစ်သူသည် ပြန်ပေးဆွဲခံခဲ့ရပြီး အသတ်ခံခဲ့ရ သည်။ သူမ၏ မြေးမသည် ပြန်ပေးဆွဲခံရစဉ်အတွင်း လိင်ပိုင်းဆိုင်ရာ စော်ကားခံရပြီး အသတ်ခံခဲ့ရ သည်ဟု ယုံကြည်နေသည်။ Hkawn Shawng သည် လက်တလောတွင် စစ်ပြေးရှောင်စခန်းတွင် နေထိုင် လျှက်ရှိပြီး သူမ၏ ရှင်သန်မှုအတွက် ရုန်းကန်နေရသည်။



## Mar Mar Oo

နိုင်ငံရေးအကျဉ်းသားအဖြစ်ဖမ်းဆီးထိန်းသိမ်းခံရသူ

“သူတို့က ကျမကို အမျိုးမျိုးစွပ်စွဲပြီး စစ်ခုံရုံးကို ပို့လိုက်တယ်။ ကျမ အဲ့ဒီလုပ်ရပ်တွေ တစ်ခုမှ မကျူးလွန်ခဲ့ဘူး။ ဘယ်လိုပဲ ပြင်းပြင်းထန်ထန် ငြင်းငြင်း တကယ့် ဆုံးဖြတ်ချက်ချတဲ့သူက တရားသူကြီးမှ မဟုတ်ပဲ။ သူတို့က တပ်မတော်အရာရှိတွေပဲ၊ သူတို့က ယူလာတဲ့ စာအိတ်ကို ဖွင့်ပြီး အထဲက စာကိုယူထုတ်ပြီး ဖတ်လိုက်တယ်။ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်တဲ့။”

ရှာဖွေတွေ့ရှိသည့် သော့ချက် ၃။ အကြမ်းဖက်ခံရသူအမျိုးသမီးတို့၏ ပဋိပက္ခကြောင့် ရွှေ့ပြောင်း ခံရခြင်း၏ နောက်ဆက်တွဲ အသက်မွေးဝမ်းကြောင်း ဖြိုခွဲဖျက်ဆီးခံရခြင်းနှင့် ထိခိုက်မှုများ ပိုမိုတိုးမြင့် လာခြင်း။ ကာလကြာရှည်စွာ ရွှေ့ပြောင်းခံရခြင်းကြောင့် ဘဝတွေ ပြိုကွဲပျက်စီးခြင်း။

လက်နက်ကိုင်ပဋိပက္ခသည် ဆယ်စုနှစ်များစွာ တိုင်းရင်းသားဒေသတို့တွင် ဖြစ်ပွားခဲ့သည့်အတွက် အမျိုးသမီးများမှာ အတင်းအကျပ်ရွှေ့ပြောင်းခံရခြင်း၊ စားဝတ်နေရေးနှင့်အခွင့်အလမ်းများဆုံးရှုံးခြင်း၊ ဘေးကင်းလုံခြုံစွာ အိမ်ပြန်နိုင်ရန် အခြေအနေမရှိခြင်း စသည်တို့ကို ကာလကြာရှည်စွာ တွေ့ကြုံခံစား ကြရသည်။ ယခုပြုလုပ်သော သုတေသနစီမံချက်တွင် ပါဝင်သော အမျိုးသမီး ၁၉ ဦးထဲတွင် တစ်ဦးမှ လွဲပြီး ကျန်အားလုံးမှာ အိုးအိမ်မဲ့ဖြစ်နေရပြီး ဆယ်ဦးသည် လက်ရှိ စစ်ပြေးရှောင်စခန်းတို့တွင် နေထိုင် လျှက်ရှိသည်။ စစ်ပြေးရှောင်စခန်းတို့တွင် နေထိုင်ခွင့်မရှိသော အိုးအိမ်မဲ့ဖြစ်နေသူ အမျိုးသမီးတို့မှာ တရားဝင်မှုမရှိခြင်းကြောင့် လူသားခြင်းစာနာသော အကူအညီများ မရရှိသည့်အတွက်  ပိုမိုဒုက္ခ ရောက်ကြရ သည်။

အမျိုးသမီးတို့သည် တနိုင်တပိုင် သယ်နိုင်သည့်ပစ္စည်းများကို ယူပြီး မကြာခဏ ထွက်ပြေးကြရသည့် အတွက် ၎င်းတို့ပိုင်ဆိုင်သော အိမ်များ၊ မြေယာများ၊မွေးမြူထားသော အိမ်မွေးတိရိစ္ဆာန်များနှင့် အခြား ပိုင်ဆိုင်မှုတို့ကို လက်လွတ်ဆုံးရှုံးကြရသည်။ အမျိုးသမီးအချို့တို့၏ အိမ်များမှာ မီးရှို့ဖျက်ဆီးခံရပြီး အခြားအမျိုးသမီးတို့မှာလည်း ၎င်းတို့၏ အိမ်များနှင့် ပစ္စည်းဥစ္စာတို့ကို မြန်မာစစ်သားများမှ တိုက်ခိုက် လုယူခြင်းနှင့် အခြားသူများမှလည်း ဤမတည်ငြိမ်သည့်အခြေအနေတို့ကို အခွင့်အရေးယူ အမြတ် ထုတ်ကြသည်။

အမျိုးသမီးတို့သည် မူရင်းနေထိုင်ခဲ့သော  ကျေးရွာများသို့ ဘေးကင်း လုံခြုံပြီး ရေရှည်တည်တံ့သော အခြေအနေတို့တွင် ပြန်ခွင့်ရရှိရန်မှာ အဓိကတောင်းဆိုချက်အဖြစ် သုတေသန တွေ့ရှိချက်အရ သိရှိရ သည်။ အိုးအိမ်မဲ့ ရွှေ့ပြောင်းနေထိုင်ကြရသူအမျိုးသမီးတို့မှာ မလုံခြုံမှုကို ခံစားကြရခြင်းပြီး အကြမ်း ဖက်မှုတို့ကို ထပ်မံကြုံတွေ့ကြရသည်။ အမျိုးသမီးတို့သည် ယင်းတို့၏ မြေယာနှင့် ဝင်ငွေများမရှိခြင်း ကြောင့် အမျိုးသမီးအများစု၏ မိသားစုသည် ခြံစိုက်ပျိုးမှုများမလုပ်နိုင်ခြင်း၊ စီးပွားရေးတိုးတက်အောင် မကြံဆောင်နိုင်ခြင်းတို့ကြောင့် မိသားစုအတွက် လုံလောက်သော အိုးအိမ်များ ဖန်တီးပေးနိုင်ခြင်း မရှိ ပေ။ ယင်းတို့သည် လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်မရှိခြင်းကြောင့် ဆက်သွယ်ရေးများခက်ခဲပြီး လူမှုအထောက်အပံ့များလည်း မရရှိကြပေ။ လက်ရှိအခြေအနေတွင် အိုးအိမ်မဲ့ စစ်ပြေးရှောင် အများ စုတို့၏ နေရပ်သို့ ဘေးကင်းလုံခြုံစွာ ပြန်နိုင်ဖို့ဆိုသည်မှာ အလားအလာ အလွန်နည်းပါးသည်ကို တွေ့ရသည်။



“ကျမတို့ဟာ နှစ်ပေါင်း ၄၀ ကြာ အိုးအိမ်မဲ့ဘဝနဲ့ နေထိုင်ခဲ့ကြရတယ်။ ဗမာအစိုးရက ကျမတို့ကို ကိုယ့်နေရပ်ကို ပြန်ခွင့်မပေးခဲ့ဘူး။ တခြားသူတွေပိုင်တဲ့ မြေပေါ်မှာ ကျမတို့နေထိုင်နေရတယ်။ အသက်ရှင်ရပ်တည်ဖို့အတွက် ဝင်ငွေမရှိတော့ အရမ်းကို ခက်ခဲခဲ့တယ်။ ကျမက ကျမတို့ရဲ့ ရွာကိုပြန်ချင်တယ်။ ကျမတို့ပိုင်တဲ မြေတွေကို ပြန်ရရှိပြီးတော့ လွတ်လွတ်လပ်လပ် ရှာဖွေစားသောက်ချင်တယ်။”

**Nyar Bwe**
ကာရင်



“၃၉ နှစ်ကြာခဲ့ပါပြီ။  ၃၉ နှစ်ကြာခဲ့ပေမယ့် ကျမတို့ အိမ်ပြန်ရဖို့ကိုတော့ မျှော်လင့်နေသေးတယ်။ အခု လိုမျိုး ပြောင်းရွှေ့ခဲ့ရတဲ့အတွက် ကျမတို့ရဲ့ စီးပွားရေးကမကောင်းဘူး။ ကျမတို့မှာ အခက်အခဲတွေ အများ ကြီးရှိနေတယ်။ ကျမတို့ ပိုင်တဲ့အိမ်လည်းမရှိတော့ဘူး။ သူများရဲ့ ခြံဝင်းထဲမှာ နေထိုင်ကြရ တယ်။ တချို့က ကျမတို့ကို ချစ်ပေမယ့် တချို့က မကြိုက်ဘူး။ မြေသေးသေးလေးတစ်ကွက်ကို ဝယ်ဖို့ တောင် ကျမတို့ မတတ်နိုင်ဘူး။”

**Htoo Htoo**

ကရင်



“အဲ့ဒီအချိန်က ဆောင်းရာသီဖြစ်တဲ့အတွက် မကြာခင်မှာပဲ အလွန် ချမ်းအေးလာတာကို ခံစားမိတယ်။ ကျမရဲ့ ယောက္ခမအတွက် နေရာချထားပေးပြီးတဲ့အချိန်မှာ ကျမသား၊ သမီးနဲ့အတူ အကာအကွယ်ရမဲ့ ကတုတ်ကျင်းကို စတူးတယ်။ အဲ့ဒီအချိန်မှာ အမျိုးသားတစ်ယောက်က ကျမတို့ကို တွေ့တော့ သနားတဲ့အတွက် ကျမတို့ကို ဒီထက်ပိုပြီး ပုန်းလို့ကောင်းတဲ့ နေရာကိုပြပေးတယ်။ တောထဲမှာ ကျမတို့ တစ်ပတ်ကြာ ပုန်းနေခဲ့ကြရတယ်။”

**Htu Bu**

ကချင်

နိုဝင်ဘာလ ၂၀၁၂ ခုနှစ်တွင် Htu Bu နှင့် သူမ၏ မိသားစုတို့သည် ရွာထဲတွင် တိုက်ပွဲများဖြစ်သော ကြောင့် တောထဲသို့ ထွက်ပြေးကြရသည်။

## ရှာဖွေတွေ့ရှိသည့် သော့ချက် ၄။ လူမှုစီးပွားရေးပြဿနာကြောင့် ဖြစ်ပေါ်လာသော အကြမ်းဖက်မှု သည် တရားမျှတမှုကိုရယူမည့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို ထိခိုက်နိုင်သည့်အတွက် အကြမ်းဖက် ခံရသူ အမျိုးသမီးတို့မှ ရှုန်းကန်လှုပ်ရှားနေရခြင်း

အမျိုးသမီးတို့၏ ပုဂ္ဂိုလ်ရေး ရိုးသားဖြောင့်မတ်မှုကို အသုံးချခံရသည့်အပြင် များစွာသော အကြမ်းဖက် ခံရသူ မြန်မာအမျိုးသမီးတို့သည် ၎င်းတို့၏ လူမှုရေးနှင့်စီးပွားရေးအခွင့်အရေးတို့အား ချိုးဖောက်ခံနေ ရသည်။ အချို့ အခြေအနေကိစ္စရပ်တို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုတို့သည် ပိုမိုကျယ်ပြန့်ပြီး အများ စုမှာ မှတ်တမ်းတင်နိုင်ခြင်းမရှိသည်ကိုတွေ့ရသည်။ ယင်းချိုးဖောက်မှုများမှာ မြေယာဆုံးရှုံးခြင်း၊ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများဆုံးရှုံးခြင်း၊ နေအိမ်များနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ ဖျက်ဆီး ခံရခြင်း၊ ယင်းအမျိုးသမီးတို့ကိုယ်တိုင်သော်လည်းကောင်း၊ သားသမီးများ၏ ပညာရေးအခွင့်အလမ်း တို့ကို ဆုံးရှုံးကြရသည်။ အဆိုပါ ချိုးဖောက်မှုတို့သည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသည်သာမက နစ်ပေါင်းများစွာ (သို့) ဆယ်စုနစ်ပေါင်းများစွာ တိုးချဲ့ ဖြစ်ပေါ်လာခဲ့သည်။

တိုင်းရင်းသားဒေသရှိ အားလုံးသော အမျိုးသမီးတို့သည် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခနှင့် ရွှေ့ပြောင်းခံရခြင်းတို့၏ ရလဒ်ကြောင့် မြေယာ၊ နေအိမ်များ၊ ပစ္စည်းဥစ္စာများဆုံးရှုံးကြရသည်။ အသက် မွေးဝမ်းကျောင်းဆုံးရှုံးမှုရလဒ်အဖြစ် ပိုမိုဆင်းရဲမွဲတေလာခြင်း၊ အမျိုးသမီးများနှင့် ကလေးငယ်များ ကျောင်းထွက်လိုက်ရသည့် အကြောင်းအရာတို့ကို တင်ပြကြသည်။ အမျိုးသမီးနိုင်ငံရေးအကျဉ်းသား အများစုသည် ထောင်ကျခဲ့ခြင်း၏ အကျိုးဆက်အဖြစ် ယင်းတို့၏ စီးပွားရေးများ ပျက်စီးဆုံးရှုံးကြရ သည်။ ၎င်းတို့၏ နေအိမ်များ ဥပဒေအကျိုးဆောင်ခပေးနိုင်ရန်အတွက် ပေါင်းနှံခဲ့ကြရသည်။ အချို့မှာ အာဏာပိုင်တို့၏ အဆက်မပြတ် အနှောင့်အယှက်ပေးမှုတို့နှင့် ဖောက်သည်များ၏ ကြောက်ရွံ့မှုတို့ ကြောင့် စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးခဲ့ကြသည်။

အိမ်ထောင်စုအတွက် များသောအားဖြင့် အဓိက ဝင်ငွေရှာသူအမျိုးသားများမရှိတော့သည့်နောက်ပိုင်း တွင် အမျိုးသမီးတို့သည် လူမှုစီးပွားရေးစိန်ခေါ်မှုတို့ကို နှစ်ဆ ပိုမိုကြုံတွေ့ကြရသည်။ ယခု လေ့လာမှု တွင်ပါဝင်သော ထက်ဝက်နီးပါးရှိသည့် အမျိုးသမီးတို့သည် ပဋိပက္ခကြောင့် ၎င်းတို့၏ ခင်ပွန်း၊ သား (သို့) ဖခင်တို့ကို ဆုံးရှုံးခဲ့ရသည်ဟု တင်ပြကြသည်။ လေးပုံတပုံသော အမျိုးသမီးတို့နှင့် သက်ဆိုင် သော အမျိုးသားတို့မှာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြသည်ကို ဖော်ပြကြသည်။ များစွာသော အခြေအနေ တို့တွင် အမျိုးသမီးတို့သည် အပိုတာဝန်များစွာကို ယူခဲ့ကြရသည်။

အထက်ပါအခက်အခဲတို့ကြောင့် အမျိုးသမီးများ၏ တရားမျှတမှုကို ဆောင်ကြဉ်းရန် ကြိုးပမ်းအား ထုတ်မှုကို အားနည်းစေသည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကြိုးပမ်းအားထုတ်ရန် အခွင့်အလမ်းရှိသော် လည်း အမှုဖွင့်ခြင်း၊ ရှေ့နေငှားရန်းခြင်း (သို့) တရားရုံး၌အမှုတင်သွင်းခြင်းစသည့် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများအတွက် အချိန်နှင့် အရင်းအမြစ်တို့ မလုံလောက်သည့် အကြောင်းအရာ တို့ကို စားဝတ်နေရေးအတွက် နေ့စဉ် အဓိက ရုန်းကန်နေရသော ကချင်နှင့်ကရင် အမျိုးသမီးတို့မှ ရင်ဖွင့်ပြောလာကြသည်။



**Ah Nan**
ကချင်

Ah Nan သည် အစိုးရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မုဒိမ်းပြုကျင့်ခြင်းကို ခံခဲ့ရသည်။ သူမသည် သက်ဆိုင်ရာအာဏာပိုင်များနှင့်အတူ အမှုဖွင့် တိုင်ကြားနိုင်ရန် စတင်ကြိုးစားခဲ့သည့် အချိန်မှစပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နှောက်ယှက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းတို့ကို ခံခဲ့ရသည်။ သူမသည် သူမ၏ အခွင့်အရေးတို့ကို ခုခံကာကွယ်ရန် တရားစီရင်ရေး လုပ်ငန်းလုပ်ဆောင်ချက်များ ဖြစ်လာစေရန် ကြိုးစားဆောင်ရွက်လိုသော်လည်း အချိန်နှင့် ငွေအမြောက်အများလိုအပ်သည်ကို သိထားသည့် အတွက် လုပ်ဆောင်နိုင်ခြင်းမရှိပေ။ သူမသည် မိသားစု စားဝတ်နေရေးနှင့် ကလေးများအား ကြည့်ရှု စောင့်ရှောက်ရန် နေ့စဉ် ရုန်းကန်ရှာဖွေနေရသည့်အတွက် တရားရင်ဆိုင်ရန် သူမ ကုန်ကျခံနိုင်မည် မဟုတ်ပေ။ သည့်ပြင် သူမသည် သူမ၏လုံခြုံရေးအတွက်စိုးရိမ်နေရသည်။



## Yaw Myaw

ကချင်

Yaw Myaw ၏သမီးအား ဗမာစစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားပြီး သူမ မပျောက်ဆုံးမီ လအနည်းငယ်အထိ ယင်းတို့၏ တပ်စခန်းတွင် ထိန်းသိမ်းထားခဲ့သည်။ မိသားစုမှာ ၎င်းတို့၏ သမီး သည် မုဒိမ်းကျင့်ခံရပြီး အသတ်ခံရသည်ဟု ယုံကြည်နေသော်လည်း အဖြစ်မှန်နှင့် ပတ်သက်ပြီး မည် သူမှ တိတိကျကျ မသိနိုင်ပေ။ အမှုကို တရားရုံးချုပ်ရှေ့တော်သို့ တင်ပြခဲ့သော်လည်း အထောက် အထားများမခိုင်လုံသည့် အကြောင်းပြချက်ဖြင့် ပယ်ချခဲ့သည်။ တနေ့တွင် တရားမျှတမှုရရှိရန် မျှော် လင့်နေသော်လည်း လက်ရှိတွင် စစ်ပြေးရှောင်စခန်းတွင် နေထိုင်ရင်း စားဝတ်နေရေးအတွက် နေ့စဉ် ရုန်းကန်နေကြရသည်။



## ဥမ္မာ

နိုင်ငံရေးအကျဉ်းသားအဖြစ်ဖမ်းဆီးထိန်းသိမ်းခံရသူ

> “ကျမထောင်က ပြန်လွတ်လာတဲ့အချိန်မှာ စီးပွားရေးလုပ်ငန်းရှင်တွေက ကျမကို မယုံကြည်တော့တဲ့အတွက် အခြေခံပန်းထိုးခြင်း အလုပ်ကို အောင်မြင်အောင် မလုပ်နိုင်တော့ဘူး။ ငွေကြေးနဲ့ပတ် သက်ပြီး ကျမအရမ်းကို ရုန်းကန်ခဲ့ရတယ်။”

ရှာဖွေတွေ့ရှိသည့် သော့ချက် ၅။ အကြမ်းဖက်ခံရသူ အမျိုးသမီးတို့သည် အခြေခံဝန်ဆောင်မှုတို့ကို မရရှိခြင်း၊ ကျန်းမာရေး၊ စိတ်ဒဏ်ရာ ကုစားခြင်း၊ မျိုးဆက်ပွားကျန်းမာရေးနှင့် အိုမင်းခြင်းတို့နှင့် ပတ် သက်ပြီး အထူးပြု အစီအစဉ်များလိုအပ်ခြင်း။

ပဋိပက္ခနှင့် အကြမ်းဖက် ဖိနှိပ်မှုတို့၏ ရလဒ်အဖြစ် ဤသုတေသနစီမံချက်တွင် ပါဝင်ခဲ့သည့် ထက်ဝက် ကျော်သောအမျိုးသမီးတို့မှာ စိတ်ဒဏ်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး အခက်အခဲတို့နှင့် တွေ့ကြုံကြ ရသည်။ အမျိုးသ မီးနိုင်ငံရေးအကျဉ်းသားဟောင်းများမှာ ညှဉ်းပန်းနှိပ်စက်မှုနှင့် အလွန်ဆိုးရွားသည့် ထောင်တွင်းအခြေအနေတို့ကြောင့် အမျိုးသမီးရာသီလာစဉ်ခက်ခဲခြင်း၊ ခါးနာခြင်း၊ အစာအိမ် ပြဿနာ များအပါအဝင် စိတ်ဒဏ်ရာနှင့် အခြားကျန်းမာရေးအခြေအနေတို့ကို ဖော်ပြခဲ့ကြသည်။ တိုင်းရင်းသား ဒေသများရှိ အမျိုးသမီးများမှာ ၎င်းတို့ခံစားနေရသော စိတ်ဒဏ်ရာနှင့် အမာရွတ်တတ်နေသော ဒဏ် ရာတို့ကို ဆက်လက်ခါးစည်းခံနေရသည့်အချိန်တွင် ဆင်းရဲသည့် လူနေမှုအခြေအနေနှင့် ရှည်လျားစွာ ခက်ခဲကြမ်းတမ်းသည့် အလုပ်တို့ကို လုပ်ကြရသည့်အတွက် ကျန်းမာရေးပြဿနာများ၊ စိတ်ဖိစီးမှုများ နှင့် စစ်ပွဲတို့မှ ထွက်ပြေးနေရသည့် အခြေအနေတို့ကို ရင်ဖွင့် ပြောကြားခဲ့သည်။

အကြမ်းဖက်ခံရသူအမျိုးသမီးတို့၏ အရေးတကြီး လိုအပ်ချက်များမှာ ရှင်းလင်းစွာ မြင်နေရစေကာမူ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေအခံ ဝန်ဆောင်မှုတို့မှာ မြန်မာနိုင်ငံတွင် အထူးသဖြင့် ပဋိပက္ခဖြစ်နေသော တိုင်းရင်းသားများနေထိုင်ရာ ကျေးလက်ဒေသတို့တွင် အလွန်ကို ဆိုးရွား ခြင်း (သို့) လုံးဝ မရှိခြင်းကို တွေ့ရသည်။ သည့်အပြင် စစ်ပြေးရှောင် အမျိုးသမီးအများစု အတွက် ကျန်းမာရေးစောင့်ရှောက်မှု စသည့်ဝန်ဆောင်မှုများ မရှိပေ။ ပြည်သူအများစုမှာ သာမန်ဖျား နာခြင်း၊ ကုသ၍ပျောက်နိုင်သော ရောဂါများနှင့် အခြားကျန်းမာရေးပြဿနာများဖြစ် သည့် မြွေကိုက်ခံ ရခြင်း (ပိုးထိခြင်း)၊ ငှက်ဖျားစသည်တိဖြစ်သသ်အခါိန်တင် ကါန်းမာရေးဆိင်ဏ ဝန်ဆောင် မတိကိ လက်လှမ်းမမီခြင်း၊ ငွေကြေးမတတ်နိုင်ခြင်းတို ့ကြောင့် မသေသင့်ပဲ သေဆုံးနေကြရသည်။ ဤသုတေ သနစီမံချက်တွင် ပါဝင်ခဲ့သော ကရင်အမျိုးသမီးတစ်ဦးသည် သင့်လျော်သော ဆေးကုသမှုမျိုးကို လက်လှမ်းမမီသဖြင့် ကင်ဆာရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။



သုတေသနစီမံချက်တွင် ပါဝင်ခဲ့သော အမျိုးသမီး ၂၉ ဦးတွင် အမျိုးသမီးတစ်ဦး၏ မိသားစုမှာ ၎င်းတို့၏သမီးဆုံးပါးသွားသည့် လျော်ကြေးအဖြစ် စစ်တပ်မှ အနည်းငယ်သော ငွေကြေးထောက်ပံ့မှုကို ရရှိသည်ကလွဲလျှင် အားလုံးသော အမျိုးသမီးတို့သည် တရားဝင်အသိအမှတ်ပြုခံထားရသော အဖွဲ့အ စည်းများဆီမှ မည်သည့်အကူအညီ အထောက်အပံ့များ မရရှိကြပေ။ အမျိုးသမီး ၈ ဦးမှာ ဒေသခံ အဖွဲ့ အစည်း (သို့) ဒေသခံ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ပစ္စည်းအချို့ (သို့) ငွေကြေး ထောက်ပံ့မှု အနည်းငယ်ကို ရရှိခဲ့သည်။

**ချိုချိုအေး**

နိုင်ငံရေးအကျဉ်းသားအဖြစ် ဖမ်းဆီးထိန်းသိမ်းခံရသူ

> “ကျမ တုတ်နဲ့ အရိုက်ခံရတယ်။ အခုဆိုရင် ကျမရဲ့ ဘယ်ဖက် ပေါင်နဲ့ တင်ပါးဆုံရိုးတွေက နာနေတယ်။ ဒီလိုအရိုက်ခံရတဲ့အတွက် ကျမဒူးဆစ်ကလည်း ပြဿနာဖြစ်နေတယ်။”



> ခွဲစိပ်ပြီးနောက်ပိုင်း ကျမ အလေးအပင်တွေ မမနိုင်တော့ဘူး။ ဆေးခန်းသွားပြရတဲ့အတွက် ကျမ ပိုက်ဆံတွေ အများကြီး သုံးခဲ့ရတယ်။ ကျမရဲ့ ဝင်ငွေနဲ့ ထွက်ငွေက မမျှဘူးဖြစ်နေတယ်။ ကျမရဲ့သား ကျောင်းဖိုးပေးနိုင်ဖို့အတွက် အခုဆိုရင် ဆေးသောက်နေတာကို ၂ လလောက်ရပ်လိုက်ရတယ်။

## Nyar Eh Khu

ကရင်

Nyar Eh Khu သည် တောတွင်းတစ်နေရာ၌ မွေးဖွားခဲ့သူဖြစ်ပြီး သူမ၏ မိဘနှစ်ပါးမှာ သူပုန်များ ဖြစ် သည့်အတွက် သူမ၏ငယ်ဘဝတစ်လျှောက် ပုန်းအောင်းနေရသဖြင့် အရမ်းကို ခက်ခဲသည့် အခြေ အနေတို့နှင့် နေထိုင် ဖြတ်သန်းခဲ့ရသည်။ လူ့အခွင့်အရေးချိုးဖောက်မှု ပေါင်းစုံကို မြင်တွေ့ခဲ့ရသည်။ သူမ၏ သားဥအိမ်ဖယ်ရှားသည့် ခွဲစိပ်မှုကြောင့် လိုအပ်သည့် ငွေကြေးကို ပေးလိုက်ရသဖြင့် အသက် ရှင်ရပ်တည်ရေးအတွက် ထိုအချိန်မှစပြီး အလွန်ခက်ခဲခဲ့သည်။





## Hkawn Lum

ကချင်

Hkawn Lum သည် တိုက်ပွဲများကြောင့် အကြိမ်ပေါင်းများစွာ ပြောင်းရွှေ့ခဲ့ရသဖြင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရ ပြီး သူမ၏ ဥစ္စာပစ္စည်းတို့ကိုလည်း ဆုံးရှုံးခဲ့ရသည်။ သူမခိုလှုံနေခဲ့သော ဒုက္ခသည်စခန်းအား ဗမာစစ်တပ်မှ ဗုံးကြဲခဲ့သဖြင့် ထိုနေရာမှ ထပ်မံ ထွက်ပြေးခဲ့ရသည်။ သူမ၏ ရွာအား ထိုးစစ်ဆင်ခံရစဉ် အတွင်း သူမ၏အမျိုးသား သေဆုံးခဲ့သည်။ တိုက်ပွဲများကြား ထွက်ပြေးနေစဉ်အတွင်း သူမသည် ဒဏ်ရာ ရရှိခဲ့ပြီး သင့်လျော်သော ဆေးဝါးကုသမှုများမရရှိခဲ့ပေ။


ရှာဖွေတွေ့ရှိသည့် သော့ချက် ၆။ အမျိုးသမီးတို့သည်ငြိမ်းချမ်းရေးအတွက် လှုပ်ရှားမှုများပြုလုပ် ခဲ့သော်လည်း တရားဝင်ညှိနှိုင်း ဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေးတည် ဆောက်မှုတို့တွင် ဖယ်ကြဉ်ခံရခြင်း။

အကြမ်းဖက်ခံရသူအမျိုးသမီးများနှင့် ယင်း တို့၏မိသားစုများအပေါ် ပဋိပက္ခ ရိုက်ခတ်မှုသည် အလွန် ပြင်းထန်သည်ကို ၎င်းတို့၏ ကိုယ်တွေ့ အတွေ့အကြုံ ဇာတ်လမ်းများက ရှင်းလင်းစွာဖော်ပြနေသည်။ သင်တန်းသားများသည် ၎င်းတို့ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အနာဂတ်သားစဉ်မြေးဆက် အတွက်သော်လည်းကောင်း ငြိမ်းချမ်းရေးလိုလားသည့် ဆန္ဒကို ထုတ်ပြောခဲ့သည်။ သို့သော်လည်း တိုင်းရင်းသား ကျေးလက်ဒေသတို့တွင် နေထိုင်ကြသည့် အကြမ်းဖက်ခံရသော အမျိုးသမီးအများစု သည် အထူးသဖြင့် ပဋိပက္ခရိုက်ခတ်မှုကိုခံရသော အမျိုးသမီးများနှင့်ရွှေ့ပြောင်းခိုင်းခံရသော အမျိုး သမီးတို့သည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး လုံလောက်သော သတင်းအချက်အလက်များ မရရှိကြပေ။ တိုက်ခိုက်နေကြသော နှစ်ဖက် အုပ်စုကြားတွင် ဆွေးနွေးမှုများရှိနေသည်ကို သိရှိ နေသော်လည်း နိုင်ငံရေးအဆင့် ဆွေးနွေးမှုများနှင့်ပတ်သက်ပြီး အနည်းငယ်သာ နားလည်ခြင်း (သို့) သတင်းအချက်အလက်များရရှိသည်။

ဤလေ့လာမှုတွင် ပါဝင်သော အမျိုးသမီး ၂၉ ဦးစလုံးသည် တရားဝင်ငြိမ်းချမ်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခြင်းမရှိပေ။ သုတသန စီမံချက်တွင်ပါဝင်သော အမျိုးသမီးတို့သည် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် သံသယဖြစ်ခြင်း၊ ယုံကြည်မှုမရှိခြင်းနှင့် အဆိုးမြင်သော သဘောထားများရှိခြင်းတို့ကို ထုတ်ဖော်ပြော ဆိုခဲ့သည်။ အမျိုးသမီးတို့၏ အကျိုးစီးပွားကို ကိုယ်စားပြုသည့် အောက်ခြေထုအမျိုးသမီးအဖွဲ့ အစည်း များ၊ လူထုအခြေပြု အဖွဲ့အစည်းတို့သည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဆွေးနွေးပွဲတို့တွင် အဓိပ္ပါယ်ရှိ သောပါဝင်မှု (သို့) အချက်အလက်များတင်ပြခွင့်တို့မှ ဖယ်ကျဉ်ခံရသည်။ ယနေ့အချိန်ထိ ငြိမ်းချမ်းရေး ဆွေးနွေးသော စားပွဲဝိုင်းတို့တွင် အမျိုးသမီးများ မပါသလောက်ဖြစ်သည်ကို တွေ့ရသည်။[4]

အချို့အမျိုးသမီးတို့မှာ ၎င်းတို့နေထိုင်သော လူမှုအသိုင်းအဝိုင်းတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး အောက်ခြေထု ပြည်သူလူထုကြားတွင် အလွတ်သဘော လှုပ်ရှားဆောင်ရွက်မှုတို့ပြုလုပ်ကြသည်။ လူမှုအသိုင်းအဝိုင်းအဆင့် စိတ်ဒဏ်ရာများ ပြန်လည်နာလန်ထူနိုင်ခြင်း၊ လူအခွင့်အရေးများ၊ ငြိမ်းချမ်းရေး စွမ်းရည်မြှင်တင်ခြင်းအစီအစဉ် ပြုလုပ်ခြင်းတို့ပါဝင်သည်။ ဤကြိုးပမ်းအားထုတ်မှုတို့ သည် အကြမ်းဖက်မှုမှ အသက်ရှင်ကင်းလွတ်လာသူ အမျိုးသမီးတို့၏ ရင်ဆိုင်ခံစားနေရသော ဆင်းရဲ ဒုက္ခတို့ကို အသိအမှတ်ပြုခံရစေရန်နှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းမှ လက်ခံနိုင်စေရန်အတွက် ဖြစ်သည်။





"ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေရှိပေမယ့်
ဗမာစစ်တပ်တွေကတော့
ကျမတို့အနီးမှာပဲ ရှိနေတယ်။ တပ်တွေကို
ပြန်ရုပ်စေချင်တယ်။ သူတို့ရှိနေတာ
ကျမတို့ အရမ်းကြောက်တယ်။"

**Htay Htay**
ကရင်

[4] "Where Are The Women: Negotiations for Peace in Burma," Swedish Burma Committee, May 2013; "Looking at the Current Peace Process in Myanmar through a Gender Lens," Salai Isaac Khen and Muk Yin Haung Nyoi, August 2014



နှင်းနှင်းမွှေး
နိုင်ငံရေးအကျဉ်းသားအဖြစ်သုံးကြိမ်တိုင်
တိုင်ဖမ်းဆီးထိန်းသိမ်းခံရသူ

"လူမျိုးရေး၊ ဘာသာရေး၊ အသားအရေ (သို့)
ကျားမအပေါ်အခြေခံပြီး ခွဲခြားဆက်ဆံခြင်း၊
လွတ်လပ်မှုနဲ့ငြိမ်းချမ်းရေးကို အခြေခံတဲ့ ခွဲခြားဆက်ဆံမှုမရှိပဲ
တန်းတူညီမျှမှုရှိတဲ့ ညီညွတ်တဲ့ ဖက်ဒရယ်
တိုင်းပြည်တစ်ခု ရှိဖို့လိုအပ်တယ်။ ဒီအရာတွေရရှိဖို့
ကျမအသက်ရှင်နေသမျှ လုပ်ဆောင် သွားမှာပဲ။
ကျမတို့ကို ထောင်သွင်းအကျဉ်းချလိုက်တာဟာ
ကျမတို့ရဲ့ နိုင်ငံရေးတတ်ကြွမှုနဲ့ ခံယူချက်တွေကို ပိုပြီး
လှုံ့ဆော်ပေးလိုက်တယ်ဆိုတာကို အစိုးရက မစဉ်းစားမိဘူး။"

## Tar Thue

ကရင်
အဆိုပါပဋိပက္ခကြောင့် Tar Thue တို့မိသားစုသည် သူမ မမွေးခင်ကတည်းကစပြီး သူမတို့နေရပ်မှ အတင်းအကျပ် ပြောင်းရွှေ့ခဲ့ရသည်။ ထို့ကြောင့် စစ်ပြေးရှောင် ကျေးရွာတွင် သူမတစ်သက် နေထိုင် ခဲ့ရပြီး မိသားစုမှ ကျောင်းထားပေးရန်မတတ်နိုင်တော့သည့်အတွက် သူမ ကျောင်းထွက်ခဲ့ရသည်။ သူမ၏ဖခင်သည် စစ်တပ်၏ ပြင်းထန်သော နှိပ်စက်ညှင်းပမ်းမှုတို့ကို ကြာရှည်ခံခဲ့ရသည်။



"ကျမ ရေရှည်ခိုင်ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို လိုချင်တယ်။
စစ်ပွဲတွေမလိုချင်ဘူး။"

# ဖွင့်နေသောသေတ္တာ- အမျိုးသမီးတို့၏ဇာတ်ကြောင်းများ



## Ah Nan

ကချင်

စီတ်ဓာတ်ခိုင်မာပြီး သတင်းအရင်းအမြစ်များကြွယ်ဝသူဖြစ်သော Ah Nan သည် ကလေး ၄ ဦးမိခင်ဖြစ်ပြီး သမီး ၃ ဦးတွင် အကြီးဆုံးသမီးသည် ၁၂ နှစ်အရွယ်ဖြစ်ပြီး အငယ်ဆုံးမှာ ၆ နှစ်ဖြစ်သည်။ KIA စစ်သားဟောင်း တစ်ဦးဖြစ်သူ သူမ၏ခင်ပွန်းသည် မူးယစ်ဆေးဝါးတိုက်ဖြတ်ရေး နှင့်ဆက်နွယ်၍ အဖမ်းခံခဲ့ရသည့်အချိန်မှစပြီး သူမသည် မိခင်နှင့် ယောက္ခမတို့ကို ထောက်ပံ့ခဲ့ရသည်။ စိတ်လှုပ်ရှားလွယ်ပြီး နူးညံ့သော အမျိုးသမီးတစ်ဦးဖြစ်သော်လည်း တရားမျှတမှုအတွက် ဆက်လက် တိုက်ပွဲဝင်သွားရန် စိတ်ပိုင်းဖြတ်ထားသည်။

၂၀၁၃ ခုနှစ်တွင် သူမ၏အမျိုးသားမှ အဖမ်းခံရပြီးမကြာခင်မှာပင် အမျိုးသား ၂ ဦး Ah Nan အိမ်သို့ လာပြီး သူမအား မုဒိမ်းပြုကျင့်ခဲ့သည်။ ထိုအမျိုးသားတို့သည် ရဲအဖွဲ့ဝင်များဖြစ်သည်ဟု သူမ ယုံကြည်သည်။ အမျိုးသား ၂ ဦးထဲမှ တစ်ဦးသည် အသက် ၂၀ အရွယ်လောက်သာ ရှိမည်ဖြစ်ပြီး ဂျင်းဘောင်းဘီနှင့် အနက်ရောင် ရှပ်အင်္ကျီဝတ်ထားသည်။ ပိုပြီးအသက်ကြီးသူတစ်ဦးမှာ ရဲဝန်ထမ်း များ အမြဲဝတ်ဆင်လေ့ ရှိသည့် ဘောင်းဘီရှည်ကို ဝတ်ထားပြီး ဦးထုပ်ဆောင်းထားသည်။

"အမျိုးသား ၂ ယောက် ကျမအိမ်ကိုလာတယ်။ ကျမက သံဘားတန်းနဲ့ အိမ်တံခါးကို ပိတ်ထားတယ်။ ဒါပေမယ့် သူတို့က အားကုန်သုံးပြီး အတင်းဆွဲဖွင့်တယ်။ အရင်တုန်းကဆိုရင် ကျမ ယောက်ျားက ရွာသူကြီးဆိုတော့ ကျမတို့မှာ ဧည့်သည်တွေအများကြီးရှိတယ်။ ကျမတို့ရဲ့ မိတ်ဆွေတွေထဲက တယောက်ယောက်က ဒုက္ခရောက်လို့ လာကြတယ်ထင်ပြီး ကျမကတံခါးဖွင့်ပေးလိုက်မိတယ်။"

"အလင်းရောင်အများကြီးမရှိတော့ သူတို့ကို ကျမကောင်းကောင်းမမြင်ရဘူး။ သူတို့ဝင်လာတဲ့ အချိန် မှာ တော့ သူတို့ဟာ ကျမ ယောက်ျားအဖမ်းခံရတဲ့ကိစ္စနဲ့ လာတဲ့ရဲတွေလို့ကျမထင်ခဲ့တယ်။ တယောက် က အိမ်ထောင့် နံရံမှာ ထိုးထားတဲ့ ဓါးမြောင်ကို ယူထုတ်လိုက်တယ်။ ပြီးတော့ ကျမရဲ့ လုံချည်ကို ချွတ်ဖို့ပြောတယ်။ ဘောင်းဘီကြပ်အပါအဝင် ကျမ အထဲခံကို ၃ ထပ်လောက် ဝတ် ထားတာ။ ကျမကို စစ်ဆေးချင်တယ်ဆိုရင်တောင် အခုလို မလုပ်သင့်ကြောင်း ကျမသူတို့ကို ပြောခဲ့ တယ်။ ဒါပေမဲ့ သူတို့ ကျမစကားကို နားမထောင်ခဲ့ဘူး။"

အသက်ကြီးသော အမျိုးသားက Ah Nan အားဓါးဖြင့် ခြိမ်းခြောက်ခဲ့သည်။ သူမကို ကြမ်းပြင်ပေါ် တွန်းလှဲပြီး လိင်ပိုင်းဆိုင်ရာ စော်ကားမှုများပြုလုပ်ပြီး မုဒိမ်းကျင့်ခဲ့သည်။

"ကျမအော်ဖို့ကြိုးစားခဲ့ပေမယ့် သူဆောင်းထားတဲ့ ဦးထုပ်နဲ့ ကျမရဲ့ ပါးစပ်ကို ရိုက်တယ်။ နောက်နေ့တွေအထိ ဒဏ်ရာက နာနေခဲ့တယ်။ ကျမ တိတ်တဆိတ်ပဲ ဘုရားဆုတောင်းနေလိုက် တယ်။ ပြီးတော့ အသက် ၂၀ လောက်ပဲ ရှိသေးတဲ့တယောက်က ဆက်ပြီး မုဒိမ်းကျင့်တယ်။ သူတို့ တွေရဲ့ ကိစ္စဝိစ္စပြီးတော့ ဆိုင်ကယ်ကိုတွေ့တာနဲ့ ကျမရဲ့ ဆိုင်ကယ်လားလို့မေးတယ်။ ပြီးတော့ ဆိုင်ကယ်ကို ယူပြီး ထွက်သွားတယ်။"

ကျူးလွန်သူများအားဖော်ထုတ်ရန်ကြိုးစားခဲ့သည့် Ah Nan အား အာဏာပိုင်များက သူမအား အပြစ် တင်ခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

"အာဏာပိုင်တွေက အော်ပြီးတော့ ကျမကိုမေးတယ်။ ဘယ်မှာဖြစ်တာလဲ၊ ဘယ်သူလုပ်တာလဲ။ ဒါပေမဲ့ ကျမက မကြောက်ပါဘူး။ ဖြစ်ခဲ့တဲ့ တကယ့်အဖြစ်အပျက်တွေကို ကျမကြိုးစားပြီး သူတို့ကို ပြောပြတယ်။ သူတို့ အရမ်းဒေါသထွက်သွားတယ်။"

Ah Nan သည် ခိုးယူသွားခံရသော ဆိုင်ကယ် ပြန်ရရန် ကြိုးစားဆောင်ရွက်နေစဉ် စိုးရိမ်ပူပန် လျှက်ရှိသည်။ ကျန်းမာရေးမကောင်းသည့်အတွက် ထိုဆိုင်ကယ်မရှိပါက တောင်နံရံတွင်ရှိသော တောင်ယာသို့ သွားရသည်မှာ မိသားစုအတွက် အလွန်ခက်ခဲသည်။



လက်ရှိအနေအထားတွင် Ah Nan သည် မိခင်နှင့် ယောက္ခမ၏အကူအညီသာရှိသည့်အတွက် တောင်ယာအလုပ်နှင့် ကလေး ၄ ဦးအား ကြည့်ရှုစောင့်ရှောက်ရန် အရမ်းခက်ခဲနေသည်။

သူမအားစော်ကားခဲ့သူ ၂ ဦးအား ဆက်လက်ရှာဖွေဖော်ထုတ်နေသော်လည်း မည်သည့်နေရာတွင် ရှိနေသည်ကို ယခုတိုင် မသိရှိရသေးပေ။ လူထုအခြေပြုအဖွဲ့အစည်းများ၏ အကူအညီဖြင့် သက်ဆိုင် ရာ အာဏာပိုင်တို့ထံ အယူခံစာတစ်စောင်တင်ခဲ့သည်။ အပြုသဘောဆောင်သော မည်သည့် တုန့်ပြန်မှုမှ မရရှိသော်လည်း ခြိမ်းခြောက်မှုတို့နှင့်သာ ရလဒ်အဖြစ် ရင်ဆိုင်နေရသည်။ အန္တရာယ်များ နှင့်၊ ခြိမ်းခြောက်မှုများရှိနိုင်သော်လည်း သူမ၏ အမှုကိစ္စအတွက် တရားမျှတမှုရရန် ကြိုးပမ်းအား ထုတ်လိုသည်ကို တွေ့ရသည်။

Ah Nan သည် အကြမ်းဖက်မှုတို့ကို တွေ့ကြုံခံစားခဲ့ရပြီး ထုတ်ဖော်ပြောဆိုရန် ကြောက်ရွံ့နေသော အခြားအမျိုးသမီးများကိုယ်စား အမှန်တရားကို ထုတ်ဖော်ပြောလိုက်သည်။



# ချိုချိုအေး

နိုင်ငံရေးအကျဉ်းသားအဖြစ် ထိန်းသိမ်းခံရသူ

ချိုချိုအေးသည် အသက် ၅၀ အရွယ်အမျိုးသမီးတစ်ဦးဖြစ်ပြီး အမျိုးသမီးအခွင့်အရေးလှုပ်ရှားနေသူဖြစ် ပြီး  အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ အိမ်ထောင်ရှိပြီး သမီး ၂ ဦး၊ မြေးမလေး ၃ ဦးနှင့် သားမြေး ၁ ဦးတို့နှင့်အတူ ကုန်ပစ္စည်းများရောင်းပြီး မိသားစုရပ်တည်ရေးအတွက် ပံ့ပိုးနေ ရသည်။ သူမ၏ ဖခင်မှာ ၁၉၇၉ ခုနှစ်တွင် ကွယ်လွန် အနိစ္စရောက်ခဲ့သည်။

ချိုချိုအေးသည် ၁၉၈၈ အရေးအခင်းတွင် ပါဝင်ခဲ့ပြီး သူမနိုင်ငံရေးတွင် စတင်ပါဝင်လာခဲ့သော အခြေအနေတို့ကို ယခုကဲ့သို့ရှင်းပြခဲ့သည်။

"ကျမနိုင်ငံရေးနယ်ပယ်ထဲကိုဝင်လာတာက နိုင်ငံရေးကို နားလည်လို့တော့မဟုတ်ဘူး။ မတရားတာတွေကို အဆုံးသတ်စေချင်လို့ ဝင်ခဲ့တာပါ။"

ချိုချိုအေးသည် ရွှေတိဂုံဘုရားတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားနိုင်ငံရေးအကျဉ်း သားများလွတ်မြောက်ရန်အတွက် ၂၀၀၄ ခုနှစ်တွင် အင်္ဂါနေ့တိုင်း ဆုတောင်းပွဲများပြုလုပ်ခဲ့သည်။ ကုလသမဂ္ဂအဆောက်အဦးရှေ့တွင် ဆန္ဒပြခဲ့ပြီး ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ ဝန်ကြီးချုပ် စိုးဝင်းနှင့် စစ်အစိုးရအား ရှုတ်ချသည့် အနှစ်သာရမရှိသော ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်သည်ထက် တိကျသော အရေးယူမှုများလုပ်ဆောင်ရန် ဖိအားပေးတောင်းဆိုခဲ့သည်။ စိုးဝင်းသည် ဒေါ်အောင်ဆန်းစုကြည်အား လုပ်ကြံရန်ပစ်မှတ်ထားပြီး ၂၀၀၃ ခုနှစ် မေ ၃၀ တွင် ဒီပဲယင်း အကြံဖက်လုပ်ကြံမှုကို ကျူးလွန် သူဖြစ်ပြီး လက်နက်မဲ့ အပြစ်မရှိသော NLD အဖွဲ့ဝင်တို့ကို သတ်ဖြတ်ခဲ့ရာတွင် စီစဉ်သော နေရာ၌ တာဝန်ရှိသော သူဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ၈၈ မျိုးဆက်သစ်အဖွဲ့ ဖွဲ့စည်းစဉ်တွင် ပါဝင်ခဲ့သည်။ သူမသည် ဘုန်းကြီးများဦးဆောင်သော ရွှေဝါရောင်တော်လှန်ရေး လမ်းလျှောက် ချီတက်ပွဲတွင် ပါဝင်ခဲ့သောကြောင့် ၂၀၀၉  ခုနှစ်တွင်ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသည်။ သူမကို ထောင်သို့ ပို့ခဲ့ပြီး ထောင်သွင်းအကျဉ်းချခံရ သည့်အချိန်တွင် သူမသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ် စက်မှုတို့ကို ကြုံတွေ့ခံစား ခဲ့ရသည်။

"ကျမတို့ကို စစ်ကြောရေးစခန်းကိုခေါ်လာပြီး ၃ ည နဲ့ ၁ ရက် ပေးမအိပ်ဘူး။ စစ်ဆေးမေးမြန်းဖို့အတွက် ကုလားထိုင်ပေါ်မှာထိုင်ခဲ့ရတယ်။"

ချိုချိုအေးသည် ထောင်ထဲတွင် အလွန် ကြမ်းတမ်းသော အခြေအနေနှင့် ရင်ဆိုင်ခံစားခဲ့ရခြင်းကြောင့် သူမ၏ ကျန်းမာရေးအားထိခိုက်လာသည့်အတွက် ကျန်းမာသန်မာနေရန်အတွက် သူမကြိုးစားရုန်း ကန်ခဲ့ရသည်။

"ကျမသေသွားနိုင်တယ်။ သေသွားမယ်ဆိုရင်လည်း မနက်တံခါးလာဖွင့်မှပဲ သူတို့သိလိမ့်မယ်။ ဘယ်သူမှ မသိနိုင်ဘူး။ ဒီအတွက် ကျမသေလို့မရဘူး။ ကျမကို တစ်ခါပဲ သူတို့အနိုင်ယူလို့ရမယ်။"

ထောင်မှ လွတ်မြောက်လာပြီးနောက် ချိုချိုအေးသည် နိုင်ငံရေးတွင် ဆက်လက်ပါဝင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ အသတ်ခံခဲ့ရသည့် ဒီပဲယင်းလုပ်ကြံ သတ်ဖြတ် မှုအား စုံစမ်းစစ်ဆေးရန် ဒီပဲယင်းကွန်ယက်ကို စတင်ဖွဲ့စည်းခဲ့သည်။  ထို့အပြင် အမျိုးသမီးငြိမ်း ချမ်းရေးနှင့် ဒီမိုကရေစီကွန်ယက်ကို တည်ထောင်ခဲ့သည်။

နိုင်ငံရေးအကျဉ်းသားဟောင်းအဖြစ် ထောက်ပံ့ကြေးအနည်းငယ်သာရရှိခဲ့ပြီး အခြားအကူအညီများ ရရှိနိုင်မည့် အခွင့်အလမ်းများကိုလည်း သိရှိမနေပေ။ ရွှေဝါရောင်တော်လှန်ရေး လှုပ်ရှားမှုကာလတွင် အရိုက်ခံခဲ့ရသည့်အတွက် ၂ ကြိမ်တိုင် ခွဲစိတ်ကုသမှုကိုခံခဲ့ရပြီး ခါးအောက်ပိုင်း နာကျင်ခြင်း ဝေဒနာကို ဆက်လက်ကုသနေရသည်။

"ကျမတို့ ဘုန်းကြီးကို အစားအသောက် ကပ်လှူတဲ့အတွက် သူတို့ ကျမတို့ကို ထောင်ထဲကိုပို့တယ်။ ဒီလိုလုပ်တဲ့အတွက် သူတို့ကို ကျမတို့က မကောင်းဆိုးဝါးလို့ပဲမြင်တယ်။ ဒီမကောင်းဆိုးဝါးကောင်တွေက ကျမတို့ကို မတရားဆက်ဆံတယ်။ ဒါကြောင့် ကျမသေခဲ့မယ်ဆိုရင် ကျမဟာ အရှုံးသမားဖြစ် သွားမှာပေါ့။ ဒီလိုတော့ ကျမအဖြစ်မခံနိုင်ဘူး။ ကျမစိတ်တွေကို ထိန်းချုပ်ပြီး "ကျမသေလို့မရဘူး။ အသက်ရှင်နေတာဟာ သူတို့ကို အနိုင်မခံ အရှုံးမပေးတာပဲ။" ကျမတို့ အသက်ရှင်နေတဲ့အတွက် သူတို့ကို ပြန်ပြီး ခုခံတိုက်ပွဲဝင်နေတဲ့သဘောပါပဲ။"



# Dashi Tawm

ကချင်

ထက်မြတ်သော၊ ပညာတတ်ပြီး မိမိကိုယ်ကို ယုံကြည်မှုရှိသော Dashi Tawn သည် ဆရာမဖြစ်ခဲ့ဖူးသည်။ အကြိမ်ပေါင်းများစွာ ပြောင်းရွှေ့နေထိုင်ရခြင်း၊ စစ်ပြေးရှောင်စခန်းတွင်နေထိုင်ပြီး အားကိုးစရာ အဓိက ဝင်ငွေရှာ သူ ဘုရားကျောင်းမှ လူငယ်ခေါင်းဆောင်ဖြစ်သူ သူမ၏သားမရှိခြင်းကြောင့် အသက်ရှင်ရပ်တည်ရန်အတွက် သူမ တစ်ဦးတည်းသာရုန်းကန်ခဲ့ရသည်။ သူမ၏ သားသည် KIA စစ်သားမဟုတ်သော်လည်း KIA အတွက် အလုပ်လုပ်ပေးရင်း ပျောက်သွားခြင်းဖြစ်သည်။

သူမသားပါဝင်သော အဖြစ်အပျက်ဖြစ်ခဲ့သည်မှာ နိုဝင်ဘာလ ၂၀၁၁ ခုနှစ်တွင်ဖြစ်ပြီး ရွာအနီးတွင်ရှိသော KIA ၏ရှေ့တန်းထိန်းချုပ်ရာနေရာကို

မြန်မာစစ်တပ်မှ သိမ်းပိုက်လိုက်သည့်အချိန်ဖြစ်သည်။ နောက်တစ်မနက်တွင် Dashi Tawn တို့၏ရွာမှ ရွာသားများအား အလျင်အမြန်ထွက်ခွာခိုင်းခဲ့သည်။ Dashi Tawn သည် သူမသား မည်သည့်နေရာ တွင်ရှိနေသလဲဆိုသည်ကို မသိရသေးခင် ယင်းနေရာမှ သူမ သားမပါပဲ ထွက်ခွာခဲ့ရသည်။ သူမသည် အလွန်အမင်း စိတ်သောကရောက်ခဲ့ရသည်။

သူမ၏ သားပျောက်သွားသည့်နေ့တွင် သူသည် KIA စစ်သားတို့၏ ရိက္ခာတို့အား ၎င်း၏ ဆိုင်ကယ်ဖြင့် သယ်ပို့နေခြင်းဖြစ်သည်။ ကျောက်စိမ်းကုမ္ပဏီအနီး အင်မတန် အန္တရာယ်များသောနေရာမှ ဖြတ်သွားရခြင်း ဖြစ်သည့်အတွက် ပစ်ခတ်မှုထဲတွင် ရောက်ရှိသွားရခြင်းဖြစ်သည်။ သို့သော်လည်း ဖြစ်သွားခဲ့သည့် အမှန်တရား ကို ရှာဖွေရန်ကြိုးပမ်းအားထုတ်ခြင်း၊ သူ၏ အလောင်းအားရှာဖွေခြင်း စသည်တို့ကို ယခုအထိ စီစဉ်ဆောင်ရွက် မှုများ ဖြစ်ထွန်းခဲ့ခြင်း မရှိသေးပေ။

သူမသားကိစ္စနှင့်ပတ်သတ်ပြီး အဖြစ်အပျက်တို့ကို သိရှိစေရန် KIA စစ်သားများထံ သွားရောက်မေးမြန်းရာတွင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ နောက်ဆုံးတွင် သူမ၏သားနှင့်သူငယ်ချင်းမှ မြန်မာစစ်တပ်များအခြေချရာ နေရာသို့ ဖြတ်သန်းသွားမိသည့်အတွက် ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု သူမအား ပြောပြခဲ့သည်။ KIA သည် အခြေအနေတို့အားစုံစမ်းနိုင်ရန်အတွက် ၎င်းတို့၏ တပ်သားများနှင့်အတူ Dashi Tawn ၏ နောက်ထပ်သား တစ်ဦးတို့သည် အခင်းဖြစ်ပွားခဲ့သောနေရာသို့ သွားခဲ့သော်လည်း အရမ်းကို အန္တရာယ်များသည့်အတွက် နောက်ပြန်ဆုတ်လာခဲ့ရသည်။

"ဒီလိုဇာတ်လမ်းတွေက အများကြီးပါပဲ။ ကျမသားမှာ စစ်ယူနီဖောင်းမရှိပါဘူး။ သူတို့ပြောတာကတော့ ကျမသားအသတ်ခံရတာက စစ်ယူနီဖောင်းဝတ်ထားလို့တဲ့။ ဒါက လုံးဝမဖြစ်နိုင်ပါဘူး။"

Dashi Tawn သည် သူမ၏ သားအလောင်းအား ရှာဖွေနိုင်ခြင်းမရှိပေ။ အဖြစ်မှန်နှင့်ပတ်သတ်ပြီး သိခွင့်မရ သည့်အတွက် စိတ်မကောင်းဖြစ်မိသည်။ သူမသား၏ သေဆုံးမှုသည် တိတ်တဆိတ်နှင့်သာ ပြီးဆုံးသွားခဲ့သည်။

ဆိုင်ကယ်အတွက် လျော်ကြေးများပြန်ရရန် မည်သည့်နေရာကမှ အကူအညီများမရရှိသည့်အတွက် သူမ ဝမ်းနည်းနေမိသည်။ နောက်ဆုံးတွင် သူမတို့မိသားစုသည် အရင်းအမြစ်ပေါင်းစုံမှ ငွေကြေးအကူအညီများ ရရှိခဲ့သည်။

လက်တလောတွင် Dashi Tawm သည် သူမ၏ မူရင်းအိမ်သို့ပြန်သွားခဲ့ပြီး သူမတို့ ပိုင်ဆိုင်သော ဥစ္စာပစ္စည်းတို့မှာ မြေပြိုခြင်းနှင့် တိုက်ခိုက်လုယူခံရသောကြောင့် ပျောက်ဆုံးကုန်ပြီးဖြစ်သည်။ သူမ၏အိမ်မှာ ဖျက်ဆီးထားခံရပြီး အိမ်ထောင်ပရိဘောဂတို့ မရှိတော့သည်ကို တွေ့ရသည်။ ကျောင်းသုံးစာအုပ်များ၊ စာသင် အထောက်အကူပြု ပစ္စည်းများမှာ ဆုတ်ဖြဲထားခံရပြီး သူမတို့ မိသားစု အဝတ်အစားများမှာ ကြမ်းပြင်ပေါ်တွင် ပျံ့ကျဲနေခဲ့သည်။

> စစ်သားတွေအားလုံးမှာ ကိုယ်ပိုင်နံပါတ်တွေရှိတယ်။ ဒါပေမဲ့ ကျမသားမှာတော့ ရှိမှာမဟုတ်ဘူး။ ဘာလို့လည်း ဆိုတော့ သူက စစ်သားတစ်ယောက်မဟုတ်လို့ပဲ။ စစ်သားတယောက် ကျသွားပြီးဆိုရင် ပြည်သူ့အတွက် အသက်ပေး စွန့်လွှတ်သွားတဲ့သူတွေအဖြစ် သမိုင်းမှတ်တမ်းတင်ထားကြတယ်။ ကျမသားကျတော့ သေသွားတဲ့ အချိန်အထိ တာဝန်ထမ်းဆောင်သွားခဲ့ပေမယ့် ဒီလိုအသိအမှတ်အပြုမခံရဘူး။

ယခုအခါတွင် Dashi Tawn သည် စစ်ပြေးရှောင်စခန်းအနီးတဝိုက်တွင် ဝက်နှစ်ကောင်မွေးထားပြီး တောင်နံရံ တွင် ရှိသော သူငယ်ချင်း၏ တောင်ယာထဲတွင် ပြောင်းဖူးစိုက်ရန် စီစဉ်ထားသည်။ သူမ၏ သားကြီးသေဆုံးသွား သော်လည်း သူမ၏ နောက်ထပ်သားနှစ်ယောက်မှာ အသက်ရှင်စွာရှိနေသည့်အတွက် သူမသည် ကံကောင်း သူဖြစ်သည်ဟု ထင်မြင်မိသည်။ သူမသားကြီးနှင့်ပတ်သက်ပြီး သူမပြောခဲ့သည်မှာ "ကျမသားကို ဘယ်တော့မှ မမေ့ဘူး။ သူက လူကောင်းဖြစ်တယ်။ ကြင်နာတတ်တယ်။ ပြီးတော့ မိသားစုကို ရှာဖွေကျွေးနေသူဖြစ်တယ်။ မိသားစုအတွက် သူ့အလုပ် ပြင်းပြင်းထန်ထန်လုပ်ခဲ့တယ်။ ကျမတို့ကလည်း သူ့ဝင်ငွေအပေါ်မှာ မှီခိုကြရတယ်။"



# Doi Ra

ကချင်

Doi Ra သည် နှစ်ပေါင်းများစွာ ရှုန်းကန်ခဲ့ရပြီး ဆင်းရဲဒုက္ခတွေ အားလုံးကို ကြုံတွေ့ခဲ့ရသော်လည်း စစနောက်နောက်နေတတ်သည့် ဟာသဉာဏ် ရှိနေဆဲဖြစ်သည်။ သူမတွင် ကလေး ၃ ဦးရှိပြီး KIA တွင် တာဝန်ထမ်းဆောင်ရန် တပ်သားအဖြစ် စုဆောင်းခံခဲ့ရသည်။ သား ၂ ဦးမှာ ကျဆုံးသွားပြီးဖြစ်သည်။

မအောင်မြင်သော အကျဉ်းသားများလဲလှယ်ခြင်းအစီအစဉ်ကြောင့် သူမ၏ သားငယ်အား မြန်မာစစ်တပ်မှ ညှဉ်းပမ်းနှိပ်စက်ပြီး သတ်ဖြတ်ခဲ့သည့်အတွက် စိတ်ဒဏ်ရာ ရရှိခဲ့သည်။ အပစ်ခတ်ရပ်စဲထားသည့်ကာလအ တွင်း KIA တပ်သားဖြစ်သူ သူမ၏သားငယ်မှာ မြန်မာတပ်မတော်၏

ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ သူမ၏ သားအား  KIA ကို လွှဲပေးခြင်းထက် အကျီနှင့်လက်နက်ကိုသာ ပေးအပ်ခဲ့သည်။ ထို့နောက် သူမ၏ သားငယ် သည် ရိုက်နက်နှိပ်စက်ခံရပြီး အသတ်ခံခဲ့ရသည်ဟု သိရှိခဲ့သည်။ ဤအဖြစ်အပျက်ကြောင့် ၁၇ နှစ်ကြာ အပစ်ခတ်ရပ်စဲရေးအား ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ပျက်စီးစေခဲ့သည်။

Doi Ra သည် သူမ၏သားငယ် ဆုံးပါးပြီးနောက်ပိုင်း အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သူမ၏ သားကြီးမှာ ၁၉၉၄ ခုနှစ်တွင် ကျဆုံးခဲ့ပြီးဖြစ်သည်။ သူမ၏မိသားစုနှင့် တောင်ယာစိုက်ပျိုးရေး တို့ကို ဆက်လက် ထိန်းသိမ်း လုပ်ဆောင်နိုင်ဖို့အတွက် အရမ်းကို ခက်ခဲခဲ့သည်။

"ကျမအရမ်းဝမ်းနည်းတယ်၊ ဘာမှမရှိတော့သလိုလည်းခံစားရတယ်။ တစ်ပတ်ကို အရက် ၄ ပုလင်း ၅ ပုလင်း လောက်သောက်ပြီး ကျမရဲ့ ခံစားနေရတဲ့ နာကျင်မှုတွေကို ကြိုးစားပြီး ကုစားတယ်။ ညတိုင်း အရက်တစ်ပုလင်း လောက်သောက်မှ အိပ်လို့ပျော်တယ်။ ဘုရားကျောင်းက ခေါင်းဆောင်တွေလာပြီး ကျန်းမာရေးထိခိုက်မှုစိုးပြီး အရက်မသောက်တော့ဖို့ ကျမကို လာပြောပါတယ်။ သူတို့တွေ ကျမအတွက် ဆုတောင်းပေးကြတယ်။ တဖြည်းဖြည်းနဲ့ ကျမစဉ်းစားလာမိတာကတော့ ကျမ အရက်တွေမသောက်သင့်တော့ဘူး။ ဘာလို့လည်းဆို တော့ ကျမရဲ့ ကလေးတွေက အရမ်းငယ်နေသေးတယ်။ သူတို့ကို ပညာသင်ပေးရဦးမယ်ဆိုတာကို ကျမသိနေ တယ်။

နောက်ဆုံးတွင် Doi Ra သားသေဆုံးမှုအတွက် သင့်လျော်သော စာပနကို KIA မှပြုလုပ်ပေးပြီး အလှူငွေ ကျပ် ၂၀၀,၀၀၀ လက်ခံရရှိခဲ့သည်။ သို့သော်လည်း သူမသားအတွက် တရားမျှတမှုမရရှိသေးသည့်အတွက် သူမ ဒေါသ ဖြစ်မိသည်။ "မြန်မာစစ်တပ်က ကျမတို့ကို လိမ်လ ည်လှည့်စားမှုတွေလုပ်နေပြီးတော့ ကျမတို့ကချင် တွေကတော့ အမြဲတမ်း ဒုက္ခဆင်းရဲတွေနဲ့ ကြုံတွေ့နေရတယ်။ ကျမသား ဘယ်လိုအသတ်ခံရသလဲဆိုတာ ဘယ်ဘက်ခြမ်းကမှ မပြောပြကြဘူး။ ဒါကြောင့် ကျမသားကို ဘယ်သူသတ်လိုက်သလဲဆိုတာ ကျမ မသိဘူး။ နေ့ပေါင်းများစွာ သတင်းတွေလိုက်ဖတ်နေပေမယ့် အမှန်တကယ် ဘယ်လိုဖြစ်သွားသလဲဆိုတာ မဖော်ထုတ်နိုင် ခဲ့ဘူး။"

Doi Ra သည် ပုပ်သိုးနေပြီးဖြစ်သည့် သူမ၏သား ရုပ်အလောင်းအား ပြန်လည်တောင်းယူခြင်း မလုပ်လိုက်နိုင် ပေ။ သူမ၏သားသည် နေ့များစွာကတည်းက အသတ်ခံရပြီး ဖြစ်သည်ဟု သူမယူဆသည်။ ယခုအချိန်တွင် သူမ သည် မိသားစု စားဝတ်နေရေးအတွက် ပြောင်းဖူးစိုက်ခြင်းနှင့် ကြက်၊ ဝက်မွေးမြူရေးတို့ကို လုပ်ဆောင် နေသည်။ သူမတွင် စပါး စိုက်ပျိုးသော တောင်ယာခြံရှိသော်လည်း သူမ၏ သားတစ်ဦးမှာ ခြေထောက် မသန်စွမ်းသလို သူ၏ ဇနီးမှာလည်း လုံလောက်သည့် ခွန်အားရှိမနေသည့်အတွက် ယာလုပ်ငန်းကို လုပ်ကိုင်နိုင် ခြင်းမရှိပေ။

Doi Ra သည် ဝမ်းဗိုက်ပိုင်းနာကျင်ခြင်းနှင့် သောကဖိစီးမှုဝေဒနာတို့ကို ခံစားနေရသည်။ သူမသည် အားအင် လျော့နည်းပြီး ယခင်ကကဲ့သို့ အလု ပ်လုပ်နိုင်ခြင်းမရှိတော့သော်လည်း အခြားအကြမ်းဖက်မှုမှ အသက်ရှင် လွတ်မြောက်လာသူ ကရင်အမျိုးသမီးများနှင့်တွေ့ပြီးနောက်ပိုင်း ရင်ဆိုင်သွားရန် အားပေးမှုများရရှိခဲ့သည်။

"အဲ့ဒီနောက်မှာတော့ ကျမကိုယ်ကျမ ကြိုးစားပြောင်းလဲခဲ့တယ်။ နေ့နေ့ညည ဆုတောင်းခြင်းနဲ့ ကျမရဲ့ အချိန် တွေကို ကုန်ဆုံးစေခဲ့တယ်။ ကျမရဲ့သားတွေဟာ နိုင်ငံနဲ့ ပြည်သူတွေအတွက် အသက်ပေးခဲ့တာဖြစ်တယ်ဆိုပြီး ကျမကိုယ်ကျမ စိတ်သက်သာရာ ရအောင် ကြိုးစားပြီး ဖြေတွေးတယ်။ ဒီအခြေအနေတွေကနေပြီးတော့ ရုန်း ထွက်နိုင်ဖို့အတွက် ကျမအမြဲတမ်းဆုတောင်းခဲ့တယ်။ ဒါမှလည်း ကျမရဲ့ မြေးတွေ၊ သမီးတွေကို ကို စောင့်ရှောက်နိုင်မှာပေါ့။ ကျမဆုတောင်းနေတဲ့အချိန်ဆိုရင် စိတ်ပိုတည်ငြိမ်တယ်။"



# Hkawn Lum

ကချင်

Hkawn Lum သည် KIA နှင့် မြန်မာ့တပ်မတော်တို့ကြား တိုက်ပွဲဖြစ်ပွားစဉ် ၎င်းတို့ကျေးရွာအား ကာကွယ်ရန် နောက်ချန် နေခဲ့သော သူမ၏ ခင်ပွန်းအား ဆုံးရှုံးခဲ့ရသည်။ သူမတို့သည် နှစ်ပေါင်း ၄၀ ကြာပေါင်းသင်း လာခဲ့ သူများဖြစ်သည်။ Hkawn Law သည်လည်း ဒဏ်ရာ ပြင်းပြင်းထန်ထန်ရရှိခဲ့သည်။ Hkawn Lum ၏ ရွာသည် မြို့နယ်တစ်ခုတွင် ပါဝင်ပြီး ထိန်းချုပ်ရန်အတွက် သင့်လျော်သော မြင်ကွင်းများရှိသည်။ သူမသည် အကြိမ်များ စွာပြောင်းရွှေ့ခဲ့ရပြီး သူမပိုင်ဆိုင်သော ပစ္စည်းများလည်း ဆုံးရှုံးခဲ့ရသည်။ လက်ရှိတွင် သူမသည် စစ်ပြေးရှောင် စခန်းတစ်ခုတွင် နေထိုင်လျှက်ရှိသည်။

သူမ၏ မွေးရပ်မြေ၌ နေထိုင်စဉ်ကာလအတွင်း Hkawn Lum တို့မိသားစုသည် အောင်မြင်သော လယ်သမားများဖြစ်ကြပြီး ကျွန်းအိမ်နှင့် နေထိုင်နိုင်ခဲ့သည်။ ယင်းအိမ်အား ဆောက်လုပ်ရာတွင် အချိန်များစွာ ယူခဲ့ရပြီး အပစ်ခတ်ရပ်စဲရေးကာလ ၂၀၀၄ ခုနှစ်တွင်သာ ပြီးစီးနိုင်ခဲ့သည်။

ပစ်ခတ်တိုက်တိုက်မှုများ ပြန်ဖြစ်သည့်အတွက် ထွက်ပြေးနေစဉ်အတွင်း သူမ၏ ဒဏ်ရာ ရရှိခဲ့သည်။ သူမတို့မွေးမြူထားသော တိရိစ္ဆာန်များနှင့် တန်ဖိုးရှိ ပစ္စည်းတို့ကို ချန်ထားခဲ့ရသည်။ ပစ်ခတ်မှုများ ရပ်သွားသော အချိန်တွင် သူမနှင့်ဆွေးမျိုးများမှာ ကျန်ရှိနေသေးသည့် ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာတို့ကို ယူရန်နှင့် ယာလုပ် ငန်းတို့ကို ဆက်လုပ်ရန်အတွက် ရွာထဲသို့ ပြန်ဝင်ခဲ့သည်။ KIA တပ်သားများဖြစ်နေသည့် သူမ၏ သားများမှာ သီးနှံများရိပ်သိမ်းခြင်းတွင် ခဏတာ လာရောက်ကူညီခဲ့သော်လည်း သူမနှင့် သူမခင်ပွန်းကသာ တောင်ယာ လုပ်ငန်းတစ်စုံလို့ကို အပင်ပမ်းခံလုပ်ဆောင်ခဲ့ရသည်။ ထိုအချိန်တွင် Hkawn Lum ၏လက်တွင် ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သည့်အတွက် အလုပ်လုပ်ရာတွင် ခက်ခဲခဲ့သည်။ ထိုနေရာ၏ အခြေအနေတို့မှာ ဆိုးရွား အန္တရာယ်များနေဆဲဖြစ်သည်။

"မြန်မာစစ်သားတွေက လူတွေကို သတ်ဖြတ်တာ အမျိုးသမီးတွေကို မုဒိမ်းကျင့်တဲ့ အဖြစ်အပျက်တွေ ကြားသိ တဲ့ နောက်မှာ ကျမတို့ကို ထွက်သွားဖို့ ရွာသားတွေက သတိပေးကြတယ်။ ကျမသားလည်း ကျမတို့ကို မြန်မြန် ထွက်သွား ဖို့ပြောတယ်။ ဒါပေမဲ့ ကျမယောက်ျားနဲ့ သူ့ရဲ့ ညီကတော့ ရွာကနေ ချက်ခြင်းထွက်မသွား လိုက်နိုင် ဘူး။ စပါးခင်းနဲ့ ကျွဲ၊ နွားတွေကို စောင့်ကြည့်ဖို့ ကျန်နေခဲ့တယ်။"

Hkawn Lum နှင့် သူမ၏ဆွေမျိုးများမှာ ဘေးကင်းလုံခြုံသော နေရာသို့ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ သို့သော် ၁၁ ရက်ကြာပြီးနောက်တွင် သူမ၏ အမျိုးသား သေဆုံးသည့် သတင်းကို ကြားခဲ့ရသည်။

"ယာထဲကို ပြန်သွားတဲ့လမ်းမှာ ကျမယောက်ျားတို့က မြန်မာစစ်သားတွေရဲ့ ချောင်းမြောင်းတိုက်ခိုက်တာကို ခံလိုက်ရတယ်။ ကျမယောက်ျားက ဗိုက်မှာ အပစ်ခံရတယ်။ ရွာသားတွေနဲ့ အမျိုးတွေက သူ့ရဲ့အလောင်းကို တွေ့တဲ့အချိန်မှာ သူ့ဆီမှာ မျက်လုံးတစ်လုံးနဲ့ နားတစ်ဖက်ပဲ ကျန်တော့တယ်။ မြန်မာစစ်သားတွေက သူ့ကို အရင်ပစ်သတ်လိုက်တယ်လို့ မှန်းဆလို့ရတယ်။ ဒါပေမဲ့ သူ ချက်ခြင်းမသေဘူး။ ဒီတော့ မြန်မာစစ်သားတွေက ဓါးမြောင်သုံးပြီး သူ့ကို ညှဉ်းပမ်းနှိပ်စက်ခဲ့တယ်ထင်ပါတယ်။ ရွာသားတွေပြောပြတာကတော့ ကျမယောက်ျားရဲ့ ဓါးမြောင်ကို သူ့အလောင်းဘေးမှာ တွေ့ရတယ်တဲ့။"

"နစ်လလောက်ဟာ ကျမဘာမှ မစဉ်းစားနိုင်ဘူး။ ကျမအရမ်းကို တုန်လှုပ်မိတယ်။ ဘာမှလည်း မစဉ်းစား ချင်ဘူး။ အရင်ကထက် သူ့ကို ကျမပိုချစ်သလိုခံစားမိတယ်။ ကျမယောက်ျားမရှိတော့တဲ့အိမ်ကို ကျမ မပြန်ချင် တော့ဘူး။ ကျမရဲ့ ခဲအိုနဲ့ ဆွေမျိုးတွေကိုတော့ ကျမ ဒီစစ်ပြေးရှောင်စခန်းမှာပဲ ခေါင်းချတော့မယ်လို့ပြောလိုက် တယ်။"

စခန်းထဲတွင် နေရသောဘဝသည် လွန်စွာခက်ခဲသည်။ Hkawn Lum သည် သူငယ်ချင်း၏ တောင်ယာတွင် အလုပ်လုပ်ခြင်းနှင့် တိရိစ္ဆာန်များမွေးမြူခြင်းတို့ဖြင့် အချိန်ကို ကုန်ဆုံးစေခဲ့သည်။ ရရှိခဲ့သည့် ဒဏ်ရာကြောင့် သူမ၏လက်သည် ယခုတိုင် နာကျင်နေဆဲဖြစ်သည်။

"မိမိတို့ပြုလုပ်သော ကစားခြင်း အလုပ်ဆွေးနွေးပွဲ ၄ ကြိမ်တွင် တစ်ကြိမ်ပါဝင်နိုင်ခဲ့သည့်အပေါ် ယခုကဲ့သို့ ပြောပြခဲ့သည်။ ၂၀၁၁ ခုနှစ်တုန်းက အရမ်းကို ဝမ်းနည်းနေတဲ့အတွက် ဘယ်သူ့ကိုမှ ဒီအကြောင်းအရာတွေကို မပြောပြနိုင်ခဲ့ဘူး။ အထူးသဖြင့် ကျမရဲ့ အမျိုးတွေကို တွေ့တဲ့အချိန်မှာပေါ့။ အကြမ်းဖက်မှုက အသက်ရှင်ကျန်ရစ်သူ အမျိုးသမီးတွေရဲ့ အစည်းအဝေးမှာ အခြားသူငယ်ချင်းတွေရဲ့ အဖြစ်အပျက်ကို နားထောင်ပြီးတဲ့အချိန်မှာ အခုတော့ ကျမခံစားနေရတာတွေကို နည်းနည်းပြောပြလာနိုင်ပြီ။ တချို့သူငယ်ချင်းတွေဆိုရင် ဒုတိယတကြိမ် လက်ထပ်ထားတဲ့ ယောက်ျားအပါအဝင် ယောက်ျား ၂ ယောက်လုံးကို ဆုံးရှုံးလိုက်ရတာတွေရှိတယ်။ ကျမ အတွက်ကတော့ တစ်ယောက်ပဲ ဆုံးရှုံးတာပါ။"



# Hkawn Shawng

ကချင်

Hkawn Shawng သည် အမြော်အမြင်ရှိသော အမျိုးသမီးတစ်ဦးဖြစ်ပြီး သူမဘဝတွင် အတွေ့အကြုံအများကြီး ရရှိထားသူလည်းဖြစ်သည်။ အခြားရွာသားများနှင့်အတူ ခိုလှုံနေသော စစ်ပြေးရှောင်စခန်းအား မြန်မာစစ်သား များမှ ဝင်ရောက် တိုက်ခိုက်ရာတွင် သူမသည် အပစ်ခံရပြီး ဒဏ်ရာရရှိ ခဲ့သည်။ ၃ နှစ်အရွယ် မြစ်မလေးနှင့် ၂၂ နှစ်အရွယ် သူမ၏မြေးမလေးနှင့် အခြားအမျိုးသမီးတစ်ဦး သူမ၏ကလေးလေးနှင့်အတူ အဖမ်းခံကြရသည်။ ထိုအမျိုးသမီး ၂ ဦးမှာ အသတ်မခံရမီ အကြိမ်များစွာ မုဒိမ်းပြုကျင့်ခံရသည်ဟု ယုံကြည်သည်။

ဒဏ်ရာပြင်းထန်စွာရရှိထားသော အဖွား Hkawn Shawng သည် ထွက်ပြေးလွတ်မြောက်နိုင်ခဲ့ပြီး ညပေါင်းများ စွားပုန်းအောင်းနေခဲ့ရသည်။ နောက်ဆုံးတွင် လုံခြုံသော နေရာသို့ရောက်ရှိခဲ့ပြီး သူမ၏ ဒဏ်ရာအား တိုင်းရင်း ဆေးဝါးနှင့် ကုသနိုင်ခဲ့သည်။ သူမအား ထမင်း၊ ဆားနှင့် စောင်တို့ကို မျှဝေပေးသော သူငယ်ချင်းအချို့ကိုလည်း ဆုံတွေ့ခဲ့သည်။

သို့သော်လည်း တစ်ပတ်အကြာတွင် Hkawn Shawng ၏ဒဏ်ရာမှာ အပြည်များထွက်လာသည်။ ဗန်းမော တွင်ရှိသော အစိုးရဆေးရုံသို့ ရောက်သော အချိန်တွင် အနာကိုခွဲစိတ်ပေးဖို့ ဆရာဝန်က ငြင်းဆန်ခဲ့သည်။ ထိုနောက်တွင် စစ်ပြေးရှောင်စခန်းတွင် သူမ၏အနာအား ထိရောက်စွာ ကုသနိုင်ခဲ့သည်။



“အခက်အခဲတွေကြားက ဆက်လက်ရပ်တည်နိုင်ဖို့ ခံစားချက်ကို လှုံ့ဆော်ပေးသလို ခွန်အားတွေလည်း တိုးလာစေပါတယ်။”

လိင်ပိုင်းဆိုင်ရာ စော်ကားနှောက်ယှက်မှုနှင့်ပတ်သက်ပြီး ကချင်တွင် မပြောအပ်သည့်အရာအဖြစ် တားမြစ်ထား သည့်အတွက် ၎င်းတို့၏သမီး မုဒိမ်းပြုကျင့်ခံရသည့် အဖြစ်အပျက်အပေါ် အရှက်ရနေခဲ့သည်ဟု Hkawn Shawng ၏သားဖြစ်သူမှ မိမိတို့အားပြောပြခဲ့သည်။ ယင်းတို့နေထိုင်သော လူမှုပတ်ဝန်းကျင်တွင် ၎င်းတို့၏ သမီး မုဒိမ်းကျင့်ခံရသည့်အပေါ် မမှန်ကန်သောစကားများ အကြင်နာကင်းမဲ့သော စကားတို့ကို ပြောနေခဲ့ကြ သည်။

မြန်မာစစ်သားမှ အမျိုးသမီးတစ်ဦးအား မုဒိမ်းပြုကျင့်ခဲ့သည့်အပေါ် ကြွားဝါပြောဆိုသည်ကို ကြားသိခဲ့သော ဈေးရောင်းသူတစ်ဦး၏ ပြောစကားအရ Hkawn Shawng ၏သားသည် ၎င်း၏သမီးအား အဖြစ်သဘော ကျင်းတူးပြီး တောထဲတွင် မြှုပ်ထားသော မြေပုံကို ရှာဖွေတွေ့ရှိနိုင်ခဲ့သည်။

“အမျိုးသားအလောင်းလား၊ အမျိုးသမီးအလောင်းသိရအောင်လို့ ကျနော်တို့ ပြန်တူးဖော်ကြည့်တယ်။ ဆံပင် အချို့နဲ့ အရိုးပဲ တွေ့ရတော့တယ်။ ပြီးတော့ အဖမ်းခံရတဲ့ညက သူဝတ်ဆင်သွားတဲ့ အဝတ်အစား။ စစ်တပ်က တော့ ကျနော်တို့သမီးကို ဘာမှမလုပ်ဘူးလို့ ပြောတာပဲ။ ဒါပေမဲ့ အဝတ်အစားတွေက သူ့ရဲ့ ရင်ဘက်ပေါ်မှာ အကုန်ရောက်နေတယ်။ အဲ့ဒီအဝတ်အစားတွေကို ကျနော်သမီးဝတ်တောင် မထားဘူး။ သူ့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ အနီရောင် စောင်လေးပဲတင်ထားတယ်။ မြှုပ်ထားတဲ့ ကျင်းကလည်း အဲ့ဒီလောက်မနက်ဘူး။”

Hkawn Shawng ၏သားသည် အချို့သော သူများဆီမှ အကူအညီတောင်းခဲ့သည်။ သို့သော်လည်း အကူအညီ မဖြစ်စလောက်လေးသာ ရရှိခဲ့သည်။ နောက်ဆုံးတွင် သမီးအလောင်းအားပြန်လည် မြေမြှုပ်သဂြိုလ်နိုင်ဖို့ အတွက် ငွေအချို့ချေးငှားနိုင်ခဲ့သည်။ သူမအသတ်ခံရသောနေရာတွင် သူမအတွက် ဆုတောင်းပေးခြင်း အခမ်း အနားကို ပြုလုပ်နိုင်ခဲ့သည်။

မုဒိမ်းပြုကျင့်သူ တရားခံတို့၏ အခြေစိုက်ရာ နေရာကိုသိသော်လည်း မည်သူပြုကျင့်ခဲ့သည်ကို တိတိကျကျ ဖော်ပြနိုင်ရန် အခက်အခဲများရှိနေခဲ့သည်။

မွေးကင်းစအရွယ် Hkawn Shawng ၏ မြစ်လေးအား ကံကောင်းထောက်မစွာဖြင့် ကယ်တင်နိုင်ခဲ့သည်။ ကလေးလေးသည် သူမ၏မိခင် ခြေထောက် အပေါ်ခံရပြီး တစ်ညလုံးငိုနေခဲ့သည်ကို မှတ်မိနေခဲ့သည်။ ကလေး အား ဆွေမျိုးများမှ မွေးစားခဲ့ပြီး နောက်ပိုင်းတွင် အဖြစ်အပျက်တို့နှင့်ပတ်သတ်ပြီး ပြောဆိုခြင်းမရှိတော့ပေ။

Hkawn Shawng သည် စစ်ပြေးရှောင်စခန်းတွင် နေထိုင်ပြီး သူမ၏ မြစ်များနှင့်မြေးတို့အား ကြည့်ရှုစောင့် ရှောက်လျှက်ရှိသည်။ သူမမြေး၏ ထမီသည် သူမအတွက် တစ်ခုတည်းသော တန်ဖိုးအထားရဆုံး ပိုင်ဆိုင်မှု တစ်ခုဖြစ်သည်။ သူမ၏ ခံစားချက်နှင့်ပတ်သက်ပြီး ယခုကဲ့သို့ မိမိတို့ကို ပြောပြခဲ့သည်။

“တခြားသူတွေလည်း ကျမလိုပဲ ဒုက္ခဆင်းရဲတွေကို တွေ့ကြုံခံစားကြရတာပဲလို့ တွေးလိုက်တော့ အဲ့ဒီကနေ ခွန်အားတွေ ပြန်ရလာတယ်။ အခုဆိုရင် ကျမဆီမှာ ဘာမှမရှိတော့ဘူး။ ကျမရဲ့ ပစ္စည်းဥစ္စာတွေ ပြန်ရဖို့ ဘာမျှော်လင့်ချက်မှလည်း မရှိတော့ဘူး။”

Hkawn Shawng သည် အနာဂတ်နှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိသည့်အပြင် စစ်ပြေးရှောင်စခန်းတွင် နေရသည်မှာ အဆက်အသွယ်ဖြတ်တောက်ထားခံရသည်ဟု ခံစားရသည်။ အစည်းအဝေးထဲတွင် အကြမ်းဖက် မှုမှ အသက်ရှင်လွတ်မြောက်လာသူ အခြားအမျိုးသမီးတို့၏ ဇာတ်ကြောင်းတို့ကို ကြားသိရတဲ့အခါ အင်အား များ အများကြီး ရရှိလိုက်သည်ဟု သူမ ယုံကြည်သည်။



# နှင်းနှင်းမွှေး

နိုင်ငံရေးအကျဉ်းသားဟောင်း

၄၆ နှစ်အရွယ် ဂုဏ်သရေရှိ ပညာတတ်အမျိုးသမီးတစ်ဦးဖြစ်သည့် နှင်းနှင်းမွှေးသည် ၂ ကြိမ်တိုင် အဖမ်းခံခဲ့ရသည်။ ၁၉၈၉ ခုနှစ် အရေးအခင်းကာလအတွင်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အလံအား လွှင့်ထူခဲ့သည့်စွပ်စွဲချက်ဖြင့် ပထမအကြိမ် အဖမ်းခံခဲ့ရသည်။ ၁၉၈၈ ခုနှစ်အရေးအခင်းပြီးသည့် နောက်တွင် အမျိုးသမီးနိုင်ငံရေးအကျဉ်းသူများစွာ ထောင်ထဲသို့ ရုတ်တရက် မမျှော်လင့်ပဲ ရောက်ရှိ လာသည့်အတွက် ထောင်ထဲတွင် အဆောက်အဦး၊ နေရာထိုင်ခင်းများနှင့် အစားအစာများ မလုံ လောက်မှုတို့ဖြစ်ခဲ့သည်။

"တရက်မှာ ရေသုံးခွက်ပဲရတယ်။ ဒါကြောင့် ကျမတို့ သုံးပြီးသားရေတွေကို အဝတ်လျှော်ဖို့အတွက် ယူထားရတယ်။ ပုံမှန်ရတဲ့ အစားအစာကတော့ ဝက်တွေစားတဲ့ဟာမျိုးပါပဲ။ အေးခဲပြီး စပါးလုံးတွေပါပြီး နံနေတဲ့ထမင်းနဲ့ ငါးပိပဲဟင်းချိုတို့ပဲဖြစ်ပါတယ်။"



“ကျမအသက်ရှင်နေသ၍ ဒီအလုပ်တွေ ဆက်လုပ်သွားမယ်။ တကယ်တော့ အစိုးရ မစဉ်းစားမိတာက ကျမတို့ကို ထောင်ချလိုက်ခြင်းဟာ ကျမတို့ရဲ့ နိုင်ငံရေးတတ်ကြွမှုနဲ့ ခံယူချက်တွေကို ပိုပြီး ခိုင်မာအောင် လုပ်ပေးလိုက်တယ်ဆိုတာပါပဲ။”

ထောင်စောင့်များသည် ကဗျာ၊ စာတို့ကို တွေ့ရှိပါက အမျိုးသမီးအကျဉ်းသူများကို တိုက်ပိတ်ခြင်း၊ ညှဉ်းသည်နှင့်တွေ့ခွင့်မပေးခြင်း၊ လေ့ကျင့်ခန်း (သို့) တကိုယ်ရေ သန့်ရှင်းရေးပြုလုပ်မှုတို့ကို ပိတ်ပင် တတ်သည်။ ၁၉၉၀ ခုနှစ် စက်တင်ဘာလတွင် ထောင်တွင်း ဆန္ဒပြမှုတွင် ပါဝင်ခဲ့ခြင်းကြောင့် နှင်းနှင်း မွှေးအပါအဝင် အမျိုးသမီးအကျဉ်းသူ ၅ ဦးတို့ကို သာယာဝတီ ထောင်သို့ လွှဲပြောင်းခဲ့သည်။


၁၉၉၂ ခုနှစ် သူမပြန်လွတ်ပြီးနောက်ပိုင်း တရားမဝင်ပါတီအဖြစ် ကြေညာထားခံရသော လူ့ဘောင် သစ် ဒီမိုကရက်တစ်ပါတီ တည်ရှိရာ နယ်စပ်သို့ သွားရောက်လည်ပတ်ခဲ့သည်။

“စစ်ကြောင်းတစ်ကြောင်းက အမြောက်နဲ့လိုက်ပစ်လို့ ကျမတို့တွေ ထွက်ပြေးလိုက်ရသေးတယ်။ ဖက်ရွက်တွေခင်းပြီး အိပ်ခဲ့ရတယ်။ တောထဲမှာတွေ့တဲ့ ဆန်၊ အသီးအရွက်တွေကိုစားပြီး အသက် ရှင်ရတယ်။ ဒီလိုမျိုး တစ်လပဲ ကျမက ကြုံတွေ့ခဲ့ရတာ။ ဒါပေမဲ့ ရွာသားတွေအတွက်ကတော့ အခုလို ထွက်ပြေးရတဲ့ အတွေ့အကြုံက သူတို့ဘဝတလျှောက်လုံး ကြုံတွေ့ဖြတ်သန်းခဲ့ရတာလေ။”

၁၉၉၇ ခုနှစ်တွင် နှင်းနှင်းမွှေးသည် ထပ်မံအဖမ်းခံရပြီး အာဏာပိုင်များက သတ်မှတ်ထားသည့် တရားမဝင်အဖွဲ့အစည်းများနှင့် ဆက်သွယ်သည့် စွပ်စွဲချက်ဖြင့် ထောင် ၃ နှစ်ကျခဲ့သည်။ ထောင်ထဲ တွင် နေထိုင်ရသောဘဝမှာ ကြမ်းတမ်းလွန်းသည်။ နှင်းနှင်းမွှေး၏ မျက်မှန်ကို ထောင်စောင့်များမှ သိမ်းဆည်းလိုက်သည့်အတွက် မျက်မှန်မပါပဲ ထောင်ထဲတွင် ဖြတ်သန်းနေထိုင်ခဲ့ရသည်။ သူမပြန် လွတ်လာသောအချိန်တွင် သူမ၏ တပည့်တစ်ဦးမှာ ထောက်လှမ်းရေး တစ်ဦးဖြစ်နေသည်ကို ဝမ်း နည်းစွာ သိလိုက်ရသည်။


၁၉၉၉ ခုနှစ် သူမလွတ်ခါနီးတွင် ကမ္ဘာ့ကြက်ခြေနီအသင်းမှ ထောင်သို့လာရောက်လည်ပတ်ခဲ့ပြီး အကျဉ်းသားများအား တွေ့ဆုံဖို့ကြိုးစားခဲ့သည်။ ထိုအချိန်တွင် ထောင်စောင့်တို့အား ပုဒ်မ ၅ (ည) နှင့်တိုက်ပိတ်ခံရသော အမျိုးသမီးအကျဉ်းသူ ၁၀ ဦးအား ထားရှိသော အဆောက်အဦးကို ဆေး သုတ်ရန်အမိန့်ပေးခဲ့သည်။ “သူတို့ တခါးတွေ ပြတ င်းပေါက်တွေအကုန်လုံးကိုပိတ်လိုက်တယ်။ ကျမ တို့နေတဲ့ တိုက်ကိုတော့ ပစ္စ ည်းသိုလှောင်ခန်းဆိုပြီးပြောခဲ့တယ်။ ပူတဲ့ရာသီဖြစ်တဲ့အတွက် ကျမတို့ တွေ အသက်ရှူကြပ်တဲ့ အထိ ပိတ်လှောင်ထားခံခဲ့ရတယ်။”

နောက်ဆုံးတွင် နှင်းနှင်းမွှေး ထောင်ထဲမှ လွတ်မြောက်ခဲ့သည်။ နှင်းနှင်းမွှေးသည် ယခင်က စာပို့ချသူ ကျူရှင်ဆရာမတစ်ဦးဖြစ်ခဲ့သည်။ သို့သော်လည်း အစိုးရမှ သူမ၏စာသင်ကြားမှုကို ဆက်လက်ခွင့် မပြုခဲ့ပေ။ နှင်းနှင်းမွှေးသည် ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးတွင် ပါဝင်ခဲ့ပြီးနောက်ပိုင်း နိုင်ငံ ရေးလှုပ်ရှားမှုတို့တွင် ဆက်လက်ဆက်စပ်ပါဝင်ခဲ့သည်။ သူမသည် နိုင်ငံရေးအကျဉ်းသား ဟောင်းများ အဖွဲ့အစည်းဖွဲ့စည်းစဉ်တွင် ပူးပေါင်းပါဝင်ခဲ့ပြီး အကျဉ်းသားများ အခွင့်အရေးနှင့် လွတ်မြောက်ရေး အတွက် စည်းရုံးလှုံ့ဆော်ခဲ့သည်။



# Htay Htay

ကချင်



Htay Htay တွင် သားသမီး ၆ ဦးရှိသည်။ သူမ၏ ယုံကြည်မှုသည် သူမအတွက် အလွန်အရေးကြီးသည်။ သူမ ငယ်ရွယ်စဉ် ကလေးဘဝမှစပြီး သူမတို့၏ ရွာအားမီးရှို့ခြင်း ပစ္စည်းများ ခိုးယူခြင်းခံခဲ့ရသည်။ သူမသည် ငယ်ရွယ်စဉ်ကတည်းမှစပြီး အိုးအိမ်မဲ့ဘဝဖြင့် အကြိမ်များစွာ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ ကျောင်းမတက် နိုင်သလို ပညာဆက်မသင်နိုင်သည့်အတွက် သူမ ယူကြုံးမရဖြစ်မိခဲ့သည်။

သူမ၏အစ်ကို ၂ ဦးမှာ မြန်မာသူလျှိုတွေဖြစ်သည်ဟု မှားယွင်းသော ကောလဟာလများထွက်ပေါ်ပြီးနောက် KNU မှ သတ်ခဲ့သည်။

Htay Htay သည် အဖြစ်အပျက်တို့နှင့်ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ပြောဆိုရမည်ကို စိုးရိမ်မိသည်။ အဘယ် ကြောင့်ဆိုသော် သူမ၏ အမျိုးသားမှာ တရားမဝင်အဖမ်းခံခဲ့ရပြီး ထောင်ထဲတွင် ရှိနေဆဲဖြစ်သည်။ သူမ အမျိုးသားအဖမ်းခံရသောအချိန်တွင် သူမသည် ကိုယ်ဝန်ဆောင်ထားရသည်။ Htay Htay ၏အမျိုးသားသည် ဗုံးပေါက်ကွဲသောအချိန်တွင် သူ၏ မိသားစုနှင့်အတူရှိနေခဲ့သော်လည်း မိမိကိုယ်မိမိ အသေခံသော ဗုံးများ ထောင်သည့်အထဲတွင် ပါဝင်သည်ဟု သံသယဖြစ်ခံရသည်။

ထိုအဖြစ်အပျက် ဖြစ်ပြီးသည့်နောက်တွင် Htay Htay သည် အသက်ရှင်ရပ်တည်ရန်အတွက် ရုန်းကန်ခဲ့ရသည်။ "တခြားသူတွေက ကျမကို အားလျှော့ဖို့ စိတ်ဓာတ်မကျဖို့ အားပေးတယ်."

နှစ်ပေါင်းများစွာ အလုပ်ပြင်းထန်စွာလုပ်ပြီး မိသားစုအားထောက်ပံ့ခြင်း၊ စစ်တပ်အား အခွန်ပေးဆောင်ရခြင်းတို့ ကြောင့် ယခုအခါတွင် သူမသည် ဒုက္ခဆင်းရဲအလွန် ရရှိသော စိတ်ဖိစီးမှု (post-traumatic stress) တို့ကြောင့် ခေါင်းကိုက်ဝေဒနာကို ခံစားနေရသည်။

သူမ၏ သားသမီး ၂ ဦးတို့မှ ငွေကြေး ထောက်ပံ့မှုတို့ကို ရရှိသော်လည်း သူမ၏အမျိုးသားမှာ ထောင်ထဲတွင် ရှိနေဆဲဖြစ်သည့်အတွက် စိုးရိမ်နေမိသည်။ ထို့အပြင် သူမသည်နောက်ထပ်ရွာတစ်ရွာသို့ ထပ်မံပြောင်းရွှေ့ ရမည့်ကိုလည်း ကြောက်ရွံ့နေမိသည်။



# Htoo Htoo

ကရင်

Htoo Htoo သည် နှစ်လိုဖွယ်ကောင်းပြီး အကြမ်းဖက်မှုမှ အသက်ရှင် ကျန်ရစ်သူ ကရင်အမျိုးသမီးများထဲတွင် လူမှုရေးစိတ်ဓာတ်ရှိသူ တစ်ဦးဖြစ်သည်။ သူမတွင် သားသမီး ၃ ဦးရှိပြီး ပျော်ရွှင်စရာကောင်းသည့် မိသားစုကို ပိုင်ဆိုင်ခွင့် ဆုမြတ်ကို ရရှိခဲ့သည်။ ကလေးဘဝမှစပြီး ပဋိပက္ခကြောင့် သူမသည် အကြိမ်များစွာ အိုးအိမ်မဲ့ ဘဝဖြင့် ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

မိသားစုမှာ မဖြစ်မနေပြောင်းရွှေ့ရမည်ဖြစ်သည်။ ထိုအချိန်တွင် Htoo Htoo ၏ဖခင်သည် ညှဉ်းပန်းနှိပ်စက်မှုနှင့် ရရှိခဲ့သော ဒဏ်ရာများကြောင့် သေဆုံးခဲ့သည်။ မြန်မာစစ်တပ်မှ ရွာထဲဝင်လာပြီး ရွာရှိ အမျိုးသားတို့အား ပေါ်တာဆွဲသည့်အချိန်တိုင်းတွင် သူမ၏အမျိုးသားသည် အကြိမ်ရေများစွာ ညှဉ်းပမ်းနှိပ်စက်မှုကိုခံခဲ့ရသည်။ အကြမ်းဖက်မှုများစွာကို သူမကိုယ်တိုင် မြင်တွေ့ခဲ့ရသည့်အတွက် ဆိုးရွားသည့် ဒုက္ခဆင်းရဲတို့အလွန် ရရှိသော စိတ်ဖိစီးမှုတို့ကို ခံစားနေရသည်။

“ကျမ ၈ နှစ်သမီးတုန်းက ရွာကနေ ထွက်ပြေးခဲ့ရတယ်။ ကျမတို့အိမ်၊ နွားနဲ့ကျွဲတွေ အားလုံးကို ကျမတို့ ဆုံးရှုံး ခဲ့ရတယ်။ ကျမတို့ ဘုရားကျောင်းကို ကျမတို့ ချန်ထားခဲ့ရတယ်။ ၁၉၇၅ ခုနှစ်ကတည်းက ကျမတို့ရဲ့ မွေးရပ် မြေကို မပြန်နိုင်ခဲ့ဘူး။ အခုဆိုရင် ၃၉ နှစ်တောင် ကြာခဲ့ပြီးပေါ့။ ဒါပေမဲ့ နေရပ် ပြန်နိုင်မယ့်နေ့ကို မျှော်လင့် နေတုန်းပဲ။”

ယခုအခါတွင် Htoo Htoo နှင့် သူမမိသားစုသည် ပြည်တွင်းဒုက္ခသည်များနေထိုင်သော ရွာတွင် နေထိုင်လျက်ရှိ သည်။ အခြားသူများပိုင်ဆိုင်သော ခြံထဲတွင် အလုပ်လုပ်ခြင်းဖြင့် ဝင်ငွေရှာပြီး ရပ်တည်နေရခြင်းဖြစ်သည်။ သူမ၏သမီး ၈ တန်းတက်နိုင်ရန်အတွက် Htoo Htoo သည် မွေးရပ်ဇာတိတွင်ရှိသော သူမတို့ပိုင်ဆိုင်သည့် မြေကွက်သေးသေးတစ်ကွက်ကို ရောင်းပြီး အချို့ကို အတိုးနှင့် ချေးငှားခဲ့ရသည်။ ယခုအခါတွင် သူမတို့၌ အိမ်နေရာမရှိသည့်အတွက် သူများ၏ အိမ်နေရာတွင် ခိုကပ်နေနေရသည်။ သူမတို့သည် ခွဲခြားဆက်ဆံမှုများခံနေရပြီး ရောင်းရန် မြေကွက်များရှိသော်လည်း သူမတို့၌ဝယ်နိုင်သည့်အင်အား မရှိပေ။ တောင်ယာထဲတွင် အလုပ်လုပ်ရ သောဘဝသည် အင်မတန်မှ ခက်ခဲလွန်းသည်။ Htoo Htoo သည် သူမ၏ခင်ပွန်းသည့် မြွေကိုက် (ထိုဒေသတွင် အလွန်အန္တရာယ်များသည်) ခံရပြီးနောက်တွင် ခင်ပွန်းသည်ကို ဆုံးရှုံးလိုက်ရသည့်အတွက် ယူကျုံးမရဖြစ် မိသည်။ “လတိုင်း ၂ ယောက်လောက် ကတော့ မြွေကိုက်ခံရလို့ သေဆုံးခဲ့ရသည်။ ပိုက်ဆံမပေးနိုင်တဲ့သူတွေကို ဆရာဝန်တွေကလည်း ဂရုမစိုက်ပေးဘူး။”

Htoo Htoo ၏ သားသမီး ၃ ဦးစလုံးမှာ အရွယ်ရောက်လာကြပြီးဖြစ်သည်။ မည်သည့် အခြေခံလိုအပ်ချက်မှ မရှိပဲ ကြီးပြင်းလာကြရသည့် သူမ၏သားသမီးများအတွက် သူမစိတ်မကောင်းဖြစ်မိသည်။ ယခုအခါတွင် သူမ၏ မြေးများသည် ဘဝအတွက် ကောင်းမွန်သည့် အခွင့်အလမ်းများရှိပြီး သူမ၏ သားသမီးများမှာလည်း မြေးများကို ကျောင်းထားနိုင်မည်ဟု သူမမျှော်လင့်သည်။ “ကျမတို့အချိန်တုန်းကဆိုရင် မကြာခဏ ထွက်ပြေးနေရတဲ့ အတွက် အများစုက ပညာမတတ်ကြဘူး။ ကျမတို့ရဲ့ စီးပွားရေးကလည်း မအောင်မြင်ဘူး။”

အနာဂတ်တွင် အောင်မြင်သည့်စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ခွင့်ရရန်မျှော်လင့်ပြီး သူမတို့၏ မွေးရပ်မြေတွင် တကြိမ်လောက်ပြန်လည်နေထိုင်ခွင့်ရရှိလိုသည်။



# Htu Bu

ကချင်

Htu Bu သည် စစ်ပြေးရှောင်စခန်းတွင် နေထိုင်ခဲ့ဖူးသည်။ သူမသည် ၄၁ နှစ်ရှိပြီး သူမတွင် သားသမီး ၆ ဦးရှိသည်။ သူမ၏ သားငယ်အား ကိုယ်ဝန်ဆောင်ထားသော အချိန်တွင် လယ်ထဲတွင်သော်လည်း တောင်ယာစိုက်ခင်းတွင် လည်းကောင်း ရုန်းကန်လုပ်ကိုင်ခဲ့ရသည်။ ထိုစဉ် သူမ၏ ခင်ပွန်းမှာ နာမကျန်းဖြစ်လာပြီး ရက် ၂၀ လောက်အကြာ သူမကလေးမွေးပြီးသည့်အချိန်တွင် ဆုံးပါးသွားခဲ့သည်။

သူမ၏ ခင်ပွန်းဆုံးပါးသွားပြီးနောက်တွင် Htu Bu သည် သူမ၏ကလေးများ တစ်နှစ်လုံး စာသင်နိုင်ရန် အား ပေးခဲ့ပြီး သူမ၏ သားကြီးမှာတော့ ကျောင်းထွက်လိုက်ရသည်။ မြန်မာပြည်ရှိ ဒေသအတော်များများတွင် အမျိုး သမီးတစ်ဦးတည်းမှ သားသမီးများကို ကျွေးမွေးစောင့်ရှောက်ခြင်းသည် မသင့်တော်သည့်လုပ်ရပ်အဖြစ် သတ် မှတ် သည်။

"ကျမကလေးမွေးတဲ့အချိန်မှာ ကျမယောက်ျားဆုံးသွားတယ်။ ကျမယောက်ျားကို ကျမမေ့နိုင်အောင်ကြိုးစား တယ်။ ဒါပေမဲ့ ကျမသူ့အကြောင်းပဲ အမြဲတွေးနေတယ်။ ယောက်ျားမရှိတဲ့ အိမ်ကို လူတွေက အထင်သေးကြ တယ်ဆိုတာကို ကျမသဘောပေါက်လာတယ်။ တော်တော်များများက နောက်ယောက်ျား (သို့) မိန်းမ ပြန်ယူကြတဲ့အချိန်မှာ ကျမကတော့ အသစ်တစ်ယောက်ထပ်မရှာဘူးလို့ ဆုံးဖြတ်လိုက်တယ်။"

"ကျမယောက်ျား ဆုံးသွားပေမယ့် ကျမတို့မှာ ရောင်းစားဖို့ နွားတွေရှိသေးတယ်။ တစ်ရက်တော့ ကျမရဲ့ နွားသေးလေးက တွင်းထဲပြုတ်ကျပြီး သေသွားတယ်။ အဲ့ဒီအချိန်မှာ ကျမယောက်ျား နောက်တကြိမ် ဆုံးသွားသလို ကျမခံစားရတယ်။ ကျမအရမ်းဝမ်းနည်းခဲ့တယ်။ ကျမဘာမှလည်းမစားချင်ဘူး။ နွားတွေအပေါ်မှာ ကျမတို့က မှီခိုနေရတာလေ။

သို့သော်လည်း Htu Bu သည် မျက်စိမှုန်နေသော ယောက္ခမနှင့် အသက်ကြီးရင့်လာပြီးဖြစ်သည့် သူမသည် မိသားစုအား ကာကွယ်စောင့်ရှောက်ရန် ခွန်အားများကို ရှာတွေ့ခဲ့သည်။ တောင်ယာလုပ်သည့် နည်းစနစ်ကို လေ့လာသင်ယူခွင့်ရရှိခြင်း၊ ကြီးမားသော အခက်အခဲတို့ကို ရင်ဆိုင်ဖြတ်ကျော်နေရသော မိသားစုကို ကူညီခြင်း နှင့် ခေါင်ရည်ပြုလုပ်ပြီး ရောင်းစားခြင်းကို လုပ်ဆောင်နိုင်ခဲ့သည်။

ထိုနောက် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် သူမတို့ရွာအနီးတွင် တိုက်ပွဲများ ပြန်ဖြစ်ခဲ့သည်။ Htu Bu သည် မိသားစုနှင့်အတူ အနည်းငယ်သော ပိုင်ဆိုင်မှုတို့ကို သယ်ဆောင်ပြီး ထွက်ပြေးခဲ့ရသည်။

"ကျမသား Ma Gun နဲ့ ကျမယောက္ခမကို ခေါ်ပြီး ပုန်းရမဲ့နေရာကို လိုက်ပြတယ်။ ကျမတို့ တနေရာဆီ ပုန်းအောင်းခဲ့ကြတယ်။ ကျမရဲ့ ယောက္ခမကို မကြောက်ဖို့ ကျမပြောခဲ့တယ်။ ဒါပေမဲ့ ကျမ ယောက္ခမက အသက်ရှုမြန်နေပြီး တစ်ကိုယ်လုံးလည်း တုန်နေတဲ့အတွက် ကျမတို့ တူတူပဲ ပုန်းတော့မယ်လို့ ပြောလိုက် ရတယ်။"

၃ ရက်မျှ ပုန်းအောင်းနေပြီးသည့်နောက်တွင် Htu Bu သည် ရွာကိုပြန်ခဲ့သည်။ သို့သော်လည်း မြန်မာစစ်သား များသည် ရွာထဲတွင် ဆက်ရှိနေဆဲဖြစ်သည်။ အခြား အိုးအိမ်မဲ့ မိသားစုများနေထိုင်လျှက်ရှိသော ဒေသတွင် အတည်တကျ နေထိုင်နိုင်ခြင်းမရှိသေးသည့်ကာလအတွင်း သူမမိသားစုသည် အခြားရွာများတွင် ယာယီနေ ထိုင်ခဲ့ရသည်။

၂၀၁၃ ခုနှစ်တွင် အခြေအနေများ ပြန်ပြီးတည်ငြိမ်လာသည်။ Htu Bu သည် သူမ၏ နွားများကို ပြန်လည်ရှာဖွေ ရန် ရည်ရွယ်ချက်ဖြင့် ရွာသို့ပြန်ခဲ့သည်။ သို့သော်လည်း သူမတို့ ရောက်ရှိချိန်တွင် မြန်မာစစ်သားများသည် ထိုနေရာတွင် ရှိနေဆဲဖြစ်သည်။ မည်သည့် ရွေးချယ်မှုမှ မရှိတော့သည့်အတွက် Htu Bu သည် စစ်ပြေးရှောင် စခန်းသို့ ပြန်လာခဲ့ရသည်။ တခါတရံတွင် တစ်ရက် နှစ်ရက်မျှ ကြံများခုတ်ခြင်း စသည့်အလုပ်များကို လုပ်သည့် အတွက် ငွေအချို့ရှာနိုင်ခဲ့သည်။

Htu Bu သည် သူမ၏မြေနေရာတွင် အခြားသူများမှ စိုက်ပျိုးမွေးမြူရေးများ ပြုလုပ်နေသည့်အတွက် သူမ၏ မြေတို့ကို ပြန်လည်ရရှိမည် မရရှိမည်ကို မသိရှိနိုင်တော့ပေ။ စစ်ပွဲကြောင့် သူမ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းတို့မှာ အလျှင်းပျက်စီးသွားခဲ့သည်။ သို့သော်လည်း သူမ၏ သားသမီးများအတွက် ဂုဏ်ယူနေမိသည်။

"ကျမရဲ့ သမီးက တခြားသူတွေနဲ့ အတူနေတယ်။ အဲ့ဒီမိသားစုရဲ့ အိမ်အလုပ်တွေကို ဝိုင်းကူလုပ်ပေးတယ်။ ကျမရဲ့ သားကြီးက KIA စစ်သားဖြစ်တယ်။ ကျန်တဲ့ကလေးတွေကတော့ စာသင်နေဆဲပဲ။ တစ်ယောက်က မူကြိုတက်နေတယ်။ နောက်တစ်ယောက်ကတော့ တစ်တန်းတက်နေတယ်။ ကျမရဲ့ ဒုတိယ သားကြီးကတော့ ၁၆ နှစ်ရှိပြီး။ ကျမကလေး အများစုက အရွယ်ရောက်လာပြီးဆိုတော့ ကိုယ်တိုင်ပိုက်ဆံရှာနိုင်ပြီးလေ။ သူတို့အတွက် ကျမသိပ်ပျော်တယ်။ သူတို့ကို ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိပြီး စိတ်ဓာတ်ခိုင်မာတဲ့သူတွေအဖြစ် ပြုစုပျိုးထောင်ပေးနိုင်တဲ့အတွက် ဂုဏ်ယူတယ်။"





# Khin Mi Mi Khine

နိုင်ငံရေးအကျဉ်းသားဟောင်း

ခင်မိမိခိုင်သည် မြေယာအခွင့်အရေးတက်ကြွလှုပ်ရှားသူဖြစ်ပြီး ထောင် (၄) ကြိမ် ကျခဲ့သည်။ အကျဉ်း သားဘဝဖြင့် အိပ်စက်ခွင့်မရရှိခြင်း၊ မသန့်သော အစားအစာတို့ကို အတင်းအကျပ်စားခိုင်းခြင်း အပါအဝင် စိတ်ပိုင်းဆိုင်ရာ နှိပ်စက်မှုမျိုးကို ခံခဲ့ရသည်။ အကျိုးဆက်အဖြစ် မရှိသည့်အရာများကို ရှိနေသည်ဟု ထင်မှတ်မှားနေခြင်း၊ စိုးရိမ်သောကများနေခြင်း၊ စိတ်ဒဏ်ရာခံစားနေရခြင်းနှင့် အကြား အာရုံ ပျက်စီးမှုတို့ကို ခံစားခဲ့ရသည်။

ဆုံးဖြတ်ချက်ပြတ်သားပြီး အရည်အချင်းပြည့်မီသော မိမိခိုင်သည် မိဘနှစ်ပါး၏ ပံ့ပိုးမှုဖြင့် လူမှုဝန်ထမ်း အရာရှိတစ်ဦးဖြစ်လာရန် မျှော်လင့်ချက်နှင့်အတူ ပညာသင်ကြားရင်း ကြီးပြင်းလာခဲ့သည်။ ယင်းအိမ် မက်တို့မှာ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုအပြီးတွင် ပြောင်းလဲကုန်သည့်အပေါ် သူမအနေဖြင့် ဆင်ခြင်သုံးသပ်ပြီး ပြန်ပြောင်းပြောပြသည်မှာ...

"ကျမရဲ့ ရည်ရွယ်ချက်၊ ပန်းတိုင်၊ နေထိုင်မှုပုံစံ၊ စံတန်ဘိုးနဲ့ စဉ်းစားချက်တွေအားလုံးက ၁၉၈၈ ခုနှစ် လူထုအုံကြွမှုနောက်ပိုင်း ပြောင်းကုန်တယ်။ ကိုယ်တတ်နိုင်သလောက် အသိပညာတွေရရှိဖို့ ကြိုးစားပြီး လေ့လာသင်ယူမယ်။ နိုင်ငံသားကောင်းတစ်ယောက်ဖြစ်အောင်ကြိုးစားမယ်။"

သူမသည် ၁၉၉၀ ရွေးကောက်ပွဲကာလအတွင်း NLD ပါတီ လူငယ် ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့ သည်။

၁၉၉၇ ခုနှစ်တွင် နိုင်ငံရေးလှုပ်ရှားမှုကြောင့် ပထမဦးဆုံးအကြိမ် အဖမ်းခံခဲ့ရသည်။ ၁၉၉၈ ခုနှစ်တွင် ထပ်မံအဖမ်းခံခဲ့ရပြီး ထောင် တစ်နှစ်နှင့် ခြောက်လ ကျခဲ့သည်။ အကျဉ်းထောင်အတွင်း ဖြတ်သန်း ရသော ဘ၀သည် အလွန်ကို ခက်ခဲခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းခံရစဉ်အတွင်း သူမ၏ဖခင် ကွယ် လွန်ခဲ့သည်။ အခြားလုပ်ဖော်ဆောင်ဖက် တတ်ကြွလှုပ်ရှားသူများ၏ သစ္စာဖောက်မှုကို ခံရသည်ဟု ခံစားခဲ့ရသည်။ ထောင်ထဲတွင်ရှိသော အမျိုးသမီးတို့မှ NLD မှပေးပို့သော လက်ဆောင်များ ရရှိကြ သော်လည်း သူမအနေဖြင့် မည်သည့်လက်ဆောင်မှ မရရှိပေ။ အခက်အခဲများကြားမှ အဖွဲ့အပေါ် ခိုင်မာသည့် ရပ်တည်ချက်နှင့် သစ္စာစောင့်သိမှုတို့ ထားရှိခဲ့သော်လည်း သူမအနေဖြင့် လစ်လျူရှု ခံရသည်ဟု ခံစားရသည်။

သို့သော် ထိုခံစားချက်တို့သည် မိမိခိုင်၏ ခံယူချက်တို့ကို ဟန့်တားနိုင်ခြင်းမရှိပေ။ သူမသည် ထောင် ထဲတွင် ရှိစဉ်အတွင်း အခွင့်အရေးများချိုးဖောက်ခံရသည့် အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများ အတွက် ရပ်တည်ပေးခဲ့သည်။ ရေမရရှိခြင်းနှင့်၊ ရေတစ်ပုလင်းတည်းကို သောက်ဖို့နှင့် အိမ်သာတွင် အသုံးပြုရန် အတင်းအကျပ် ခိုင်းစေခြင်းကို ရပ်တည်ပြောဆိုပေးခဲ့ပြီး အမျိုးသမီးများ အထူးသဖြင့် ရာသီလာစဉ်အတွင်း ရေချိုးဖို့ ရေရရှိရန်အခွင့်အရေးအတွက် ခုခံကာကွယ်ပေးခဲ့သည်။

ထောင်မှ ပြန်လွတ်လာပြီးနောက်ပိုင်း မိမိခိုင်သည် ပုဂ္ဂလိကဆရာမတစ်ဦးဖြစ်လာပြီး စာကြည့်တိုက် နှင့် ပတ်သက်သည့် မဟာသိပ္ပံဘွဲ့ကို ရယူရန် လုပ်ဆောင်ခဲ့သည်။ ဆရာမသန်းမြင့်အောင်၏ စာပေ ရေးသားမှုနှင့်ပတ်သက်ပြီး ဆုရသည့်စာစီစာကုံးတစ်ပုဒ်ကို ဘွဲ့အတွက် ရေးသားနိုင်ခဲ့သည့်အပေါ် သူမ ဂုဏ်ယူနေမိသည်။ "အဲ့ဒီအချိန်မှာ ကျမအနေနဲ့ သုံးသပ်မိတာကတော့ အခြားအမျိုးသမီးတွေ အောင် မြင်မှုကို ဆွတ်ခူးနိုင်သလို ကျမလည်း လုပ်နိုင်တယ်ဆိုတာပါပဲ။"

၂၀၀၈ ခုနှစ် ဆိုင်ကလုံးမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက်တွင် မိမိခိုင်သည် လူမှုလုပ်သား စေတနာ့ ၀န်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ပြီး စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ပံ့ပိုးမှုများပြုလု ပ်နိုင်ရန်အတွက် လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုတို့ကို တိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ အစိုးရကို ဆန့်ကျင်သော သူများအား အာဏာပိုင်များမှ နောက်ယှက်မှုများရှိသည့်အတွက် စာသင်ကြားခြင်းကို ရပ်လိုက်ရ သည်။ လက်ရှိတွင် မိမိခိုင်သည် လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးရေး လုပ်ငန်းတို့တွင် ပါဝင်လုပ်ဆောင်နေ သည်။

၂၀၁၃ ခုနှစ်တွင် လယ်သမားတို့၏ အခွင့်အရေးကို ကာကွယ်ပေးသည့်အတွက် ၆ လ ဖမ်းဆီးထိန်း သိမ်းခံခဲ့ရသည်။ တစ်နှစ်တည်းတွင် သူမ အသက် ၄၅ နှစ်တွင် သူမ၏ နှစ်ပေါင်းများစွာ နိုင်ငံရေး တက်ကြွစွာ လှုပ်ရှားဆောင်ရွက်မှုတို့ကြောင့် လူမှုတက်ကြွလှုပ်ရှားသူဆု (Social Activist Award) ကိုရရှိခဲ့သည်။

"ဒီဆုကိုရရှိခြင်းဟာ ၂၅ နှစ်တာ နိုင်ငံရေးတက်ကြွစွာလှုပ်ရှားခဲ့တဲ့ရလဒ်အဖြ စ် အသိအမှတ်ပြု ခံရတယ်လို့ ကျမခံစားရတယ်။ ကျမတို့မိသားစုနဲ့ ကျမတို့ လူမှုအသိုင်းအဝိုင်းက တရားမျှတမှုရရှိဖို့ အတွက် ဝိုင်းဝန်းကူညီပေးချင်ပေမယ့် ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာ သူတို့မသိဘူး။ ကျမရဲ့အမြင် ကတော့ ပြန်လည်ထူထောင်ရေးအစီစဉ်တွေကို အစီစဉ်ချလုပ်ဆောင်နေတာ ရှိမနေသေးဘူး။ ကျမ တို့က စိတ်ဒဏ်ရာတွေကို ကုစားဖို့ အလုပ်ရုံဆွေးနွေးပွဲတွေတော့ စပြီး လုပ်ဆောင် နေပါပြီး"

သူမ၏အနာဂတ်အိပ်မက်မှာ ပြည်သူများအနေဖြင့် စိတ်ချလုံခြုံစွာ ညစဉ် အိပ်ကောင်းခြင်းဖြင့် အိပ် စက်နိုင်သည့် နိုင်ငံရေးစနစ်တခုရှိရန်ဖြစ်ပြီး လူသတ်လက်နက်များမရှိပဲ ပြည်သူအားလုံး ပြည့်ဝသော ပျော်ရွှင်မှုများရရှိကာ သီဆိုကခုန်နိုင်မည့် စိတ်ကူးအိပ်မက်ဖြစ်ပါသည်။



# မာမာဦး

## နိုင်ငံရေးအကျဉ်းသားဟောင်း

မာမာဦးသည် ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့၏ အလုပ်သမားရေးရာအဖွဲ့တွင် ဒု-တာဝန်ခံဖြစ်ပြီး သူမ၏ စွမ်းဆောင်ရည်နှင့် ပြင်းထန်သော စိတ်ဆန္ဒ ခံယူချက်တို့ကြောင့် အများ၏ လေးစားမှုကို ရရှိသော တတ်ကြွလှုပ်ရှား သူတစ်ဦးဖြစ်သည်။ သူမသည် ထောင် ၃ ကြိမ် ကျခဲ့ပြီး ထောင်ထဲတွင် ၁၇ နှစ်ကြာ နေခဲ့ရသည်။

ငယ်ရွယ်သူမိန်းကလေးတစ်ဦးဖြစ်သူ မာမာဦးသည် မိဘများနှင့်အတူ မန္တလေးတွင် နေထိုင်ခဲ့ပြီး စာသင်ရသည်ကို နှစ်သက်သည်။ သူမ ၃ နှစ်သမီးအရွယ်တွင် သူမ၏ မိခင်ကွယ်လွန်ခဲ့ပြီး ပြဇာတ် ရေးဆရာဖြစ်သူ သူမ၏ဖခင်မှာ နောက်အိမ်ယာထူထောင်ခြင်းမရှိခဲ့ပေ။

၁၉၈၉ ခုနှစ်တွင် မာမာဦးသည် အမျိုးသားနိုင်ငံရေးမဟာမိတ်ပါတီ၏ လူငယ်ဝါဒဖြန့်ဌာနခွဲတွင် တာဝန် ခံအဖြစ် တာဝန်ထမ်းဆောင်စဉ် လက်ကမ်းစာစောင်များ ဖြန့်ဝေသည့်အတွက် မန္တလေး၌အဖမ်းခံခဲ့ ရသည်။ ထောင်ထဲတွင် သူမသည် အရိုက်ခံရခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခံခဲ့ရသည်။

"ပထမ ၃ လ စစ်ကြောရေးလုပ်နေတဲ့အချိန်မှာ ကျမအဖေကို တွေ့ခွင့်မပေးဘူး။ ကျမ လူမဆန်စွာ အရိုက်ခံရတယ်။ တစ်ယောက်က အရှေ့ကနေရိုက်တယ်။ နောက်တစ်ယောက်က အနောက်ကရိုက် တယ်။ အဲ့ဒီအချိန်တုန်းက ကျမဆီမှာ အညိုကွက်တွေ၊ ကွဲပြဲတဲ့ဒဏ်ရာတွေကြီးပဲ။ ကျမရဲ့ခေါင်းကို အိတ်ထဲမှာထည့်တယ်။ သူတို့မေးတဲ့မေးခွန်းကို ကျမမဖြေနိုင်ဘူးဆိုရင် ကျမသတိ လစ်သွားတဲ့အထိ အိတ်ကို ဆွဲပိတ်လိုက်တယ်။"

၎င်းနောက်တွင် မာမာဦးသည် ၃ ရက်ကြာ အစားအသောက်မရရှိခဲ့ပေ။ သူမအား ညှဉ်းဆဲသည့် အနေဖြင့် အစောင့်များက ရည်ရွယ်ချက်ရှိရှိနှင့် သူမ၏အရှေ့တွင် ပျော်ရွှင်စွာ အစားအသောက်များ စားပြခဲ့သည်။

ထောင်ထဲတွင် ရက်စက်ကြမ်းကြုတ်စွာ ရိုက်နှက်ခံခဲ့ရသည့်အဖြစ်ပျက်တစ်ခုကို ယခုကဲ့သို့ ပြန်လည် ပြောပြခဲ့သည်။ "ကျောကုန်းကို ထပ်တလဲလဲ အကန်ခံရတော့ ၆ လ လောက်ရာသီ မလာတော့ဘူး။ ထောင်အာဏာပိုင်တွေက ကျမတစ်ယောက်ယောက်နဲ့ မှားယွင်းလို့ ဗိုက်ကြီးနေတယ်ဆိုပြီး ကျမ အဖေကို လှမ်းအကြောင်းကြားတယ်။ ထောင်အာဏာပိုင်တွေပြောတာကို အဖေက ကျမကို ပြန်ပြော ပြတော့ ကျမလည်း အမှန်အတိုင်းပဲ ပြောပြလိုက်တယ်။"

သူမအဖေ၏ အကူအညီဖြင့် မာမာဦးသည် ရာသီလာစဉ်နာကျင်သည့် ပြဿနာကို ကုသခွင့်ရရှိခဲ့ သည်။ သို့သော်လည်း ကြီးစွာသော နာကျင်ကိုက်ခဲသည့်ဝေဒနာကို နှစ်ပေါင်းများစွာ ခံစားခဲ့ရသည်။ သူမသည်လည်း ဒုက္ခဆင်းရဲအလွန် ရရှိသော စိတ်ဖိစီးမှုကို ခံစားခဲ့ရသည်။

သူမပြန်လွတ်လာသောအချိန်တွင် မာမာဦးသည် လှည်းတန်းတွင် ကျူရှင်ပြကာ တက္ကသိုလ် ဆက် တက်ခဲ့သည်။ သို့သော်လည်း ၁၉၉၆ ခုနှစ် ကျောင်းသားလှုပ်ရှားမှု အရေးတော်ပုံတွင် ပါဝင်ခဲ့ သည့်အတွက် ထပ်မံအဖမ်းခံခဲ့ပြီး ထောင် ၁၄ နှစ်ကျခဲ့သည်။

မာမာဦးသည် အင်းစိန်ထောင်တွင် ၉ နှစ်ခွဲ နေခဲ့ရပြီး ၂၀၀၅ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန် လွတ်ခဲ့သည်။ သူမသည် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ထောက်ခံအားပေးသူများမှ အဖြူရောင် အဝတ်အစားများဝတ်ဆင်ပြီး နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးကို တောင်းဆိုသော အဖြူ ရောင်ကမ်ပိန်းတွင်ပါဝင်ခဲ့ကြသည်။ ၂၀၀၈ ခုနှစ်တွင် သူမ၏အီးမေးလ်အား အာဏာပိုင်များမှ ကြားဖြတ် ဖော်ထုတ်နိုင်မှုဖြင့် တတိယအကြိမ်အဖမ်းခံခဲ့ရသည်။

ဇန်းမော်ထောင်သို့အရွှေ့ခံရပြီးနောက် မာမာဦးသည် သူမဖခင်အဖမ်းခံရပြီးနောက် ဆုံးပါးသွားသည်ဟု ကြားသိခဲ့ရသည်။ သွေးတိုးနှင့် နှလုံးရောဂါအခံရှိသော သူမဖခင်သည် မာမာဦးအား ထောင်အနှစ် ၇၀ အထိ ထပ်တိုးလိုက်သည်ဟု ကြားသိလိုက်ရသောအချိန်တွင် သူ၏ကျန်းမာရေးမှာ ထိုးကျသွား ခဲ့သည်။ မာမာဦးသည် သူမဖခင်၏ စျာပနသို့ တက်ရောက်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။

"ကျမအဖေဖျားနာနေတဲ့အချိန်မှာမပြုစုလိုက်ရတဲ့အတွက် ကျမ အရမ်းကို ဝမ်းနည်းမိတယ်။ ဒါပေမဲ့ ကျမအဖေ ဆုံးပြီး ၇ ရက်မြောက်တဲ့နေ့ ရန်ကုန်မှာ အဖေ့အတွက် အလှူပြုလုပ်နေတဲ့တချိန်တည်းမှာ ပဲ ထောင်ထဲကို ဘုန်းကြီးတွေကြွလာတဲ့အတွက် ကျမအလှူပြုလုပ်လိုက်နိုင်ခဲ့တယ်။"

"နိုင်ငံရဲ့ဖွံ့ဖြိုးရေးဖြစ်စဉ်ထဲမှာ ကျမက အရေးပါတဲ့ အထောက်အကူပြုပေးနိုင်တဲ့ သူတစ်ယောက်ဖြစ်ဖို့ ကျမအတွက် အရမ်းအရေးကြီးတယ်။ ထောင်တွင်းအတွေ့အကြုံနဲ့ အလုပ်သမားသမဂ္ဂအတွက် ဆောင်းပါးတွေရေးနေပါတယ်။ ကျမရဲ့ ဗဟုသုတတွေ အတွေ့အကြုံတွေကို ဖလှယ်ပေးချင်တယ်။ ကျမအသက်ကြီးလို့ အိုမင်းလာတဲ့အချိန်မှာ နေရာလေးတစ်ခုမှာ အေးအေးချမ်းချမ်းနဲ့ စာရေးချင် တယ်။"

၂၀၁၂ ခုနှစ်တွင် မာမာဦးနှင့် ၈၈ အဖွဲ့မှ နိုင်ငံရေးအကျဉ်းသားများသည် နိုင်ငံအနှံ့အပြားတွင် ရှိသော ထောင်ပေါင်းစုံမှ လွတ်မြောက်လာစဉ် မိသားစုများလာရောက်ကြို ဆိုကြသောအချိန်တွင် သူမသည် တစ်ဦးတည်း ဖြစ်နေခဲ့သည်။ "အဲ့ဒီအချိန်မှာ ကျမအဖေကို အရမ်းသတိယတယ်။ ဒီသောက ပူဆွေးမှုကို ကြံ့ကြံ့ခံနိုင်ဖို့ အရမ်းခက်တယ်။ ကျမပြန်လွတ်တဲ့ညမှာ ကျမသူငယ်ချင်းက ကျမကို လာကြိုပါတယ်။ ဒါပေမယ့် ကျမက အဖေရဲ့ မျက်နှာကိုပဲ တွေ့ချင်နေခဲ့တယ်။"

လက်ရှိအချိန်တွင် မာမာဦးသည် တိုက်ခန်းတစ်ခုတွင် ယာယီနေထိုင်နေပြီး ပြည်နယ်နှင့်တိုင်း အသီး သီးမှ အလုပ်သမားများအား အလုပ်သမားဥပဒေနှင့် အလုပ်သမားရေးရာကိစ္စတို့ကို သင်တန်းပို့ချ လျှက်ရှိသည်။



# Mu Dah

ကရင်



Mu Dah သည် ငယ်ရွယ်တတ်ကြွသူဖြစ်သလို ရက်တတ်သော ၂၂ အရွယ်အမျိုးသမီးတစ်ဦးဖြစ်ပြီး စစ်ဖြစ်သည့်ကာလတွင် မွေးခဲ့သည်။ သူမသည် မိသားစုတွင် အငယ်ဆုံးဖြစ်သည်။ သူမ မွေးကင်းစအရွယ်တွင် သူမ မိသားစုသည် ကျီးပင်အီး (Kyee Pin Ehi) ရွာမှ ပြောင်းရွှေ့ခဲ့ရပြီး သူမတို့ ပိုင်ဆိုင်သော ပစ္စည်းတို့ကို ဆုံးရှုံးခဲ့ရသည်။

တနေရာမှ တနေရာသို့ အဆက်မပြတ် ပြောင်းရွှေ့နေရသည့်အတွက် သူမ၏ မိခင်သည် ကိုယ်ဝန်ဆောင်နေ သည့်ကာလအတွင်း မည်သည့် ကျန်းမာရေးစောင့်ရှောက်မှုမှ မရရှိခဲ့ပေ။ သူမ၏မိခင်သည် သူမအားမွေးပြီးပြီး ခြင်း ဆုံးပါးသွားခဲ့သည်။ မွေးကင်းစအရွယ် Mu Dah သည် လိုအပ်သည့် နို့နှင့် သင့်တင့်သော အဟာရဖြစ် သည့် အစားအစာများမရရှိသည့်အတွက် သေခါနီး ဖြစ်ခဲ့သည်။ သူမ၏ မိခင်သည် သူမအားမွေးဖွားပြီး သေဆုံးသွားသည်ကို သိရသည့်အချိန်တွင် Mu Dah သည်ဝမ်းနည်းပက်လက်ဖြစ်ခဲ့ရသည်။

သူမ မိန်းမငယ်လေးအရွယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ အထူးသဖြင့် မုဒိမ်း ရှမ်းလူမျိုးဖြစ်သူ မြန်မာစစ်တပ်အရာရှိ ရှမ်းပု (Shan Pu) သည် မြန်မာကွန်မန်ဒိုတပ်ဖွဲ့ကို ဦးဆောင်ပြီး ရွာသားများကြားတွင် အကြောက်တရားနှင့် ဖိနှိပ်မှုကြီးစိုးသော အခြေအနေတစ်ခုကို ဖန်တီးလိုသည့် ရည်ရွယ်ချက်ဖြင့် လူထုများ အရှေ့တွင် လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်မှုတို့ကို ပြုလုပ်ခဲ့သည်ကို ကိုယ်တိုင် တွေ့မြင်ခဲ့ရသလို တချို့ကို ကြားသိ ခဲ့ရသည်။ သို့သော်လည်း ဆက်လက်အသက်ရှင်နိုင်ဖို့အတွက် ထိုအဖြစ်အပျက်နှင့် ပတ်သက်သည့် ပုံရိပ်တို့ကို ဖျောက်ပစ်ထားခဲ့သည်။ ထိုအစား သူမ၏ ပျော်ရွှင်စရာကောင်းသည့် ငယ်ဘဝတွင် ဆိုးနွဲ့ခဲ့ရသော အချိန်တို့ကိုသာ သတိရနေခဲ့သည်။

Mu Dah တို့တွင် မိသားစုဝင် ၅ ဦးရှိပြီး စိုက်ကွင်းထဲတွင် အလွန်အမင်းပြင်းပြင်းထန်ထန် အလုပ်လုပ်ကြရ သည်။ သူမတို့နေသည့် အနီးတဝိုက်တွင် လုပ်ငန်းအခွင့်အလမ်းများ နည်းပါးသည့်အတွက် စိတ်မကောင်း ဖြစ်မိသည်။



# နီမိုလှိုင်

နိုင်ငံရေးအကျဉ်းသားဟောင်း

ပျော်ပျော်နေတတ်ပြီး ဟာသဉာဏ်ရှိသော နီမိုလှိုင်သည် သတင်းထောက်အလုပ်ဖြင့် ရပ်တည်နေ သူဖြစ်ပြီး ထောင်နှစ်ကြိမ်ကျခဲ့သည်။ နီမိုလှိုင်သည် နိုင်ငံရေးလှုပ်ရှားမှုတွင် အစောပိုင်းကတည်းက ပါ ဝင်ခဲ့ပြီး နောက်ပိုင်းတွင် ပိုမိုတတ်ကြွစွာ ပါဝင်လာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ပါဝင် ခဲ့ပြီး လူငယ်၊ အလုပ်သမားနှင့်လယ်သမားတို့၏ အခွင့်အရေးအတွက် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ပုဒ်မ ၁၀၊ ၁၉၇၅ နိုင်ငံတော်ကာကွယ်ရေးဥပဒေ (အစိုးရအား ဆန့်ကျင်သူ မည်သူမဆို အမှုစစ်ဆေးခြင်းမရှိပဲ ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်နိုင်သည်) အရ ရန်ကုန်ရှိ အင်းစိန်ထောင်တွင် ၂ နှစ် ထောင်ကျခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် နှစ်ကြိမ်တိုင် အဖမ်းခံခဲ့ရသည်။ ထို့နောက် မကွေးတိုင်း သရက်ထောင်တွင် ထောင်ဒဏ် ၇ နှစ် ပစ်ဒဏ်ပေးခံခဲ့ရသည်။ သူမအဖမ်းခံရသောအချိန်တွင် အိပ်စက်ခွင့်မရရှိခြင်းအပါအဝင် ပြင်းထန်သော စစ်ဆေးမေးမြန်းမှုများကို ကာလတခုအထိ ဒုက္ခခံစားခဲ့ရသည်။

"ကျမတို့အများစုကို အရာရှိတွေပြောင်းပြီး တစ်ယောက်ချင်းဆီ စစ်ဆေးတယ်။ စစ်ဆေးမေးမြန်းတာကို နေ့ရောညရောပြုလုပ်ခဲ့တယ်။ တနေကုန်သွားပြီးဆိုရင်တော့ ကျမတို့တွေက မောပမ်းပြီး အိပ်ပျော်သွားရော။ အဲ့ဒီအချိန်မှာ အရာရှိကရောက်လာပြီး အိပ်ချိန်မဟုတ်ဘူးဆိုပြီး မေးခွန်းတွေ ဆက်မေးပါတယ်။ တစ်ခါတလေဆိုရင် ၂ ရက် ၃ ရက်ဆက်တိုက် မေးခွန်းတွေမေးခံရတယ်။"

နီမိုလှိုင်သည် ကာအိန္ဒြေထိပါးစော်ကားခြင်းကို စစ်ကြောရေးပြုလုပ်ခံရစဉ်အတွင်း အစောင့်များမှ ကျူးလွန်ခဲ့ပြီး အချုပ်ထဲတွင်လည်း ထောင်ဆရာဝန်မှ ကျူးလွန် ခြင်းကိုခံခဲ့ရသည်။

နီမိုလှိုင်သည် စုစုပေါင်း ထောင် ၅ နှစ်ကျခဲ့သည်။ သူမထောင်ထဲတွင် ရှိစဉ်အတွင်း သူမ၏ချစ်လှစွာသော ၂ နှစ်အရွယ်မောင်လေးနှင့် အစ်မကို ဆုံးရှုံးခဲ့ရသည့်အတွက် ထိုခံစားချက်ကို ရင်ဆိုင်ဖြတ်ကျော်ခဲ့ရသည်။ ၂၀၁၂ ခုနှစ်တွင် နိုင်ငံအနှံ့အပြားတွင်ရှိသော နိုင်ငံရေးအကျဉ်းသားများ ပြန်လွတ်လာသည့် တစ်ချိန်တည်းတွင် သူမသည်လည်း ထောင်မှပြန်လွတ်လာခဲ့သည်။

> အဲ့ဒီရက်မှာ အယောက် ၁၀၀ လောက် ထောင်ကနေ လွတ်မြောက်ခဲ့တယ်လို့ထင်တယ်။ ၈၈ အဖွဲ့ဝင် တွေအဖြစ် ခံယူထားတဲ့ သူတွေအကုန်လုံးနီးပါး အဲ့ဒီရက်မှာ လွတ်မြောက်ခဲ့တယ်။ ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ဝင်တွေလည်း အဲ့ဒီရက်မှာ အတူတကွလွတ်မြောက်ခဲ့တယ်။ နိုင်ငံ အနှံ့အပြားက နိုင်ငံရေးသမားတွေလည်း လွတ်လာတယ်။ ဒီလိုအဖြစ်အပျက်မျိုး ကျမတို့နိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ အတွင်း ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူး။ နိုင်ငံရေးအကျဉ်းသားတွေက သေတဲ့ အထိ ထောင်ထဲမှာပဲ နေရတော့မယ်လို့ ကျမတို့ထင်ထားခဲ့တာ။

နီမိုလှိုင်သည် သူမ၏ အတွေ့အကြုံများမှ ဒုက္ခဝေဒနာများ ကြီးစွာရရှိခဲ့ပြီး သူမ၏ပုဂ္ဂလိက ဘဝမှာ လည်း အဆင်ပြေချောမွေ့မှုမရှိပဲ ခက်ခဲခဲ့သည်။ အကျိုးဆက်အနေဖြင့် စိုးရိမ်ကြောင့်ကြမှု ဝေဒနာကို မကြာခဏခံစားနေရသည်။

နီမိုလှိုင်သည် မိသားစုအတွင်းမှာပင် တရားမျှတမှုမရှိဟု သူမခံစားနေရသည်။ သူမသည် သူမ၏ ကိုယ်ပိုင် မူ၊ ရပ်တည်ချက်အတိုင်း ရပ်တည်နေသည့်အတွက် မိသားစုက သူမအပေါ် လွဲမှားသည့် သဘောထား ထင်မြင်ချက်များရှိနေသည်ဟု ခံစားနေမိသည်။

"တခါတရံမှာ အာဃာပိုင်တွေဆီကရတဲ့ စိတ်အနာတရတွေထက် မိသားစုနဲ့ လုပ်ဖော်ကိုင်ဖက်တွေ ကြားမှာဖြစ်တဲ့ မသင့်မြတ်မှု ပဋိပက္ခတွေဆီကရတဲ့စိတ်ဒဏ်ရာက ပိုပြီးဆိုးရွားပြင်းထန် တယ်ဆိုတာပါပဲ။"

နီမိုလှိုင်သည် ပညာတတ်တယောက်ဖြစ်သည်။ ဆရာမဟောင်းတစ်ဦးဖြစ်ပြီး လက်ရှိတွင် သတင်း ထောက်တစ်ဦးဖြစ်သည်။ သူမမွေးထားသော ကလေးတစ်ဦးမှမရှိသော်လည်း သူမ၏တူမများအား ကြည့်ရှုစောင့်ရှောက်နေရသည်။ သူမတွင် ကြီးမားသောမျှော်လင့်ချက်အဖြစ် သူတို့လေးတွေကို နိုင်ငံ ရေး စင်မြင့်တွင် ကြီးမြင့်သောသူများ၊ နိုင်ငံ့ခေါင်းဆောင်များဖြစ်စေလိုသည်။





# Nu Tawng

ကချင်

Nu Tawng သည် သီးသန့် နေထိုင်တတ်သော်လည်း ကြင်နာတတ်သော အမျိုးသမီးတစ်ဦးဖြစ်သည်။ ၂၀၀၇ ခုနှစ် အပစ်ခတ်ရပ်စဲထားသောကာလတွင် သူမ၏သမီး သေဆုံးသွားသည့်အပေါ် လက်ခံနိုင်ခြင်းမရှိသေးပေ။ မြန်မာစစ်သားတို့သည် သက်သေမရှိပဲ သူမ၏ သမီးအားဖမ်းဆီးကာ အုပ်စုလိုက် မုဒိမ်းပြုကျင့်ပြီး ထိုမိန်းမငယ် အားသတ်ပစ်လိုက်ကြသည်။

Nu Tawng ၏ အမျိုးသားသည် ထိုကိစ္စနှင့်ပတ်သတ်ပြီး နည်းနည်းမျှပြောဆိုလိုခြင်းမရှိပေ။ သမီးအဖမ်းခံရစဉ် ဝတ်ထားခဲ့သော အဝတ်အစားတို့ကို မိမိတို့အား Nu Tawng ၏ အမျိုးသားမှ ပြပေးခဲ့သည်။ သမီးလေး ဆုံးပါး သွားပြီးမကြာခင်မှာ သူ့အားသူ့သမီးမှ အရိပ်အယောင်ပေးသည် ဟု Nu Tawng ၏ အမျိုးသားမှ မိမိတို့အား အောက်ပါကဲ့သို့ ရှင်း ပြခဲ့သည်။

"ကျနော်သမီးက သစ်ပင်ငယ်တစ်ပင်ကို ဆွဲခါနေတယ်။ သမီးလားလို့ ကျနော်မေးလိုက်တယ်။ သမီးက သစ်ပင် ကို ထပ်ခါတယ်။ ကျနော်



အဲ့ဒီသစ်ပင်ရှိတဲ့နေရာကို သွားပြီး လိုက်ပတ်ကြည့်ခဲ့တယ်။ ပထမတော့ ကျနော့်သမီးဝတ်ထားတဲ့ ထမီကို တွေ့ရတယ်။ သမီးကို ကျနော် နေရာအတော်များများမှာ လိုက်ရှာ တယ်။ နေရာတိုင်းမှာ ရှာနေပေမယ့် သမီးကို မတွေ့ရဘူး။ ရေထဲမှာလည်း ကျနော်လိုက်ရှာတယ်။ အဲ့ဒီနောက် ကျနော့်ရဲ့ အမြင်အာရုံထဲမှာ သမီးကို မြန်မာစစ်သားတွေက ခေါ်သွားတဲ့လမ်း၊ ထမီဖွဲ့ထားတဲ့နေရာကို တွေ့ရ တယ်။ သမီးက သစ်ပင်ကို တင်းတင်းကြပ်ကြပ်ဖက်ထားတယ်။ ဒါပေမဲ့ စစ်သားတွေက သမီးကို အတင်းဆွဲ တယ်။ ကျနော်သစ်ပင်ကို သေချာကြည့်တယ်။ မြေရာ လက်ရာတွေကိုလည်း ကြည့်တယ်။ အဲ့ဒီနေရာကနေ သမီးကို ဆွဲသွားတဲ့ပုံပဲ။ အဲ့ဒီနေရာမှာ သမီးရဲ့ ခြင်းတောင်းနဲ့ဆန်ထုတ်ကို တွေ့ရတယ်။"

တောထဲတွင် ပထမဦးဆုံး သူ၏ သမီးအလောင်းအားတွေ့ခဲ့ရသည့်နေရာကို သုတေသီများအား လိုက်ပြခဲ့ သည်။

Nu Tawng နှင့် သူမ၏ အမျိုးသားသည်အကြမ်းဖက်ကျူးလွန်သူ နှစ်ဦးထဲမှ တစ်ဦး၏ နာမည်ကို သိရှိခဲ့ရပြီး ဤရာဇဝတ်မှုနှင့်ပတ်သက်ပြီး အာဏာပိုင်တို့ဆီကို သတင်းပို့ခဲ့သည်။ ဒေသခံ စစ်တရားရုံးတွင် အမှုစစ်ဆေးမှု များပြုလုပ်ခဲ့သည်။ တရားခံတစ်ဦးအား ပြစ်ဒဏ်ချမှတ်ပေးလိုက်သည်ဟု Nu Tawng နှင့် သူမ၏ အမျိုးသား တို့အား ပြောပြခဲ့ကြသည်။ သို့သော်လည်း ထိုတရားခံအား ထောင်သွင်းအကျဉ်းချခြင်းရှိမရှိ သေချာစွာ မသိရှိခဲ့ ရပေ။ သူမတို့အား အလွတ်သဘော ကျပ် ၅၀၀,၀၀၀ (US ဒေါ်လာ ၅၀၀) ပေးပြီး သဘောတူညီချက် စာချုပ်တွင် လက်မှတ်ရေးထိုးခိုင်းခဲ့သည်။ အမှုနှင့်ဆက်စပ်သည့် ကုန်ကျမှုတို့အတွက် ထိုငွေကို အသုံးပြုခဲ့ ရသည်။ Nu Tawng နှင့် သူမ၏အမျိုးသားမှာ ထိုကဲ့သို့ အမှုကို ပိတ်လိုက်ရသည့်အပေါ် ကျေနပ်မှု မရှိခဲ့ပေ။ သူမတို့၏ သမီးလေးအတွက် တရားမျှတမှုကို ဆောင်ကြဉ်ပေးနိုင်ခြင်းမရှိဟု ခံစားရသည်။ Nu Tawng နှင့် သူမ၏အမျိုးသားမှာ တိုက်ပွဲပြန်ဖြစ်သောကြောင့် ၎င်းတို့နေထိုင်သော ရွာမှ ထွက်ပြေးခဲ့ရပြီး ယခုအခါတွင် စစ်ပြေးရှောင်စခန်းတွင် နေထိုင်လျှက်ရှိသည်။

အကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူ အမျိုးသမီးများ အစည်းအဝေး မတိုင်ခင်တွင် Nu Tawng သည် အထီးကျန်သည်ဟု ခံစားခဲ့ရသည်။ သူမ၏ သမီးအသတ်ခံရသည့်ကိစ္စနှင့်ပတ်သက်ပြီး မည်သူမျှ စိတ်ဝင်စားမှု မရှိနိုင်ဟု ထင်မြင်သည့်အတွက် သူမ၏ မျှော်လင့်ချက်တို့ကို စွန့်လွှတ်ခဲ့ဖူးသည်။ သူငယ်ချင်းအသစ်တို့ကို တွေ့ခွင့်ရရှိသည့်အတွက် စီစဉ်သူများအား ကျေးဇူးတင်မိသည်။ "ကျမရဲ့ ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ အဖြစ်အပျက်တွေကို သူတို့နားထောင်ပေးတယ်။ အခုဆိုရင် သူတို့ကို ရင်ဖွင့်ခွင့်ရခဲ့တဲ့အတွက် ကျမရဲ့ နာကျင်မှုတွေက ထက်ဝက်လျော့သွားတယ်လို့ ခံစားမိတယ်။"

"ခန္ဓာကိုယ်က ဒီမှာရှိပြီးတော့ ခေါင်းကတော့ တခြားတဖက်ကို လှည့်နေတယ်။ ဒီနေရာကို ရဲကိုလည်း ကျနော် ပြခဲ့တယ်။ ကျနော့်သမီး အသတ်ခံရတဲ့အချိန်တုန်းက မိုးတွေက သဲသဲမဲမဲရွာနေတာ။ ရွာသားတွေက သမီး အလောင်းကိုရှာတဲ့နေရာမှာ ဝိုင်းကူပေးကြတယ်။ ဒီနေရာကို ကျနော်ပဲစတွေ့ခဲ့တာ။ ဒီသစ်ပင်က ကျနော့်သမီး လှုပ်ခါခဲ့တဲ့သစ်ပင်လေ။ ကျနော့်သားကိုတော့ တခြားလမ်းကြောင်းကို သွားခိုင်းလိုက်တယ်။ သူ့အစ်မရဲ့ သေနေတဲ့ အလောင်းကိုတွေ့ရင် သူ့အရမ်းကို တုန်လှုပ်သွားမှာ စိုးတယ်လေ။"



"ကျမတို့ကို လက်ခံထားရတဲ့
သူတွေအတွက်လည်း
အခက်အခဲတွေဖြစ်လာတယ်။
ဒီမှာနေရတာ အရမ်းကို
ကြာနေပြီးဖြစ်တော့
ကျမတို့အတွက်လည်း
နာကျင်ရတာပဲ။
ဧည့်သည်အဖြစ်နဲ့
နေမယ်ဆိုရင် ၃
ရက်လောက်ပဲ နေသင့်တယ်။
ဒါပေမဲ့ အခုတော့ နှစ်ပေါင်း
၄၀ လောက်ကြာသွားပြီး။
မယုံနိုင်စရာပဲ။
ဒါကြောင့်လည်း ကျမတို့ရဲ့
နေရာကို ပြန်ချင်တာပေါ့။"

# Nyar Bwe

ကရင်

၁၉၉၀ တွင် သူမအသက် ၂၇ နှစ်အရွယ် မီးဖွားပြီး ၁၀ ရက်အကြာတွင် Nyar Bwe သည် ရွာသူကြီးဖြစ် လာခဲ့ သည်။ ယခုအချိန်တွင် သူမသည် အသက် ၅၈ နှစ်ရှိပြီး သူမတွင် သား ၂ ယောက်နှင့် သမီး ၂ ယောက်ရှိသည်။ Nyar Bwe သည် ပဋိပက္ခကြောင့် နှစ်ပေါင်း ၄၀ ကျော်ကြာ အိုးအိမ်မဲ့ဘဝဖြင့် နေထိုင်ခဲ့ရပြီး သူမပိုင်ဆိုင်သော ပစ္စည်းဥစ္စာတို့မှာလည်း ဆုံးရှုံးခဲ့ရသည်။  စစ်ဖြစ်သည့်ကာလအတွင်း ခက်ခဲသည့် အချိန်တို့တွင်



အသက်ရှင် ရပ်တည်နိုင်ခဲ့ပြီး သူမ၏ မောင်နှမ ၆ ဦးနှင့် သားသမီးအချို့တို့ကို ကျွေးမွေးစောင့်ရှောက်နိုင်ခဲ့သည်။

ရွာသူကြီးတစ်ဦး၏ တာဝန်တို့ကို ဖြည့်ဆည်းနိုင်ရန် တခါတရံတွင် သူမ၏ မောင်နှမနှင့် သားသမီးတို့ကို ချန်ထားခဲ့ရသည်။ ရွာသားများမှ အတင်းအဓမ္မလုပ်အားပေးများအဖြစ် ခဲခက်ကြမ်းတမ်းသော အလုပ်တို့ကို လုပ်ရမည့်အချိန်တွင် သူမသည် စစ်တပ်စခန်းသို့သွားပြီး မြန်မာစစ်အရာရှိတို့နှင့် ရွာသားများအိမ်ပြန်ခွင့် ရရှိရန် သွားရောက်ညှိနှိုင်းခဲ့သည်။ တစ်ကြိမ်တွင် သူမသည် စစ်ကြောခံရပြီး မြန်မာစစ်တပ်၏ ညှဉ်းပမ်းနှိပ်စက်မှုကို ခံခဲ့ရသည်။ ကရင်သူပုန်အား အားပေးထောက်ခံသူအဖြစ်သော်လည်းကောင်း နေအိမ်တွင် သေနတ်ဆောင် ထားသည်ဟု သူမအားစွပ်စွဲခဲ့သည်။ ထိုစွပ်စွဲချက်ဖြင့် သူမသည် ၁၉၉၀ ခုနှစ်တွင် ၁၅ ရက်ကြာ အဖမ်းခံရပြီး စစ်ကြောခံခဲ့ရသည်။

Nyar Bwe သည် သူမမိသားစုအား ပြင်းထန်စွာ အကြမ်းဖက်မှုတို့ကို မျက်မြင်ကိုယ်တွေ့ တွေ့ကြုံခဲ့ရသည်။ သူမ၏ တစ်ဝမ်းကွဲသည် သူမရှေ့တွင် ပစ်သတ်ခံလိုက်ရသည်။ သူမ၏ အစ်ကိုတစ်ဦးမှာ မြေမြှုပ်မိုင်းကြောင့် သေဆုံး ခဲ့သည်။ သူမ၏ အစ်ကို သေဆုံးချိန်တွင် အစ်ကို၏ ကလေးများနှင့် သူမ၏ ကလေးတို့ကို ကြည့်ရှုစောင့် ရှောက် ခဲ့ရသည်။ ဘဝသည် အလွန်ကြမ်းတမ်းလွန်းသည်။ ပုံမှန်အားဖြင့် သူမတို့မိသားစုတွင် စားစရာ ထမင်းအနည်း ငယ်၊ ကြက်သွန်နီနှင့်ဆားသာ စားသောက်ရန်အတွက် ရှိသည်။

ယခုအခါတွင် နိုင်ငံရေးအခြေအနေမှာ ပိုပြီး ကောင်းမွန်လာပြီး ဖြစ်သည့်အတွက် Nyar Bwe သည် အခြား သူများ ခြံထဲတွင် အလုပ်လုပ်လျှက်ရှိသည်။ ကိုက်ခဲနာကျင်မှုများကို ခံစားနေရသော်လည်း သူမ အလုပ်ကို ကြိုး စားပြီး လုပ်နေသည်။ ငွေအထောက်အပံ့အနေဖြင့် ကုလသမဂ္ဂကလေး ရံပုံငွေများအဖွဲ့ (UNICEF) မှ ကျပ်ငွေ ၃၀,၀၀၀ သာယနေ့အချိန်ထိ ရရှိသေးသည်။

Nyar Bwe သည် သူမ၏ မွေးရပ်မြေသို့ပြန်ပြီး နေထိုင်မည်ဟု ခိုင်မာစွာ ဆုံးဖြတ်ထားသည်။ သူမသည် အာဏာပိုင်များနှင့်ဆက်ဆံရသည်ကို စိတ်မရှည်ပေ။ သူမတို့ပြောင်းရွှေ့နေထိုင်ခဲ့သည့် စစ်ပြေးရှောင်စခန်းတွင် နေထိုင်ခဲ့သည်မှာ အချိန်ကြာမြင့်လှပြီးဟု ခံစားရသည်။

*"မြန်မာအစိုးရက ကျမတို့ကို ရွာမှာ ပြန်ပေးနေမယ်လို့ကြားတယ်။ ဒါပေမဲ့လည်း လက်တွေ့မှာတော့ ဖြစ်မလာ သေးဘူးပေါ့။ ကျမတို့က တခြားရွာမှာနေနေတာ။ တစ်ပါးသူရဲ့ မြေပေါ်မှာ ကျမတို့နေနေရတယ်။ အခုဆိုရင် အရမ်းကြာခဲ့ပြီး။ ကျမကလေးဘဝတုန်းက ဒီနေရာကို ပြောင်းရွှေ့လာခဲ့တာ။ အခုဆိုရင် ကျကလေးတွေ တောင်မှ လက်ထပ်ပြီးကြပြီးလေ။ ကျမတို့ ကိုယ့်အိမ်ကို ကိုယ့်ဘာသာဆောက် နေတယ်ဆိုပေမယ့် ကျမတို့ မပိုင်တဲ့ သူများမြေမှာ နေနေရတုန်းပဲ။ ကျမတို့ မြေတောင်းဝယ်တာတောင်မှ သူတို့က မရောင်းဘူး။"*

Nyar Bwe သည် အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူ အမျိုးသမီးများနှင့် ပြုလုပ်သော အလုပ်ရုံ ဆွေးနွေးပွဲကို တက်ရောက်နေသည့်အကြောင်း သူငယ်ချင်းများအား ပြောပြသောအခါတွင် သူမ၏ သူငယ်ချင်း အများစုသည် သူမ၏ လုံခြုံရေးအတွက် စိုးရိမ်ကြသည်။ သူမကို ထိုအလုပ်ရုံဆွေးနွေးပွဲသို့ မတက်ရောက်နိုင်ရန် သူမအား သတိပေးခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ သို့သော်လည်း သူမ၏ ယုံကြည်မှုတို့ကို ပြောင်းလဲအောင် မပြုလုပ်နိုင်ပေ။ Nyar Bwe ၏ သူငယ်ချင်းများမှာလည်း လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ပြောချင်ကြသော်လည်း လက်တုန့်ပြန်ခံရမည်ကို ကြောက်ရွံ့သည့်အတွက် မပြောရဲကြသည်ကို Nyar Bwe ၏ ပြောပြချက်အရ သိရှိခဲ့ရသည်။



# Nyar Eh Khu

ကရင်



ဖတ်လေးဖြတ်အချိန်ကရင်ခုခံတော်လှန်ရေးသမားတစ်ဦး၏ သမီးဖြစ်သူ Nyar Eh Khu သည် သူမ၏ မ မြန်မာစစ်တပ်နှင့် ဝေးရာသို့ ထွက်ပြေးနေစဉ်အတွင်း တောတွင်းတစ်နေရာတွင် မွေးဖွားခဲ့သည်။ ပြေးလွှားနေသည့်အချိန်တွင် သူမ၏ မိခင်သည် ငှက်ဖျားရပြီးပြင်းထန်စွာ ဖျားနာနေသည့်အတွက် သူမအားနို့တိုက်နိုင်ခြင်းမရှိပေ။ သူမ၏ မိခင်သည် နို့ရည် လုံလောက်စွာ မထွက်သည့်အတွက် Nyar Eh Khu သည် နို့အစား ပျားရည်ကို သောက်ခဲ့ရသည်ကို အမှတ်ရနေခဲ့သည်။ ပဋိပက္ခဖြစ်နေသည့်ကာလတွင် ကလေးမွေးဖွားခြင်းသည် အလွန်စွန့်စားရသည်။ ၂၀၀၇ခုနှစ် စစ်ပွဲနောက်တခါထပ်ဖြစ်ပြီး သူမတို့သည်တောထဲသို့ပြေးဝင်ပုန်းအောင်းနေရသည်။ ထိုသို့ပြေးနေစဉ်အတွင်းကျောင်းဆရာမတစ်ဦးဖြစ်သူ ကိုယ်ဝန်အရင့်အမာနှင့် သူမ၏ အစ်မမှာ မီးမဖွားနိုင်သည့်အတွက် မီးတွင်းတွင် သေဆုံးသွားခဲ့သည်။  သူမသေဆုံးချိန်တွင်သမီးငယ်လေး တစ်ဦးသာကျန်ရစ်ခဲ့သည်။

၁၉၉၉ ခုနှစ် မတ်လတွင် Nyar Eh Khu မှ မူကြိုးအောင်လက်မှတ်သွားယူသည့်လမ်းတွင် ရှမ်းပု သူမတို့ ရွာသို့ ရောက်လာခဲ့သည်။ သူမ၏ အိမ်နီးချင်းတို့ကို ကွန်မန်ဒိုတပ်ဖွဲ့များမှ ရိုက်နှက် ညှင်းပန်းခဲ့သည်။ ၃၉ နှစ်ရှိပြီးဖြစ်သည့်သူမသည် အိမ်ထောင်ရှင်မ တစ်ဦးဖြစ်ပြီး သူမ၏ သားသမီးများနှင့်အတူ မိဘများနှင့် အတူနေထိုင်လျှက်ရှိသည်။ သူမ၏ ဖခင်မှာ KNU တွင် ဗိုလ်ချုပ်တစ်ဦးဖြစ်ခဲ့သော်လည်း ယခုအခါတွင် အိုမင်းနေပြီးဖြစ်သည်။ Nyar Eh Khu သည် လေးပင်သော အရာဝတ္ထုတို့ကို ထမ်းပိုးရသည်မှာ အလွန်ခက်ခဲသည်ဟု မြင်သည်။ ၂၀၀၇ ခုနှစ် ဧပြီလတွင် သူမ၏ သားအိမ်ကို ဖယ်ရှားလိုက်ရသည်။ သို့သော်လည်း သူမသည် ခရစ်ယာန်သာသနာပြုဝန်ထမ်းအဖြစ် အလုပ်လုပ်နေဆဲဖြစ်သည်။

ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုတို့ကိုသတိယ သည့်အချိန်တိုင်းတွင် ခေါင်းကိုက်ခြင်းနှင့် အရိုးအဆစ်များ နာကျင်မှုတို့ကို ခံစားရသည်။ "ကျမဆီမှာ နှလုံးပြဿနာရှိနေတယ်။ အမြဲတမ်း ကျမမျက်နှာကို ငုပ်ပြီးနေတယ်။"

ထိုပြဿနာများရှိနေစေကာမူ Nyar Eh Khu သည် မိမိကိုယ်ကိုယုံကြည်မှုနှင့် တိကျပြတ်သား သောပုံစံကို ဆက်လက်ထိန်းထားသည်။ လက်တလောတွင် Nyar Eh Khu သည် သူမ၏ကလေး ကျောင်းစရိတ်ပေးနိုင်ရန် အတွက် သူမရောဂါအတွက် ဆေးဝါးသုံးစွဲမှုကို ရပ်လိုက်ရ သည်။



# Nyar Hto Tue

ကရင်

Nyar Hto Tue သည် ၂၀၁၅ အစောပိုင်းတွင် ဆုံးပါးသွားခဲ့သည်။ သူမသည် သားဥအိမ်ကင်ဆာရောဂါကို ခံစားနေရသူဖြစ်ပြီး လိုအပ်သော ကုသမှုများ မရရှိခဲ့ပေ။ သူမ သူငယ်ချင်းများကို သူမပြောပြခဲ့သည်မှာ “ဘုရားသခင်ရဲ့ ခေါ်ယူခြင်းကို ကျမစောင့်နေပါတယ်။”



စစ်ပွဲအတွင်း Nyar Hto Tue ၏မိသားစုသည် ၎င်းတို့၏ ကျေးရွာမှ ထွက်ပြေးခဲ့ရသည်။ ထိုအချိန်တွင် သူမ၏ အစ်မသည် သူလျှိုအဖြစ် စွပ်စွဲ အဖမ်းခံရပြီး ၆ လ ထောင်ထဲတွင် နေခဲ့ရသည်။ သူမ၏ အစ်မသည်လည်း သားဥအိမ်ကင်ဆာဖြင့် ဆုံးပါးခဲ့သည်။ နောက်ပိုင်းတွင်  Nyar Hto Tue သည် သူမ၏ ရွာသို့ ပြန်သွားခဲ့သည်။ သူမ၏ ရွာသည် ပဋိပက္ခဖြစ်သောနေရာတွင် တည်ရှိသော်လည်း သူမသည် စစ်ပြေးရှောင်များအတွက် ပြင်ဆင်ထားသော စခန်းတွင် မနေထိုင်သော အကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူ အမျိုးသမီးအနည်းငယ်ထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ သူမသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သူမ၏ ခင်ပွန်း၊ မိခင်တို့နှင့်အတူ နေထိုင် သည်။

Nyar Hto Tue သည် သူမဘဝတွင် လူ့အခွင့်အရေးချိုးဖောက်မှု များစွာတို့ကို မျက်မြင်ကိုယ်တွေ့ တွေ့ကြုံခဲ့ ရသည်။ ပဋိပက္ခအတွင်း ရွာသားများ အရိုက်ခံရခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခံရခြင်းနှင့် အသတ်ခံရသည်တို့ကို တွေ့မြင်ခဲ့သည်။ တစ်ကြိမ်တွင် သူမသည် အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံခဲ့ရသည်။ သူမနှင့် အခြားရွာသား တို့သည် စစ်စခန်းများတည်ဆောက်ရာတွင်သော်လည်းကောင်း၊ လမ်းများဖောက်လုပ်ရာတွင် သော်လည်းကောင်း အစားအသောက်များနှင့် ရှေ့တန်းတွင်ရှိသော တပ်စခန်းအတွက် လက်နက်ခဲယမ်းများ သယ်ပေးခဲ့ ရခြင်း စသည်တို့ကို လုပ်အားပေးခဲ့ရသည်။

ခရစ်ယာန်သာသနာပြု အဖွဲ့ဝင်ဖြစ်သော Nyar Hto Tue သည် အဖမ်းခံရပြီး မြန်မာစစ်တပ်အတွက် အတင်း အဓမ္မ လုပ်အားပေးစေခိုင်းခံရသော ပြည်သူများအတွက် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ ကျေးရွာအကျိုးသယ်ပိုးနေသော သူမအား မြန်မာ၊ ကရင် စစ်တပ်နှစ်ခုစလုံး၏ ခြိမ်းခြောက်မှုနှင့် သူလျှိုအဖြစ် စွပ်စွဲခြင်း ခံရသည်။ နှစ်ဖက်လုံးတွင် ရှိသော စစ်သားတို့မှာ သူမအိမ်သို့လာပြီး ခြိမ်းခြောက်မှုများပြုလုပ်ကြသည်။ သူမအနေဖြင့် ယုံကြည်နေသည်မှာ "အမှန်တရားသာမရှိဘူးဆိုရင် နေထိုင်စရာအိမ်လည်းရှိမှာမဟုတ်ဘူး။" သူမအနေဖြင့် ခွင့်လွှတ်ပေးနိုင်သော်လည်း အတိတ်ကာလ ဖြစ်ပျက်ခဲ့သည်တို့ကို မေ့ပျောက်နိုင်မည်မဟုတ် ပေ။

Nyar Hto Tue သည် အမျိုးသမီးများ ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန်နှင့်ပတ်သတ်ပြီး Nyar Hto Tue သည် စိတ်ဓာတ်ပြင်းထန် သူသည်။

"၁၉၇၄ ခုနှစ်မှစပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်က ဆိုးရွားလွန်းတယ်။ အမျိုးသမီးနဲ့ကျန်းမာရေးဗဟု သုတတွေလည်းမရှိကြဘူး။ ပြည်သူတွေက ကြောက်ပြီး ကလေးတွေကို ကာကွယ်ဆေးမထိုးပေးကြဘူး။ အမျိုးသမီးတွေကလည်း သန္ဓေတားဆေးတွေ မထိုးရဲကြဘူး။"

ထို့အပြင် ကင်ဆာရောဂါဝေဒနာခံစားနေရသူ Nyar Hto Tue သည် အခြားရောဂါများဖြစ်သည့် အဆုပ်ရောဂါ၊ နလုံးရောဂါ၊ အစာမခြေနိုင်သောရောဂါတို့ကိုလည်း ခံစားနေရသည်။ သူမသည် အသက်ရှည်ရှည် မနေနိုင် သော်လည်း အလုပ်ရုံဆွေးနွေးပွဲမှ ခွန်အားများရရှိသည်ဟု သူမ၏ ခံစားချက်အားပြောပြခဲ့သည်။ "KWEG နဲ့ အလုပ်လုပ်ရတာကို မကြောက်ကြပါနဲ့။"

သူမသည် ကျန်မာရေးမကောင်းသည်မှ လွဲပြီး Nyar Hto Tue သည် နောက်ဆုံးအထိ အလုပ်များကို ပြင်းပြင်းထန်ထန်လုပ်သွားခဲ့သည်။ "ကျမရဲ့ ခြေထောက်တွေနဲ့ လက်တွေက ကျမရဲ့ ခွန်အားပါပဲ"  ဟု ပြောခဲ့သည်။ သူမသည် အေးချမ်းသောနေရာတွင် အနာယူအိပ်စက်နိုင်ပါစေသော်။

# Nyar Si

ကရင်



Nyar Si ၏ ငယ်ဘဝတွင် အကြိမ်များစွာရွှေ့ပြောင်းခိုင်းခံခဲ့ရသည်။ ယခုအချိန်တွင် သူမသည် အသက် ၅၀ ရှိပြီး ဖြစ်သည်။ သူမတွင် သားသမီး ၆ ဦးရှိပြီး ပြည်တွင်းဒုက္ခသည်များနေထိုင်သော ကျေးရွာတွင် နေထိုင် လျှက်ရှိသည်။ သူမသည် မိမိကိုယ်ကိုမိမိ ယုံကြည်မှုရှိသူဖြစ်သော်လည်း ဝမ်းနည်းကြေကွဲမှုတို့ကို နက်ရှိုင်းစွာ ခံစားနေရသည်။

၁၉၇၄ ခုနှစ်တွင် Nyar Si သည် သူမတို့မိသားစု အိမ်မီးရှို့ခံရခြင်းနှင့် ပစ္စည်းများ ယူသွားသည်ကို ကြည့်နေခဲ့ရသည်။
"အဲ့ဒီအချိန်တုန်းက ကျမတို့တွေ အရမ်းငယ်နေသေးတယ်။ စစ်တပ်က ကျမတို့ကို ဒီရွာကနေပြောင်းရမယ်လို့ အမိန့်ပေးလာတယ်ဆိုပြီး ကျမမိဘတွေကပြောပြတယ်။ ၃ ရက်အတွင်း ကျမတို့ရဲ့ အိမ်တွေကို မီးရှို့ဖို့ စစ်တပ်က ကျမတို့ကို ပြောတယ်။ သတ်မှတ်ထားတဲ့ အချိန်အတွင်းမှာ ကျမတို့ ကိုယ့်အိမ်ကို မီးမရှို့နိုင်ဘူးဆိုရင် ကျမတို့ ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေက ချန်ထားခဲ့ရမယ်လို့ပြောတယ်။"

"ကျမတို့ မိသားစု ၃ ယောက်ကတော့ ခရီးစဉ်ကို အောင်အောင်မြင်မြင် စီစဉ်လိုက်နိုင်ခဲ့တယ်။ ရွာသစ်ကို ရောက်တော့ ဘယ်နေရာမှာ နေရမလဲဆိုတာကို မသိဘူး။ စားစရာလည်းဘာမှမရှိဘူး။ ကျမက ကလေးဖြစ် တော့ ခဏလေးနဲ့ သူငယ်ချင်းတွေရလာတယ်။ သူတို့နဲ့အတူတူ ရွာထဲမှာကစားတယ်။ သူတို့ဆီမှာ အစားအစာ တောင်းစားတော့ သူတို့ ကျမကို ကျွေးတယ်။ နောက်တော့ ကျမသူငယ်ချင်းမိဘတွေက ကျမတို့ကို သူတို့ရဲ့ လှေကားအောက်မှာ ပေးနေတယ်။"

Nyar Si သည် ပြည်တွင်းဒုက္ခသည်များနေထိုင်သောရွာတွင် နှစ်ပေါင်းများစွာနေ့ထိုင်လျှက်ရှိသည်။ မြွေကိုက်ခံရပြီး ဆုံးပါး သွားခဲ့သည့် သူမ၏ သမီးနှင့်ပတ်သက်ပြီး အရမ်းကို ကြေကွဲစရာကောင်းသည့် အမှတ်ရစရာတို့ရှိခဲ့သည်။ သူမ၏သမီးမြွေကိုက်ခံရသောအချိန်တွင် ဆေးခန်းသည် ရွာမှ ၆ မိုင်အကွာတွင်ရှိသည့်အတွက် အချိန်မှီ ဆေးကုသမှု ပြုလုပ်နိုင်ခြင်းမရှိခဲ့ပေ။ တိုင်းရင်းဆေးဆရာကိုခေါ်ပြီး ကျည်တောက်နှင့် မြွေဆိပ်ကို ထုတ်ယူခဲ့ သော်လည်း အသက်မရှင်ခဲ့ပေ။ ယင်းကျေးရွာတို့တွင် ယခုကဲ့သို့အဖြစ်အပျက်မျိုးသည် ပုံမှန်ဖြစ်ရိုးဖြစ် စဉ်သာ ဖြစ်သည်။ မြွေကိုက်ခံရပြီး အသက်ရှင်သည့်သူများသည် နောက်ပိုင်းတွင် လေးပင်သော အလုပ်တို့ကို လုပ်နိုင်ခြင်းမရှိတော့သည်ကို တွေ့ရသည်။ အဆိပ်ဖြေကုသမှုနိုင်သည့် ဆေးများရှိသော်လည်း ဈေးအလွန်ကြီး သည့်အတွက် ပြည်သူအများစုအနေဖြင့် ဝယ်ယူနိုင်ခြင်းမရှိခဲ့ပေ။

Nyar Si သည် ခေါင်းကိုက်ဝေဒနာကို ခံစားနေရသော်လည်း သူမ၏ အနာဂတ်မျှော်လင့်ချက်သည် ရပ်ရွာသို့ ပြန်နိုင်ရန်ဖြစ်သည်။ ကရင်ပြည်သူများသည် တရားမျှတမှုကို ချစ်မြတ်နိုးသူများဖြစ်သည့်အတွက် သူမဂုဏ် ယူသည်။ ယင်းတို့နေထိုင်ခဲ့သော ကျေးရွာရှိ အိမ်သို့ပြန်နိုင်မည်ဆိုပါက ခွန်အားများစွာ ရရှိမည်ဟု သူမ ပြောပြခဲ့သည်။



“အဲ့ဒီမှာသာပြန်နေနိုင်မယ်ဆိုရင် တကယ်လည်းပြန်နေနိုင်မယ်လို့ယုံကြည်ပါတယ်။ ကျမတို့ရဲ့ ကျန်းမာရေးသာ ကောင်းမယ်ဆိုရင် ခြံစိုက်ပျိုးဖို့အတွက် ရာသီဥတုသာ ကောင်းမယ်ဆိုရင် ကျမတို့ ဘာမဆိုလုပ်နိုင်မှာပါ။ ကျမတို့က ကိုယ့်ရပ်ရွာကနေ မောင်းထုတ်ခဲ့တဲ့သူတွေက ကျမတို့အတွက် အဆင်ပြေတဲ့ အိမ်လေးတွေ ဆောက်ပေးနိုင်မယ်လို့ ယုံကြည်တယ်။ ကျမတို့ရဲ့ ဘုရားကျောင်း၊ စာသင်ကျောင်းနဲ့ ဆေးရုံတွေရှိလာဖို့ ကျမဆု တောင်းတယ်။ ကျမတို့ရွာသားတွေအနေနဲ့ ကျန်းကျန်းမာမာနဲ့ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ဖို့အတွက် ဆရာဝန်ရှိဖို့ ဆုတောင်းတယ်။ တရားမျှတမှု မရှိတဲ့အတွက် ကျမတို့ မပြန်နိုင်သေးဘူး။ ဒါပေမဲ့ အခုအချိန်မှာ အပစ်ခတ်ရပ်စဲမှုတွေရှိနေပြီးဖြစ်တဲ့အတွက် ကျမတို့ရွာကို ပြန်ပြီး အလုပ်ပြန်လုပ်နိုင်တော့မယ်လို့ ခံစားရတယ်။ ဒီစဉ်းစား ချက်က ကျမတို့ကို ပျော်ရွှင်စေတယ်။”



# ဥမ္မာ

နိုင်ငံရေးအကျဉ်းသားဟောင်း

မဥမ္မာသည် ကျွမ်းကျင်သော အပ်ချုပ်သမတစ်ဦးဖြစ်ပြီး အသက် ၄၃ နှစ်အရွယ် ဖြစ်သည်။ သူမသည် ၂ ကြိမ်တိုင် ဖမ်းဆီး ထိန်းသိမ်းခံရပြီး တစ်ဦးတည်းလည်း တိုက်ပိတ် အကျဉ်းချခံခဲ့ရသည်။

၂၀၀၀ ခုနှစ်တွင် လူငယ်စည်းရုံးရေးတာဝန်ခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခံရပြီး မိသားစုနှင့်လည်း တွေ့ခွင့်မရရှိပေ။ ထို့အပြင် ၁၀ လအတွင်း သူမသည် မည်သည့်အစားအသောက် လက်ဆောင် ပစ္စည်းမှ လက်ခံခွင့် မရရှိခဲ့ပါ။ နောက်ပိုင်းတွင် နိုင်ငံတကာကြက်ခြေနီအသင်း (ICRC) ၏အကူ အညီဖြင့် သူမ မိသားစုမှာ ထောင်ထဲသို့

လာရောက်လည်ပတ်ခွင့်ရရှိခဲ့သည်။ သို့သော်လည်း မိသားစု ယူလာသော အစား အသောက်များရရှိခဲ့သောအချိန်တွင် အားလုံးပုပ်သိုးကုန်ပြီးဖြစ်သည်။ ထောင်ထဲ တွင်ရှိသော အကျဉ်းသားများ၏ အခြေအနေမှာ အလွန်ခက်ခဲကြမ်းတမ်းသည်။ ဥမ္မာသည် ရေဗူး အလွတ်များကို သိမ်းထားပြီး ဟင်းထည့်စရာခွက်နှင့် ဆပ်ပြာခွက်အဖြစ် ပြန်လည် အသုံးပြုခဲ့သည်။ ရေဗူးအလွတ်တစ်ခုကိုလည်း အိမ်သာသုံးခွက်အဖြစ်ထားရှိသည်။

သူမ ထောင်မှ ပြန်လွတ်လာသောအချိန်တွင် စီးပွားရေးလုပ်ငန်းရှင်များမှ သူမအား ယုံကြည် မှုမရှိ တော့သည့်အတွက် အခြေခံပန်းထိုးခြင်း အလုပ်ကို လာရောက်အပ်နှံခြင်းမရှိတော့ပါ။ ငွေကြေးနှင့် ပတ်သက်ပြီး သူမအရမ်းကို ရုန်းကန်ခဲ့ရသည်။ သူမထောင်မှ ပြန်လွတ်ပြီး ၆ လအကြာတွင် သူမ၏ ဖခင်ကွယ်လွန်ခဲ့သည်။

၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးကာလတွင် သူမ နောက်တစ်ကြိမ် ဖမ်းဆီးထိန်းသိမ်းခံရ သည်။

ဒုတိယအကြိမ် ဥမ္မာထောင်မှ ပြန်လွတ်လာသောအချိန်တွင် နာဂစ်မုန်တိုင်း တိုက်ခိုက်သော အချိန်ဖြစ်သည့်အတွက် သူမသည် နာဂစ်မုန်တိုင်းကြောင့် ထိခိုက်ခဲ့ရသောနေရာရှိ ဒုက္ခရောက် သူများကို ကူညီနိုင်ရန်အတွက် သွားရောက်ခဲ့သည်။ သို့သော်လည်း သူမ၏ လူသားခြင်း စာနာသော လုပ်ငန်းကြောင့် အာဏာပိုင်များမှ သူမအား ဖမ်းဆီးခဲ့သည်။ ထိုကာလတွင် သူမသည် ၃ ကြိမ် အဖမ်း ခံရသည်။ နိုင်ငံရေးအခြေအနေ တည်ငြိမ်မှုမရှိသည့်အချိန်တိုင်း ဥမ္မာသည် စစ်ကြောရေးသို့ အကြိမ် များစွာ ခေါ်ယူခြင်းစစ်ဆေးခံခဲ့ရသည်။

"ကျမအတွက်ကတော့ တရားမျှတမှုဆိုတာ လူ့အခွင့်အရေးနဲ့သက်ဆိုင်တယ်။ ကျမတို့ဟာ အခွင့် အရေးတွေနဲ့အတူ မွေးဖွားလာတာဖြစ်တယ်။ အဲ့ဒီအခွင့်အရေးတွေအရ ကျမတို့မှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ ကျမတို့ရဲ့အမြင်တွေကို ထုတ်ဖော်ခွင့်၊ လက်ထပ်ခွင့်၊ ကိုးကွယ်ခွင့်၊ စာပေရေးသားခွင့်၊ ချီတက်လှည့်လည်ခွင့်၊ မိန့်ခွန်းပြောကြားခွင့် စတဲ့အခွင့်အရေးတွေရှိရမယ်။ ဒါတွေက အခြေခံ လူ့အခွင့် အရေးတွေပဲ။ ဒီအခွင့်အရေးတွေကို လက်လွတ်ဆုံးရှုံးရပြီးဆိုရင် တရားမျှတမှုကိုလည်း ဆုံးရှုံးရမှာပဲ။"

ဥမ္မာသည် သူမ၏မိသားစုတွင် အငယ်ဆုံး သမီးထွေးဖြစ်ပြီး သူမသည် သီချင်းဆိုရသည်ကို အလွန်ဝါ သနာ ပါသည်။ သူမသည် သမီးငယ်လေး အဝေးကို သွားနေသည်ဆိုသည့် သီချင်းကို သီဆိုရသည်ကို အထူးကြိုက်နှစ် သက်သည်။

"ဒီသီချင်းက သမီးထွေးလေးက သူမလက်ထပ်ပြီးတဲ့အချိန်မှာ အမေ့အိမ်ကို လွမ်းတဲ့အကြောင်း လေးပါ။ ကျမ နိုင်ငံရေးထဲမှာ ရွေးချယ်ခွင့်မရှိဘဲ ပါဝင်ခဲ့ရတယ်။ ထောင်ထဲမှာရှိတဲ့အချိန် အမေ့အိမ် ကို အရမ်းလွမ်းတယ်။ သီချင်းစာသားက ကျမပြောင်းစရာလိုဘူး။ ဒီအတိုင်းက ကျမအတွက် အများ ကြီး အဓိပ္ပါယ်ရှိတယ်။ ကျမရဲ့ မောင်နှမတွေအထဲမှာ ကျမက အငယ်ဆုံးဆိုတော့ အမေက ကျမကို ပိုချစ်တယ်လို့ထင်တယ်။ ကျမက ချစ်စရာကောင်းတဲ့ပုံစံလေးနဲ့ နည်းနည်းဆိုးတယ်ဆိုပေမယ့် ကျမမိဘရဲ့ အုပ်ထိန်းမှုအောက်မှာ ကျမအတွက်ကတော့ ဘာမှ စိတ်သောက ရောက်စရာ မရှိပါဘူး။"

"ကျမရဲ့နိုင်ငံကို အနာဂတ်မှာ တိုးတက်ပြောင်းလဲမှုတွေနဲ့အတူ ငြိမ်းချမ်းတဲ့နိုင်ငံတခုအဖြစ်မြင်တွေ့လို တယ်။ ကျမတို့ နိုင်ငံဟာ ကြီးပွားချမ်းသာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ငြိမ်းချမ်းတဲ့နိုင်ငံတစ်ခုဖြစ်လာစေချင် တယ်။ ငြိမ်းချမ်းရေး မရှိဘူးဆိုရင် ဘာကိုမှ မျှော်လင့်ချက်ထားလို့ရမှာမဟုတ်ဘူး။ ကျမအနေနဲ့ မိသားစုနဲ့အတူ ကြောင့်ကြမှုကင်းပြီး အေးချမ်းတဲ့ အိပ်စက်ခွင့်ကို ရရှိချင်ပါတယ်။"

လက်ရှိတွင် ဥမ္မာသည် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည့် မိခင်အား ပြုစုစောင့်ရှောက်လျက် ရှိ သည်။



# Paw Poe

ကရင်

Paw Poe သည် ဖြတ်လေးဖြတ်အချိန်တွင် ရွာရှောင်ေ ျုးရွာတစ်ရွာတွင်သူမ၏မောင်နှမ (၄)ဦး နှင့် အတူနေထိုင်လျှ ်ရှိသည်။ ၅၂ နှစ်အတွင်း အဆိုးတွေအများကြီးနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ဟာသဉာဏ်ကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။

ကလေးဘဝကတည်းက Paw Poe သည် ပဋိပက္ခတို့မှ ထွက်ပြေးခဲ့ရသည်။ သူမသည် အကြိမ်များစွာ ရွှေ့ပြောင်းခဲ့ရသည်။ ပြည်တွင်းစစ်နှင့်ပတ်သက်ပြီး ၁၉၆၀ ဝန်းကျင် သူမ၏ဖခင်မှ ဖယောင်းတိုင်ကို မီးမှုတ် နေသည့်အချိန်တွင် တိုက်လေယဉ်တစ်စီး ခေါင်းပေါ်မှ ဖြတ်သန်းသွားသည်ကို ငယ်ဘဝဖြတ်သန်းမှုအဖြစ် အမှတ်ရနေခဲ့သည်။ ထို့နောက်တိုက်ပွဲ ဖြစ်ပွားပြီးသူမတို့သည် တောထဲတွင်ရှောင်ပုန်းနေခဲ့ရသည်။ သူမတို့သည်အစာရေစာပြတ်လပ်ပြီး တောတွင်သစ်ဥသစ်ဖုများကိုသာစားသုံးခဲ့ရသည်။

၁၉၇၀ ခုနှစ်တွင် ရွာ ၃ ရွာသို့ ၃ ကြိမ်တိုင်တိုင် ရွှေ့ပြောင်းခဲ့ရသည်။ သူမ၏ မိခင်နှင့် အတူနေထိုင်ပြီး မောင်နှမများကို ထိန်းသိမ်းစောင့်ရှောက်ရင်း ၃ တန်းအထိကျောင်းနေခဲ့ရသည်။ ။ ၁၉၈၀ခုနှစ်တွင်သူမ၏မောင်တစ်ဦးသည် ကရင်စစ်သားများအားရိက္ခာသွားပို့ခဲ့ရပြီး လမ်းတွင်မြန်မာ စစ်သား၏ဖမ်းဆီးသတ်ဖြတ်ခြင်းကိုခံခဲ့ရသည်။



Paw Poe တို့မိသားစုသည် ရွေးချယ်စရာမရှိတော့သည့် အတွက်ရွာမှထွက်ခွာခဲ့ရပြီး အစား အသောက် အနည်းငယ်ဖြင့် ဂူတစ်ခုတွင် ပုန်းအောင်းနေခဲ့ရသည်။ ရေချောင်းထဲတွင် တွေ့သော ရေညှိတို့ကိုသာ စားခဲ့ရသည်။ ပုန်းအောင်းရာ နေရာ တစ်နေရာမှတစ်နေရာသို့ ထွက်ပြေး နေရသည့်အချိန်တွင် Paw Poe သည် သူမ၏ မောင်ငယ်၊ ညီမငယ်များ၊ အဒေါ်နှင့် အခုဆိုရင် အသက် ၉၀ နှစ်ရှိပြီးဖြစ်သည့် အဖွားတို့ကို ကြည့်ရှု စောင့်ရှောက်ခဲ့ရသည်။

ပြည်တွင်းစစ်ဖြစ်နေစဉ်အတွင်း Paw Poe သည် ကုန်သည်အဖြစ် အလုပ်လုပ်ခဲ့သည်။ နှစ်ဖက်လုံးတွင်ရှိသော စစ်သားတို့နှင့် ဆက်ဆံရေးကောင်းမွန်မှုကို အလေးထားထိန်းသိမ်းခဲ့သည်။ Paw Poe တွင် အသုံးဝင်သော သတင်းအချက်အလက်များရှိသည်ဟု သံသယဖြစ်သည့်အတွက် စစ်တပ်အရာရှိတို့မှ သူမအား ညှဉ်းပမ်းနှိပ် စက်ခြင်းနှင့် ၁၅ ရက်ကြာ ချုပ်နှောင်မှုတို့ကို ပြုလုပ်ခဲ့သည်။ သူမ အချုပ်ခံထားရသောအချိန်တွင် ပဲဟင်း၊ ထမင်းနှင့် ငါးပိသာ စားခဲ့ရသည်။ "သူတို့မေးတိုင်း ကျမ မသိဘူးလို့ပဲ ဖြေတယ်။ ကျမကို ညဖက်တွေမှာ မုဒိမ်းကျင့်မှာကို ကျမအရမ်းကြောက်နေခဲ့တယ်။"

နောက်ဆုံးတွင် Paw Poe ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဒေသထွက် ရောင်းကုန်တို့ကို သွားရောင်းရန် သွားသော လမ်းတွင် ဒေသခံလက်နက်ကို င်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ၏ တပ်သားတစ်ဦးမှ သူမအား မုဒိမ်းပြုကျင့်ရန်ကြိုးပမ်းအားထုတ်ခဲ့သည်။ သူမသည် ဤအဖြစ် အပျက်နှင့်ပတ်သတ်ပြီး ဖွင့်ပြောရန် တွန့်ဆုတ်မိသည်ကို ယခုကဲ့သို့ပြောပြခဲ့သည်။ "ကျမရှက်လွန်းလို့ သေတောင်သေလိုက်ချင်တယ်။" ယဉ်ကျေးမှုအရ မပြောအပ်သည့်အကြောင်းအရာဖြစ်သည့်အပေါ် လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှု အများစုသည် မှတ်တမ်းတင်နိုင်ခြင်းမရှိပဲ ကျန်ရှိနေသည်။

၂၀၀၄ ခုနှစ်တွင် Paw Poe သည် သူမ၏ သားငယ်ကို မွေးပြီးသည့်အချိန်တွင် သူမမိသားစုသည် ထပ်မံပြောင်း ရွှေ့ခဲ့ရသည်။

"ကျမတို့မှာ လုပ်ငန်းမရှိတဲ့အတွက် လမ်းလျှောက်ရတယ်။ တစ်ပတ်သားပဲ ရှိသေးတဲ့ ကျမသားကို ကျမပိုးထားရ တယ်။ ကျမသားမှာရော ကျမမှာပါ ဝက်ရူးရောဂါရှိတယ်။ တောအုပ်ဘေး လမ်းမနဲ့ အနီးမှာ ကျမတို့ကို နေရာ ချထားပေးတယ်။ ဒါကြောင့် ဒီရွာထဲကို ကျမပြောင်းလာခဲ့တယ်။ ပြန်ပြောင်းဖို့တော့ မပြောလာသေးဘူး။"

ယခုအခါတွင် Paw Poe သည် သူမ၏ ကလေး ၄ ဦးအား ကျွေးမွေးစော င့်ရှောက်လျှက်ရှိသည်။ သူမသမီးသည် မွေးပြီးလအနည်းငယ်အကြာတွင် ဦးနောက်အာရုံကြောရောဂါကို ပြင်းထန်စွာ ခံစားလိုက်ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသော ကလေးတစ်ဦးဖြစ်သွားသည်။ Paw Poe တွင် သွေးတိုးရောဂါရှိသည်။ သူမ၏သားသမီးတို့ကို ကျောင်းထားပေးနိုင်သော်လ ည်းလိုအပ်မှုများကိုဖြည့်ဆည်းပေးနိုင်ခြင်းမရှိပေ။ အနာဂတ်အတွက် သူမ၏ မျှော်လင့်ချက်မှာ ခိုင်မာ သော ငြိမ်းချမ်းရေးရရှိရန်နှင့် သူမတို့၏နေရပ်ကိုပြန်နိုင်ပြီး ကလေး ၃ ဦးကိုလည်း ကျောင်းထားနိုင်ရန်ဖြစ်သည်။ "ရွာကိုပြန်ဖို့ဆိုရင် ကျမတို့ စာသင်ကျောင်းလိုတယ်။ ဘုရားကျောင်းလိုတယ်။ ဆေးပေးခန်းလိုတယ်။ ဒီအရာတွေကို အမှန်တကယ်လိုအပ်တယ်။"

သူမသည် အခြား အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူ အမျိုးသမီးများ၊ အလုပ်ရုံ ဆွေးနွေးပွဲ ဦးဆောင်သူများအားတွေ့ရသည်မှာ ပျော်ရွှင်ကြည်နူးရပြီး နောက်တစ်ကြိမ် ထပ်မံ ပြောင်းရွှေ့ခိုင်းမည်ကိုလည်း စိုးရိမ်ပူပမ်လျှက်ရှိသည်။



# Pi Pi

ကရင်

Pi Pi သည် ၁၉၄၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူ ကရင်အမျိုးသမီး အုပ်စုထဲတွင် အသက်အကြီးဆုံးဖြစ်သည်။ Pi Pi သည် ခိုင်မာရဲဝံ့သော စရိုက်လက္ခဏာရှိပြီး အလွန် စူးစမ်းမှုအားကောင်းသည်။ သူမသည် ကျောင်းပညာကို ဆက်လက်သင်ကြားလိုသော်လည်း ရည်ရွယ်ထားခဲ့ သည့်အတိုင်းဖြစ်မလာခဲ့ပေ။ သူမကျောင်းတက်သည့်အချိန်တွင် နှစ်စဉ်စာမေးပွဲ အောင်ခဲ့သူဖြစ်သည်။

၁၉၇၂ ခုနှစ်တွင် မြန်မာစစ်တပ်က သူမတို့၏ သက်ကုန်း (Tat Kong) ဆိုသည့် သူမတို့၏ ရွာအား ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ Pi Pi သည် သူမနှင့် မိသားစု အိမ်ထဲတွင် ပုန်းနေစဉ်အတွင်း သူမတို့၏ အိမ်အား မီးရှို့ခံရသည်နှင့်ပတ်သက်ပြီး စိတ်ဒဏ်ရာရရှိခဲ့သည်။ သူမတို့သည် ထွက်ပြေးလွတ်မြောက်ခဲ့သော် လည်း မြန်မာစစ်သားများ ကျန်ရစ်ခဲ့သော ပစ္စည်းတို့ ယူနေသည်ကို မြင်တွေ့ခဲ့ရသည်။ သူမတို့မိသားစုသည် အခြားရွာသားများနှင့်အတူ ၃ ရက်အတွင်း ထွက်ခွာသွားရန် အတင်းအကျပ် ဖိအားပေးခံခဲ့ရသည်။

သူမနေထိုင်နေသောရွာအား မြန်မာစစ်တပ်မှ ဝင်ရောက်ပစ်ခတ်ခဲ့သည် ၁၉၉၉ ခုနှစ်တွင် ဖြစ်ခဲ့သော အဖြစ်အပျက်နောက်တစ်ခုကို Pi Pi အမှတ်ရနေခဲ့သည်။ မြန်မာစစ်သားတို့သည် အမျိုးသမီးများအား အတူတကွခေါ်သွားလိုသည်ကို ပြောပြခဲ့သည်။ အမျိုးသမီးအချို့အား မြန်မာစစ်သားတို့၏ သဘောအတိုင်း ခေါ်သွားခွင့် မပြုမခြင်း ရွာသားများအားသတ်ခြင်း၊ ရွာအားမီးရှို့ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထိုအဖြစ်အပျက်သည် Pi Pi ၏မျက်မြင်ကိုယ်တွေ့ဖြစ်သည်။ "အဲ့ဒီအချိန်တုန်းက ဒီအကြောင်းတွေကို ပြောရမှာကြောက်တယ်။ ဘာလို့လည်းဆိုတော့ ရွာသားတွေက ကျမတို့ရဲ့ မျက်စိရှေ့မှာပဲ ရက်ရက်စက်စက် အသတ်ခံရတယ်လေ။"

Pi Pi သည် အကြိမ်များစွာ အတင်းအကျပ် ပြောင်းရွှေ့ခိုင်းခံခဲ့ရသည်။ သူမ၏ အမျိုးသား ဆုံးပါးသွားပြီး သည့်နောက်တွင် အသက်ရှင်ရပ်တည်ဖို့အတွက်နှင့် ကလေးများအားကာကွယ်စောင့်ရှောက်နိုင်ရန် အခက်အခဲ တွေ အများကြီးနှင့် ရင်ဆိုင်ခဲ့ရသည်။ သူမသည် သူမမိသားစုနှင့် မိခင်ကို ကျွေးမွေးနိုင်ဖို့အတွက် တောင်ယာ ထဲတွင် သူမဘာသာ စပါးစိုက်ပျိုးခြင်း စသည့် အလုပ်တို့ကို ပြင်းပြင်းထန်ထန်လုပ်ခဲ့ရ သည်။

ယခုအချိန်တွင် သူမတွင် စိုက်ပျိုးရေးခြံ၊ လယ်နှင့် ကြက်၊ ဘဲများမွေးမြူသည့်အလုပ်များရှိနေပြီးဖြစ်သည်။ ကြက်နှင့် ဘဲတို့မှာ မကြာခဏ ဖျားနာ၊ ရောဂါများရကြသော်လည်း သူတို့အတွက် အစားအစာများမှာ အလွန်ဈေးကြီးသည်။ သူမ၏ သားသမီးများမှာ ယခုအချိန်တွင် အရွယ်ရောက်သူများဖြစ်လာကြသည်။ Pi Pi သည် သူမ၏ မြေးတို့ကို ဝိုင်းဝန်းထိန်းကျောင်းနေသည်။ စစ်ပြေးရှောင်အဖြစ် နေထိုင်ခဲ့ရသော ဘဝတစ်လျှောက်တွင် သူမသည် မည်သည့်ထောက်ပံ့မှုမျှ၊ မည်သည့်အဖွဲ့အစည်းတို့၏ အကူအညီကိုမျှ မရရှိခဲ့ပေ။

> "ကျမရဲ့ ရွာကိုပြန်ချင်တယ်။ ပြီးတော့ လွတ်လွတ်လပ်လပ်နဲ့ ငြိမ်းငြိမ်းချမ်းချမ်းနေချင်တယ်။"

သူမဘဝသည် ပင်ပမ်းဆင်းရဲခဲ့သည့်အတွက် သူမသည် ဒူးခေါင်းရောင်ခြင်းနှင့် နာတာရှည် ခါးအောက်ပိုင်း နာကျင်မှုဝေဒနာကို ခံစားနေရသည်။ ထိုရောဂါတို့ကို ကုသရန် သူမတွင် လုံလောက်သော ငွေကြေးများ မရှိပေ။ ဆေးဝါးကုသမှုများရရှိရန်အတွက် ရွာသားတို့သည် ဝေးလံသော အရပ်ဒေသသို့ လမ်းလျှောက်သွားရသည်။ Pi Pi ၏ အိမ်မက်သည် သူမ၏ နေရပ်သို့ ပြန်ခွင့်ရရန်ဖြစ်သည်။



# Roi Bu

ကချင်

Roi Bu သည် အွန့်ရယ်များသောဘဝမှ အသက်ရှင်လွတ်မြောက်လာသူဖြစ်သည်။ သူမသည် ကြိမ်ရေများစွာ ရွှေ့ပြောင်းနေခဲ့ရပြီး ပဋိပက္ခအတွင်း သူမ၏ အမျိုးသားကို ဆုံးရှုံးလိုက်ရသည်။ ပစ်ခတ်တိုက်ခတ်မှုများ ဆက်ဖြစ်နေသည့်အတွက် ရွှေ့ပြောင်းနေရဦးမည့် ခြိမ်းခြောက်မှု အရိပ်လက္ခဏာ အောက်တွင် ရှိနေဆဲဖြစ် သည်။

၂၀၁၁ ခုနှစ်တွင် သူမတို့နေထိုင်သော ရွာကို လာရောက်တိုက်ခိုက်သည့်အပေါ် သူမနှင့်အတူရွာသားများမှာ အလွန်အံ့သြ စိုးထိတ်ခဲ့ရသည်။

"မြန်မာစစ်တပ်တွေ ဝင်လာပြီးဆိုတာကို ကျမတို့ကြားလိုက်ရတယ်။ ဒါပေမဲ့ အလွန်ပြင်းထန်တဲ့ စစ်ပွဲတွေဖြစ် လာမယ်လို့တော့ မထင်လိုက်မိဘူး။ တစ်ည နှစ်ညလောက်ပဲ ထွက်ပြေးပုန်းအောင်းနေရမယ်လို့ထင်ခဲ့တာ။ ပြီးရင်တော့ အိမ်ပြန်ရမယ်ပေါ့။" သို့သော်လည်း သူမတို့၏ ရွာသည် အလွန်ပြင်းထန်သော စစ်ပွဲကြားတွင် ပိတ်မိနေခဲ့သည်။ ရွာသားများသည် ယင်းနေရာမှ အမြန်ထွက်ပြေးခဲ့ရပြီး မည်သည့်ပစ္စည်းမှ သယ်နိုင်ခြင်း မရှိပေ။ နောက်ထပ် ၃ လအတွင်း ရွာသားများသည် တရုတ်နှင့် ကချင်ပြည်နယ်ကြားတွင်ရှိသော

စစ်ပြေးရှောင် စခန်းသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ထိုအချိန်တွင် သူမ အမျိုးသားအား တိုက်ပွဲအတွင်း မြန်မာစစ်တပ်မှ သတ်လိုက်သည်ဟု Roi Bu သိရှိလိုက်ရသည်။ နောက်နှစ် ဖေဖော်ဝါရီလမှသာ ရွာသို့ပြန်နိုင်ခဲ့ပြီး သူမ၏ အမျိုးသားအလောင်းအား မြေမြှုပ်သင်္ဂြိုဟ်ခွင့်ရခဲ့သည်။

"ကျမ ယောက်ျားက စစ်သားမဟုတ်ဘူး။ ရွာထဲမှာ သူတို့ကျန်ခဲ့တယ်ဆိုတာက အမျိုးသားတွေကို ရွာထဲကနေ တံတားဖြတ်ခွင့် မပေးလို့။ သူ့အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်လိုက်နိုင်ပေမယ့် ကျမအရမ်းဝမ်းနည်းတယ်။ ကျမကိုယ်ကျမ အရမ်းကို သေးငယ်နေသလိုခံစားရတယ်။ ဘာလုပ်ရမယ်၊ ဘာလုပ်သင့်လဲ ဆိုတာ ဘယ်သူမှ ကျမကို မပြောကြဘူး။ ကျမအမျိုးသားအတွက် အသုဘ စျာပနပြုလုပ်ပေးဖို့ ရွာသူကြီးကို ခနခနသွားပြော တယ်။ အဲ့ဒီနောက်မှာမှ သူတို့ စျာပနပြုလုပ်ပေးတာပါ။"

ယခုကဲ့သို့ ခက်ခဲသော အဖြစ်အပျက်များဖြစ်ပြီးနောက်တွင် Roi Bu သည် သူမ၏သားသမီးများနှင့်အတူ နယ်စပ်တစ်လျှောက်တွင်ရှိသော စစ်ပြေးရှောင်စခန်းတို့တွင် နေထိုင်ခြင်းဖြင့် အသက်ရှင်ခွင့်ရခဲ့သည်။ ဤသုတေသနစီမံချက်တွင်ပါဝင်နေစဉ်အတွင်း ၂၀၁၄ ခုနှစ်ဧပြီလတွင် သူမတို့နောက်ဆုံးနေထိုင်ခဲ့သော စစ်ပြေးရှောင်စခန်းမှာ မြန်မာစစ်တပ်မှ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ကြောက်စရာကောင်းသော မြန်မာစစ်တပ် ၏ ဝင်ရောက်တိုက်ခိုက်မှုနှင့် နောက်ဆက်တွဲ မတည်ငြိမ်မှုတို့နှင့်ပတ်သတ်ပြီး ယခုကဲ့သို့ သူမပြောပြခဲ့သည်။

စခန်းခေါင်းဆောင်များက အမျိုးသမီးများအား နေခဲ့ရန် တိုက်တွန်းခဲ့သည်။ ကတ်သောလစ်ဘုန်းကြီးများ ရောက်လာပြီး လူထုတိုနှင့်အတူ ဆုတောင်းမှုများပြုလုပ်ခဲ့သည်။ နောက်ဆုံးတွင် ဘုန်းတော်ကြီးတို့သည် အစောင့်အရှောက်တို့နှင့်အတူ ပြင်းထန်စွာ ပစ်ခတ်လာသော ကြောက်စရာကောင်းသည့် အမြောက်ကျည်ဆံ များကြားထဲမှ ၎င်းတို့၏ အိပ်ယာတို့ကို ဆိုင်ကယ်ပေါ်တင်ပြီး အခြားစခန်းသို့ ထွက်သွားလိုက်ကြသည်။

"ကျမတို့ M.W (စခန်းထဲ)မှာ ၆ ရက်လောက်နေရတယ်။ လူတွေကအရမ်းများတော့ ပြည့်ကျပ်နေတာပဲ။ အိပ်ယာတွေလည်းမလောက်ဘူး။ ရေမလောက်ဘူး။ ပြီးတော့ အရမ်းပူတယ်။"

Roi Bu နှင့် အခြားရွာသားများမှာ စစ်ပြေးရှောင်စခန်းသို့ပြန်လာရန် ဖြောင်းဖျလာကြသော်လည်း ထိုနေရာသို့ပြန်ရန် ကြောက်ရွံ့နေကြသည်။ တရုတ်နယ်စပ်သို့ ပြန်မလာခင်စပ်ကြားတွင် ထိုနေရာ၌ ၂ ညသာ နေခဲ့သည်။ တရုတ်နယ်စပ်တွင်လည်း တစ်ညသာနေခဲ့ပြီး စစ်ပြေးရှောင်စခန်းတွင်ရှိသော ယင်းတို့၏ နေရာများ ပျောက်သွားမည်စိုးသည့်အတွက် ပြန်လာခဲ့သည်။

Roi Bu သည် အခြား အကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူ အမျိုးသမီးတို့နှင့် ပြုလုပ်သော အစည်းအဝေးသို့ ပြန်လာပူးပေါင်းနိုင်ရန် မြန်မာစစ်တပ်နှင့် စခန်းခေါင်းဆောင်တို့မှ စစ်ပြေးရှောင်ပြည်သူတို့၏ သွားလာလှုပ်ရှား မှုကို ကန့်သတ်ရန် ကြိုးစားနေသည့်ကြားမှ စွန့်စားမှု ကြီးကြီးမားမား ယူခဲ့ရသည်။ သို့ဖြစ်စေကာမူ သူငယ်ချင်း များအား သူမ၏ အတွေ့အကြုံ ဇာတ်ကြောင်းကို ဖလှယ်ခွင့်ရသည့်အတွက် ပျော်ရွှင်ကြည်နူးမိသည်။

"ပထမဦးဆုံးအကြိမ် ပြုလုပ်တဲ့ (အကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူ အမျိုးသမီး) အစည်းအဝေးပြီးတဲ့ အချိန်မှာ နစ်ပတ်လောက် တောင်ယာမှာ စပါးပြန်ရိတ်သိမ်းခဲ့တယ်။ ကျမတို့ ၃ ယောက် ရွာကိုပြန်ပြီး လုပ်ခဲ့တာပါ။ ဒါပေမဲ့ ရွာသူကြီးက လုံခြုံရေးသတိပေးမှုတွေ ရှိနေတဲ့အတွက် ကျမတို့ကို ပြန်လာခိုင်းတယ်။ ကျမတို့ ထမင်းချက်ပြီးလောက်တဲ့အချိန်မှာ ကြံ့စိုက်ခင်းဆီက သေနတ်သံကြားခဲ့တယ်။ KIA ရဲ့ တပ်စခန်း တွေကို မြန်မာစစ်တပ်က မီးရှို့ခဲ့တယ်။ အဲ့ဒီနောက် လက်နက်ကြီးတွေက ကျမတို့ဆီမှာ ကျလာတယ်။ ကျမတို့ ထွက်ပြေးရတာပေါ့။"



# စန်းစန်းမော်

နိုင်ငံရေးအကျဉ်းသားဟောင်း

နိုင်ငံရေးမိသားစုက မွေးဖွားလာသော်လည်း စန်းစန်းမော်သည် ၎င်းအား နိုင်ငံရေးအကျဉ်းသားဟောင်းအဖြစ်ခေါ်ဆိုသည်ကို ကြိုက်နှစ်သက်ခြင်းမရှိပေ။ နိုင်ငံရေးသမားတစ်ဦး၏ ဇနီးမယားအဖြစ် သည့်အတွက် အမှု နှစ်ကြိမ်စစ်ဆေးပြီး ထောင် ၆၅ နှစ် ချမှတ်ခံခဲ့ရသည်။ သူမသည် ရုပ်ပိုင်းဆိုင်ရာ ညှင်းပမ်းနှိပ်စက်ခြင်းမခံရသော်လည်း သူမ၏မိသားစုသည် သူမ ထောင်ကျနေသည့်အတွက် ဒုက္ခ ဆင်းရဲတို့ကို ပြင်းထန်စွာခံစားခဲ့ရသည်။ ထို့အတွက် စန်းစန်းမော်သည် ကြီးမားသည့် စိတ်ဖိစီးမှုနှင့် စိတ်ဒဏ်ရာတို့ ကြာရှည်စွာ ခံစားခဲ့ရသည်။

စန်းစန်းမော်နှင့် သူမ၏အမျိုးသားတို့ စစ်ဆေးမေးမြန်းခံရသောအချိန်တွင် သူမ၏ မိခင် အသက် (၇၀) နှင့် သူမခင်ပွန်း၏ဖခင် အသက် ၇၄ နှစ်တို့ကို ဓားစာခံများအဖြစ် ပိတ်လှောင်ထားကြသည်။ သူမတို့၏ မိဘများကို လွှတ်ပေးဖို့ တောင်းပန်ခဲ့ပြီး လွှတ်ပေးမည်ဆိုမှ မေးခွန်းများကို ဖြေဆိုမည်ဟု ပြောခဲ့ သည်။ သို့သော်လည်း ဖမ်းထားသည့်သူများမှာ ပြန်လွှတ်ပေးဖို့အတွက် ၁၀ ရက် အချိန်ယူခဲ့သည်။ ဒီ့အပြင် သူမ၏ ယောက္ခမ၊ သူမ၏မိခင်နှင့် သမီးငယ်တို့ကို

နေအိမ်အကျယ်ချုပ်ချထားခဲ့သည်။

"ကျမတို့မိဘတွေကို လာဖမ်းတဲ့အချိန် တစ်အိမ်လုံးကို ဝင်ရောက်ရှာဖွေတဲ့အချိန်မှာ ကျမ ယောက်ျား ရဲ့အဖေက နှလုံးခုန် ၂ ခါတောင် ရပ်သွားတယ်။ သူတို့ကို ပိတ်ထားတဲ့အခန်းမှာ ပူးကပ်ကြပ် သိပ်နေအောင်ထားတယ်။ ပြီးတော့ စားစရာလည်းမရှိသလောက်ပဲ။ ဒီလို ဆင်းရဲဒုက္ခတွေရှိပေမယ့် ကျမရဲ့ ယောက္ခမက ကျမကို အပြုံးမျက်နှာနဲ့ နှစ်သိမ့်ပေးခဲ့တယ်။ အခုအချိန်ထိ သူ့အသံကို ကြားယောင်နေမိတယ်။ ကျမအမေလည်းတူတူပါပဲ။ ကျမရဲ့စိတ်တွေကိုတည်ငြိမ်အောင် နှစ်သိမ့် ပေးနေတဲ့အချိန်မှာ သူတို့နှစ်ယောက်လုံးက အချုပ်ထဲမှာနေရတဲ့အတွက် အဝတ်အစား တွေလည်း ဟောင်းနွမ်းညစ်ပတ်နေတာပဲ။"

သူမတို့၏ မိသားစုစီးပွားရေးမှာ လျင်မြန်စွာ အစိတ်စိတ်အမြွှာမြွှာပျက်စီးသွားခဲ့သည်။ ယင်းအခြေ အနေသည် အိုမင်းချည့်နဲ့နေသည့် မိဘများအတွက် အခက်အခဲအများကြီးဖြစ်စေခဲ့သည်။

"အစားအသောက်နဲ့ပတ်သက်ပြီး စိတ်မချမ်းမြေ့စရာအခြေအနေတွေဖြစ်နေလို့ စာနာတဲ့စိတ်နဲ့ ကျမ တို့ မိဘတွေဆီကို အစားအသောက် သွားပေးတဲ့သူတွေကို အာဏာပိုင်တွေက တားဆီးခဲ့တယ်။ အဲ့ဒီအချိန်တုန်းက ကျမအမေဆိုရင် ထမင်းငတ်တော့မယ့်အထိပဲ။"


၃ လ နေအိမ်အကျယ်ချုပ်ဖြင့် ပိတ်လှောင်ထားခံရပြီးနောက် စန်းစန်းမော် ယောက္ခမကို ရန်ကုန်ရှိ ခဲအို၏ နေအိမ်သို့ ပို့ခဲ့သည်။ ရန်ကုန်တွင် ၁ နှစ်ကြာနေထိုင်ခဲ့ပြီး စန်းစန်းမော်၏အမှုကို တရားရုံးတွင် စစ်ဆေးခဲ့ပြီး ဆုံးဖြတ်ချက်ချပြီး များမကြာမီအချိန်တွင် သူမ၏ ယောက္ခမ ဆုံးပါးသွားခဲ့သည်။ စန်းစန်းမော်သည် တစ်ဦးတည်းသော သမီးဖြစ်သည့်အတွက် သူမတို့၏ သမီးငယ်ကို ပြုစုစောင့် ရှောက်နေရပြီး ထောင်ဝင်စာလာတွေ့ခြင်း စသည်တို့အတွက် ရုန်းကန်နေရသည့် မိခင်ကို မည်သူ တစ်ဦးတစ်ယောက်မှ ကူညီ စောင့်ရှောက်ပေးနိုင်ခြင်း မရှိပေ။

'ကျမအမေမှာ သွေးတိုးရောဂါရှိတယ်။ ကျမကို အင်းစိန်ထောင်ကိုပို့လိုက်တယ်ဆိုတဲ့သတင်းကို မနက် ၁၁ နာရီလောက်မှာကြားလိုက်တဲ့အချိန်မှာ ကျမအမေ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးပါးသွား ခဲ့တယ်။ ကျမအရမ်းကို ဝမ်းနည်းမိတယ်။ မိဘဆိုတာ အစားပြန်မရဘူးလေ။ ကျမတို့ကြောင့် မိဘတွေ ခုလို အခြေအနေတွေနဲ့ ကြုံတွေ့ရတာ ကျမ အရမ်းစိတ်မကောင်း ဖြစ်မိတယ်။ သူတို့အတွက် တာဝန် မကျေခဲ့သလို ခံစားရတယ်။

၂၀၁၃ ခုနှစ်စန်းစန်းမော် ပြန်လွတ်လာသောအချိန်တွင် သူမနှင့်အမှုတစ်ခုတည်းတွင်ပါဝင်သော သူငယ်ချင်း ကျန်နေခဲ့သည့်အတွက် ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရသည်။ ၇ ဦးထဲတွင် ၅ ဦးမှာ ပြန် လွတ်လာပြီး ၂ ဦးမှာ ဆက်လက်ဖမ်းဆီးထားခံရသည်။ ၃ လကြာပြီးသည့်နောက်တွင် စန်းစန်းမော်သည် သူမ၏ သမီးနှင့်တွေ့ခွင့်ရခဲ့သည်။

စန်းစန်းမော်သည် ထောင်မှပြန်လွတ်ပြီးနောက်ပိုင်းတွင် မည်သည့်အလုပ်မှ ရှာလို့မရရှိသည့် အတွက် သူမ၏ ခင်ပွန်းအား အချိန်ပြည့် ပြုစုစောင့်ရှောက်သည့်အလုပ်ကိုသာ လုပ်နေသူဖြစ်သည်။

"အခုအချိန်မှာ
ကျမဘာမှမလုပ်နိုင်ဘူး။
ကျမ ကိုယ်ပိုင်စီးပွားရေး
လုပ်ဖို့စဉ်းစားပေမယ့်
ကျမဆီမှာ ပိုက်ဆံမရှိဘူး။
ဒီအခြေအနေကို
ကျမရှောင်လွဲလို့မရဘူး။
ဒါကြောင့်
ကျမယောက်ျားကို
ပြုစုရင်းနဲ့ပဲ ပျော်ရွှင်
အောင် နေနေတယ်။
ကျမတို့ အသီးသီးမှာ
စိုးရိမ်ပူပန်မှုတွေရှိတယ်။
ဒါပေမယ့် ကျမတို့ ဟန်
ဆောင်ပြီး ပျော်ပျော်
နေနေကြတယ်။
ကျမရဲ့ ဆုံးရှုံးမှုတွေကို
ဖြေသိမ့်တဲ့အနေနဲ့
ကျမယောက်ျား ဆီက
ကဗျာလေးတစ်ပုဒ်ကို
၂၀၁၀ တုန်းကရရှိခဲ့တယ်။
ကဗျာကတော့
"မငိုပါနဲ့မိရှေး" တဲ့။"



# Tar Thue

ကရင်



Tar Thue သည် ၁၅ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးဖြစ်သည်။ သူမသည် ဤလေ့လာမှုထဲတွင် ပါဝင်သော အကြမ်းဖက်မှုမှ ကင်းလွတ်လာသူ ကရင်အမျိုးသမီးများထဲတွင် အသက်အငယ်ဆုံးဖြစ်သည်။ သူမတွင် မောင်နှမ ၉ ဦးရှိသော်လည်း တစ်ဦးမှာ ဆုံးပါးသွားပြီးဖြစ်သည်။

၁၉၉၉ ခုနှစ်တွင် သူမသည် မွေးကင်းစ ကလေးအရွယ်ဖြစ်ပြီး စစ်ပွဲကြောင့် Tar Thue နှင့် မိသားစုမှာ ယင်းတို့ နေထိုင်ရာ ကျေးရွာမှ ပြောင်းရွှေ့ခဲ့ရသည်။ ကလေးအရွယ်တွင် သူမသည် ရက်စက်ကြမ်း ကြုတ်မှုတို့ကို မျက်မြင်ကိုယ်တွေ့ တွေ့ကြုံခဲ့ရသည်။ သူမ၏ ဖင်အား မြန်မာစစ်သားတို့မှ ညှဥ်းပမ်းနှိပ် စက်မှုတို့ကို မေ့ပစ်ချင်ခဲ့သည်။ သူမ ဖခင်ဖြစ်သူကို ဓားမြောင်နှင့်မွှမ်းခြင်း၊ မီးရှို့ခြင်း၊ တက်နင်းခြင်းနှင့် ရေနစ်သက်ခြင်းကြောင့် သေလုမျောပါးဖြစ်ခဲ့ရသည်တို့ကို ပြောပြရသည်မှာ အလွန်ကို ခက်ခဲနေတုန်း ပင်ဖြစ်သည်။ ဒဏ်ရာများကြီးကြီးမား မားရရှိခဲ့သော်လည်း သူမ၏ဖခင်မှာ ယနေ့အထိ အသက်ရှင်နေ ဆဲဖြစ်သည်။

ကရင်အမျိုးသားအစည်းအရုံး(KNU) တွင် စစ်သားတစ်ဦးဖြစ်သူ Tar Thue ၏ ဦးလေးသည် KNU နှင့် မြန်မာစစ်တပ်ကြားဖြစ်ခဲ့သော ပစ်ခတ်တိုက်ခတ်မှုအတွင်း ကျဆုံးခဲ့သည်။ သူမ၏ အဒေါ်တစ်ဦးမှာ လည်း မြွေကိုက်ခံရပြီး ယင်းဒေသတွင် ပဋိပက္ခဖြစ်နေသည့်အတွက် သင့်လျော်သော ဆေးကုသမှုကို မရရှိသည့်အတွက် သေဆုံးခဲ့သည်။

ယခုအခါတွင် Tar Thue သည် တောင်ယာတစ်ခုတွင် နေ့စားအဖြစ် အလုပ်လုပ်နေသည်။ သူမသည် ငယ်ရွယ်သူဖြစ်သော်လည်း အလုပ်တွင် အားစိုက်ထုတ်ရခြင်း၊ မရပ်မနားလုပ်ရသည့်အတွက် ကိုက်ခဲ နာကျင်မှုနှဲ့ပတ်သက်ပြီး ဒုက္ခခံစားနေရသည်။ မိဘနှစ်ပါးမှာ မိသားစု၏ နေ့စဉ် အခြေခံလိုအပ်ချက် တို့အတွက် ရုန်းကန်လှုပ်ရှားနေရသောအချိန် တွင် သူမသည် အငယ်မောင်နှမများကို ကြည့်ရှုစောင့် ရှောက်ပေးရသည်။ မိဘများ ကျောင်းခမပေးနိုင်တော့သည့်အပေါ် ၉ တန်းတွင် ကျောင်းထွက် လိုက်ရသည့်အတွက် သူမ အလွန်ကို ယူကြုံးမရဖြစ်ခဲ့ရသည်။

"ကျောင်းဆက်မတက်နိုင်တော့တဲ့အတွက် ကျမဝမ်းနည်းတယ်။ ရေရှည်ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို လိုချင်တယ်။ စစ်ပွဲတွေမလိုချင်ဘူး။"

# သန္တာ

## နိုင်ငံရေးအကျဉ်းသားဟောင်း



သန္တာသည် အသက် ၄၅ နှစ်အရွယ်ဖြစ်ပြီး ဧရာဝတီတိုင်း၏ ကဗျာဆရာမ၊ စာရေးဆရာမဖြစ်သည်။ သူမ၏ ကလောင်နာမည်မှာ မဇ္ဈိဖြစ်ပြီး 'မဆွေးကျော်၏ ထောင်နံရံ အက်ကြောင်းများ' ဆောင်းပါးဖြင့် နာမည်ကြီးသည်။ ၁၉၈၈ ခုနှစ်မှစပြီး နိုင်ငံရေးတွင် တတ်ကြွစွာပါဝင်ခဲ့ပြီး စစ်အစိုးရမှ သူမကို သူမနေထိုင်သော ပြည်နယ်မှ နှင်ထုတ်သည့်အတွက် သူမ ရန်ကုန်သို့ ရွှေ့ပြောင်းခဲ့ရသည်။ ရန်ကုန်တွင် အခြေချသည့်အချိန်တွင် အချိန်အတော်အကြာထိ သူမသည် ဖမ်းဆီးထိန်းသိမ်းခံရလိုက် ပြန်လွတ်လိုက်ဖြင့် ဖြတ်ကျော်ခဲ့ရသည်။

၂၀၀၆ ခုနှစ်တွင် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားသောကြောင့် ဖမ်းဝရမ်းမရှိပဲ အဖမ်းခံခဲ့ရသည်။ ၉ ရက်ကြာ ဆက်တိုက် စစ်ကြောခံရပြီး ရေနှင့်အစားအသောက်ဖြတ်တောင့်ခံရသည့်အပြင် အိပ်စက် ခွင့်ကိုလည်း ပိတ်ပင်ခံခဲ့ရသည်။

"အမျိုးသားတွေရဲ့ ပုံစံမျိုးစုံ ကြမ်းကြမ်းတမ်းတမ်းရိုက်နက်တာကို ကျမ ခံခဲ့ရတယ်။ အမျိုးသားတွေက ကျမတို့ရဲ့ ခန္ဓာကိုယ်အနံ့ကို ရိုက်နေတဲ့အတွက် ကျမတို့ကအမျိုးသမီး ထောင်ဝါဒါကို ရိုက်ခိုင်းဖို့ တောင်းဆိုခဲ့ပေမယ့် သူတို့ နားမထောင်ပေးခဲ့ဘူး။ အမျိုးသားတွေ ဝိုင်းပြီး အမျိုးသမီး တစ်ဦးကို သနားညှာတာမှုကင်းမဲ့စွာ ရိုက်နက်ခဲ့ကြတယ်။"

စစ်ကြောရေးပြီးသည့်အချိန်တွင် မသန္တာအား အကျဉ်းထောင်သို့ချက်ခြင်းပို့ခဲ့ပြီး စစ်ခုံရုံးတွင် သူမ၏ အမှုကို စစ်ဆေးခံရမည်ဖြစ်ပြီး ရှေ့နေငှားရမ်းခွင့်လည်း ပိတ်ပင်ခံခဲ့ရသည်။ သူမ၏ မိသားစုဝင်တို့နှင့် ဆက်သွယ်မှုကို ပိတ်ပင်တားဆီးသည့်အနေဖြင့် ၉ လကြာ အမှောင်ထဲတွင် တိုက်ပိတ်ခဲ့သည်။

သူမရဲ့ နိုင်ငံရေးအရ ဖိနှပ်ခံရမှု၊ လိင်ပိုင်းဆိုင်ရာ စော်ကားအကြမ်းဖက်ခံရမှုအတွေ့အကြုံအရ မြန်မာ နိုင်ငံတွင် တရားမျှတမှုမရှိဟု မသန္တာယုံကြည်သည်။

"ဒီကာလတစ်လျှောက်လုံးမှာ ကျမဟာ နိုင်ငံရေးအရ တတ်ကြွသူတစ်ဦးဖြစ်ပြီးတော့ ကျမရဲ့နိုင်ငံရေး ယုံကြည်ချက် ဆက်လက်ပြီး သစ္စာရှိနေခဲ့တယ်။ ကျမတို့ တကယ်လိုချင်တာကတော့ ဒီမိုကရေစီနဲ့ တရားမျှတမှုရဖို့ပဲ။ တရားမျှတမှုမရှိလို့ ကျမအခုလို ဒုက္ခခံစားရတာပဲ။ နိုင်ငံသားတစ်ယောက် အမျိုးသမီး တစ်ယောက်ဖြစ်တဲ့ကျမဟာ အမျိုးသားတစ်စုရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အရှက်ရစရာ ကောင်းတဲ့ ညှင်းပမ်းနှိပ်စက်မှုကို ခံခဲ့ရတယ်။ သူတို့ရဲ့ နှိပ်စက်မှုတွေကို ကျမကတော့

လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားမှုလို့ သတ်မှတ်တယ်။”

‘အခုဆိုရင် ကျမတို့ဟာ ထောင်ထဲမှာမဟုတ်တော့ဘူး။ ကျမတို့ပြည်သူတွေအတွက် တရားမျှတတဲ့ ဥပဒေအတွက် ကျမတို့ တိုက်ပွဲဝင်ရမယ်။ ဒါတွေလုပ်နိုင်ဖို့ဆိုရင် အစိုးရကိုယ်တိုင်က ပြောင်းလဲလို စိတ်နဲ့ ရိုးသားဖို့လိုတယ်။ ပြည်သူတွေက ဥပဒေက မရိုးသားဘူး၊ မသိကျိုးကျွန်ပြုနေမယ်။ ချစ်ကြည်မှုနဲ့ စိတ်ကောင်းစေတနာတွေကင်းမဲ့နေမယ်ဆိုရင် ဒီဥပဒေတစ်ရပ်ရှိနေတာဟာလည်း တန်ဖိုးမဲ့နေမှာပဲ။ ဒီ့အပြင် ဥပဒေရဲ့ လမ်းညွှန်မှုကမှန်ကန်တယ်ဆိုရင်တောင်မှ ဖြောင့်မတ်မှန်ကန်တဲ့ ဥပဒေအရ လုပ်ထုံးလုပ်နည်းတွေရှိရမဲ့အပြင် ကျွမ်းကင်တဲ့ အရာရှိတွေက ဥပဒေအတိုင်း လိုက်နာ ဆောင်ရွက်ဖို့လိုတယ်။ စနစ်တွေက လာဘ်ပေးလာဘ်ယူမှုကင်းပြီးတော့ အကျင့်ပျက်ချစားမှုတွေ လည်း ကင်းဖို့လိုတယ်။ ကောင်းမွန်တဲ့အစိုးရက ပြဋ္ဌာန်းအတည်ပြုတဲ့ ကောင်းမွန်တဲ့ မှန်ကန်တဲ့ ဥပဒေတွေရှိဖို့လိုတယ်။ ပြီးတော့ ပြည်သူကလည်း လိုက်နာတဲ့ ဥပဒေဖြစ်ဖို့လိုတယ်။ ဒါမှလည်း ကျမတို့အား လုံး မျှော်လင့်တဲ့ တရားမျှတမှုဆိုတာရရှိမှာဖြစ်တယ်။”

“ကျမတို့ ဘာမှလုပ်လို့မရတော့ တစ်ယောက်နဲ့တစ်ယောက် အသံပေးကြတာပေါ့။ တခါတလေ ကျမသီချင်းဆိုတယ်။ ဒါပေမယ့် သီချင်းတစ်ပုဒ်လုံးဆုံးအောင် မဆိုနိုင်ခဲ့ဘူး။ အဲ့ဒီအစား ကျမ ကဗျာစပ်ပြီး အကျယ်ကြီး ရွတ်ဖတ်တယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကို ဝေဖန်တဲ့ ကဗျာစပ်ဆိုတဲ့အတွက် ကျမကို တရားထပ်စွဲတယ်။ ဒီအတွက် ကျမကို သတ်မိန့်ပေး ခဲ့တယ်။ ကျမရေးခဲ့တဲ့ ကဗျာတွေက ဖတ်တဲ့သူတွေကို ခွန်အားပေးတာ၊ သူတို့ရဲ့ စိတ်ဓာတ်တွေကို မြှင့်တင်ပေးတာကို စပ်ဆိုထားတာပါ။ ကျမ ဒီကဗျာတွေကို ဖတ်တဲ့အချိန်မှာ ကျမရဲ့ နှလုံးသားနဲ့ စိတ်ဝိညာဉ်နဲ့ဖတ်တယ်။ ဒီလိုလုပ်တဲ့အတွက် ခွန်အားအသစ်တွေ၊ စိတ်စွမ်းအင်အသစ်တွေကို ရရှိတယ်လို့ခံစားရတယ်။”

တိုင်းရင်းသားလူမျိုးပေါင်းစုံသည် ပြဿနာတစ်စုံတရာမရှိပဲ အတူတကွလက်တွဲနေထိုင်နိုင်ဖို့အတွက် ပြည်တွင်းစစ်ရပ်တန့်ဖို့လိုသည်ဟု မသန္တာမှယုံကြည်သည်။

သူမကို တိုက်ပိတ်ပြစ်ဒဏ်နှင့် အကျဉ်းချထားသည့်ကာလတွင် သူမအား တစ်ဦးတည်းလပေါင်းများစွာ အမှောင်ထဲတွင် လှောင်ပိတ်ပြီး နေစေခဲ့သည်။ မသန္တာသည် ထောင်ထဲတွင် ကဗျာများစပ်ဆိုသည့် အတွက် ထောင်နှစ်ရှည် ချမှတ်ခံရသည်။

အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူ အမျိုးသမီးများနှင့်အတူတကွ စုဆုံကြပြီးသည့်အချိန် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် သူမ၏ ခင်ပွန်း အလွတ်သတင်းထောက်ဖြစ်သူ ကိုပါကြီးသည် မွန်ပြည်နယ်တွင် သ တင်းလိုက်နေစဉ်အတွင်း ပျောက်ဆုံးသွားသည့် အကြောင်းကို ကြားသိခဲ့ရသည်။ တစ်ပတ်ကြာသည့်နောက် တွင် သူမ၏ အမျိုးသားများ စစ်တပ်၏ ညှဉ်းပမ်းနှိပ်စက်ခံရပြီး အသတ်ခံလိုက်ရသည်ဟု သိရှိလိုက်ရသည်။ သူမအမျိုးသားအသတ်ခံလိုက်ရသည့်ကိစ္စနှင့်ပတ်သတ်ပြီး တရားမျှတမှုနှင့် အမှန်တရားတို့ ပေါ်ပေါက်လာရန် ရည်ရွယ်ချက်ဖြင့် တာဝန်ရှိသူ စစ်သားတို့ကို တရားစွဲနိုင်ရန်အမှုဖွင့် ခဲ့သည်။ အလွန်ကို အမှောင်ဆုံး အချိန်များတွင်ပင် တရားမျှမမှုနှင့်ပတ်သက်သည့် သူမ၏ ခံယူချက်မှာ မိမိတို့အားလုံးအတွက် အတုယူ စရာဖြစ်ခဲ့သည်။

အောင်ပွဲ

ယုံကြည်ချက်အတွက် မီးထဲလမ်းလျှောက်
ရဲရဲတောက်ခဲ့တာငါတို့ ။
တရားမျှတမှုအတွက် ဆူးခင်းလမ်းတွေ ပေါက်လည်း
ဒူးမထောက်ခဲ့တာ ငါတို့ ။
ကဲ အလံ မလဲစတမ်း ရဲဘော်တို့ ရေ။ ထောင်နံရံမှာ
အောင်လံနီ စိုက်ကြရအောင်။
ကျွန်မတို့နိုင်ငံရေးလုပ်တဲ့သူတွေအားလုံးထောင်ဆိုတာ
ကိုအမေ့အိမ်လိုသဘောထားပြီး ဝင်လိုက်ထွက်လိုက်နဲ့
နေရတယ့်၊
အမျိုးမျိုးဖိနှိပ်မှုကို ခံကြရတယ်။
ဒါပေမဲ့ ကျွန်မတို့ ထောင်ထဲမှာ
ဝန်ထမ်းတွေရဲ့ ရှေ့မှာ ကျွန်မတို့ တစ်ခါမှ မျက်နှာ
မပျက်ဖူးဘူး။
မျက်ရည်တစ်စက်မကျဖူးဘူး။
ကျွန်မတို့ ဝိုချင်ရင် ကျွန်မတို့ အိပ်တဲ့
ခြင်ထောင်ထဲရောက်တော့မှ ကျွန်မတို့ ကြိတ်ငိုခဲ့တယ်။
ဒါဟာ ကျမတို့ရဲ့ အားမာန်တစ်ခုပဲ။



# သက်သက်အောင်

နိုင်ငံရေးအကျဉ်းသားဟောင်း

သက်သက်အောင်သည် စကားပြောအလွန်ကောင်းသည့် အလုပ်သမားအရေးလှုပ်ရှားတက်ကြွသူ တစ်ဦးဖြစ်သည်။ သူမသည် အသက် ၃၆ နှစ်ရှိ အိမ်ထောင်ရှင်မတစ်ဦးဖြစ်ပြီး သားသမီး ၃ ဦးရှိသည်။

ရန်ကုန်သူဖြစ်ပြီး သူမတို့မိသားစုသည် အောင်မြင်သည့် လက်ဖက်ရည်ဆိုင်ကိုဖွင့်ထားပြီး ကျောင်း သားများလည်း မကြာခဏလာရောက် သုံးဆောင်ကြသည်။ သို့သော်လည်း လက်ဖက်ရည် ဆိုင်သည် အတင်း အဓမ္မအပိတ်ခိုင်းခံခဲ့ရ သည်။ နိုင်ငံရေးနိုးကြားတက်ကြွသည့်မိသားစုတွင် ကြီးပြင်းလာ သူဖြစ်ပြီး သက်သက်အောင်သည် အကြမ်းဖက်မှုတို့ကို လက်တွေ့ ကြုံတွေ့ခဲ့ရသည်။ ၁၉၈၈ ခုနှစ် သူမ ၁၁ နှစ်သမီးအရွယ်တွင် မြေညီကုန်းလမ်းမကြီးကို ဖြတ်ပြီး အိမ်ပြန်ခဲ့ရ သည်။

'ကျမ လူသေအလောင်းတွေ အများကြီးတွေ့တယ်။ အဖြူအစိမ်းဝတ်ထားတဲ့ သွေးသံရဲရဲနဲ့ ကျောင်းသားလေးတွေ အများကြီးကိုတွေ့ခဲ့တယ်။ သူတို့တွေကို မိုးကာနဲ့အုပ်ထားတယ်။ ဒါပေမယ့် လေပြင်းတွေတိုက်နေတဲ့အတွက်

မိုးကာစကလွင့်သွားတော့ သူတို့ရဲ့ အလောင်းတွေပေါ်လာတာပေါ့။ အရမ်းကို ကြေကွဲစရာကောင်းတဲ့မြင်ကွင်းပါပဲ။ ကျမတစ်သက် မေ့ပစ်လို့ရမယ် မထင် ဘူး။

အဲ့ဒီအနောက်မှာတော့ ၁၀ နှစ်နဲ့ ၁၁ နှစ်အရွယ် ကျမရဲ့ အစ်ကို ၂ ယောက်အဖမ်းခံရတယ်။ တစ်ယောက်ကိုတော့ အမှောင်ထဲမှာ တစ်ယောက်တည်း ၄၅ ရက်ကြာ တိုက်ပိတ်ထားတယ်။ နောက်တစ်ယောက်ကတော့ သတိလစ်တဲ့အထိ အရိုက်ခံရတယ်။ သူ အိမ်ပြန်ရောက်လာတဲ့ အချိန်မှာ သူဘယ်တွေရောက်ခဲ့တယ်ဆိုတာကို မသိတော့ဘူး။ နောက်အကို တစ်ယောက်ကတော့ တချိန်လုံး မနက်ခင်း နေကိုပဲ ငေးကြည့်နေတယ်။

ငယ်ရွယ်တဲ့မိန်းကလေးတစ်ယောက်အနေနဲ့ အကြမ်းဖက်တယ်ဆိုတဲ့အဓိပ္ပါယ်ကို စပြီး စဉ်းစားမိ တယ်။ ကျမ ၇ တန်း တက်နေတဲ့အချိန်မှာ ကျမအမေ ကျမရဲ့အရှေ့မှာပဲ အဖမ်းခံရတယ်။ ညတိုင်း တစ်လကြာတဲ့အထိ အမေအိမ်ပြန်လာတာကို ကျမ မအိပ်ပဲစောင့်နေခဲ့တယ်။ ကျမအမေအိမ်ပြန် လာတဲ့ မြင်ကွင်းကို ကျမ ဘယ်တော့မှ မေ့ပစ်နိုင်မှာမဟုတ်တော့ပါဘူး။ သူ့လမ်း မလျှောက်နိုင် တော့ဘူး။ အမေပြန်ကျန်းမာလာဖို့ကို တော်တော်လေး ခက်ခက်ခဲခဲနဲ့ ပြုစုစောင့် ရှောက်ခဲ့ရတယ်။ အမေ့ကို ပြန်လွှတ်လိုက်တာကတော့ ထောင်ထဲမှာ သေဆုံးသွားမှာကြောက်လို့ပဲ။ ဒီအချိန်တွေမှာ ကျမ ကြီးမားတဲ့ နာကျင် ဝမ်းနည်းမှုကို ခံစားခံရတယ်။”

အထက်တန်းအောင်ပြီးသောအချိန်တွင် သက်သက်အောင်နှင့် သူမ၏ယောင်းမတို့သည် အဝတ်အ ထည်များရောင်းသည့် အောင်မြင်သော ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ကြသည်။ သူမသည် နိုင်ငံရေးတွင် တတ်ကြွစွာ ဆက်လက်ပါဝင်နေသည်။ ရွှေဝါရောင်လှုပ်ရှားမှုတွင် အပစ်ခံခဲ့ ရသော်လည်း သက်သက်အောင်နှင့် သူမ၏ သူငယ်ချင်း တို့သည် ထွက်ပြေးလွတ်မြောက် သွားပြီး ဘေးကင်းသော အိမ်များတွင် ခိုလှုံခွင့်ရခဲ့သည်။ အောက်တိုဘာလ ၈ ရက် ၂၀၀၇ ခုနှစ်တွင် သူမ၏ ခင်ပွန်းအဖမ်းခံရပြီး သူမ၏ အမေနှင့်ယောက္ခမတို့မှာ အောက်တိုဘာလ ၁၀ ရက်နေ့တွင် အဖမ်း ခံရသည်။ သက်သက်အောင်သည် ချက်ခြင်းပုန်းအောင်းနေခဲ့ရသည်။ သူမအနေဖြင့် ယခုလုပ်ဆောင် နေသော အလုပ်ကို ဆက်မလုပ်ပါက ဓားစာခံများအဖြစ်ဖမ်းထားသော သူမ၏အမေနှင့် ယောက္ခမကို ပြန်လွှတ်ပေးမည်ဟု အာဏာ ပိုင်များမှ ပြောလာခဲ့သည်။

အောက်တိုဘာလ ၁၈ ရက်နေ့တွင် သက်သက်အောင်သည် သူမ၏ အဒေါ်၊ ညီမ၊ အခြားရဲ ဘော်ရဲဘက် ၂ ဦးနှင့်အတူ အဖမ်းခံခဲ့ရသည်။ ထိုရက်တွင် သူမ၏ ယောက္ခမပြန်လွတ်လာ သော်လည်း သူမ၏ မိခင်မှာ ၁၀ ရက်ကြာ စစ်ကြောရေးတွင် ဆက်လက် စစ်ဆေးမေးမြန်းခံရသည်။

၂၀၀၈ ခုနှစ်တွင် သူမအား ထောင်ဒဏ် ၆၅ နှစ် ချမှတ်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် သက်သက်အောင်ပြန်လွတ်လာခဲ့သည်။ သူမသည် တချိန်တုန်းက ကိုယ်ပိုင်စီးပွားရေး လုပ်ငန်း ရှိခဲ့သော်လည်း ယခုအချိန်တွင် ဘာမှ မကျန်တော့ပေ။ သူမသည် ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်း၏ အလုပ်သမားရေးရာဌာနတွင် ဒုတိယတာဝန်ခံဖြစ်သည်။ သူမသည် နိုင်ငံရေးအ ကျဉ်းသားများအား ကာကွယ်ပေးမည့် အနာဂတ် ဘဝများစင်တာ (Future Life Center) တွင် တာဝန် ခံဖြစ်သည်။

သူမသည် ထောင်ထဲတွင် နိုင်ငံရေးအကျဉ်းသားများ အများကြီးရှိနေသေးသည်ကို အများသိရှိ သတိမူမိ စေရန်အတွက် တောင်းဆို တိုက်တွန်းသွားရန် ဆုံးဖြတ်ထားသည်။

“အမေ၊ ယောက္ခမနဲ့ ကလေးတွေအတွက် ကျမအရမ်းစိတ်မကောင်းဖြစ်မိတယ်။ ကလေးအငယ် ဆုံးက ၁ နှစ်သားလေးပဲရှိသေးတယ်။ သူတို့ကို ဘယ်သူကြည့်ရှုစောင့်ရှောက်မှာလဲ။ အရမ်းကို ခက်ခဲတဲ့အချိန်ပါပဲ။ ကျမ လက်လျှော့ အရှုံးပေးဖို့ စဉ်းစားပါသေးတယ်။ ဒါပေမယ့် ဒီလိုသာ အရှုံးပေးလိုက်မယ်ဆိုရင် အာဏာပိုင်တွေက ဒီနည်းအတိုင်း တခြား ရဲဘော်တွေကို ဆက်လုပ်ဖို့ အတွက် တွန်းအားပေးရာကျမယ်။ ကျမ နယ်တွေဖက်ကို ထွက်သွားခဲ့တယ်။ ကျမအနေနဲ့ ခြေတစ် လှမ်းများလိုက်တာနဲ့ သူတို့ရဲ့ လက်ချုပ်ထဲကို ရောက်သွားနိုင်တယ်ဆိုတာ ကျမသိနေတယ်။”



# တင်တင်ချို

## နိုင်ငံရေးအကျဉ်းသားဟောင်း

တင်တင်ချိုသည် ရွှေဝါရောင်တော်လှန်ရေးလှုပ်ရှားမှုအပြီး ကော်ဖီဆိုင်တွင် အဖမ်းခံရသည့်အချိန်တွင် ငယ်ရွယ်သေးသည့် အမျိုးသမီးတစ်ဦးဖြစ်သည်။ ထောင်ထဲတွင် ၄ နှစ်နေရစဉ်အတွင်း စိတ်ပိုင်းဆိုင် ရာနှင့် ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်ခြင်း ခံခဲ့ရသည်။ ပထမပိုင်းတွင် စစ်ကြောရေးစခန်းတွင် သူမကို ပြင်းပြင်း ထန်ထန်စစ်ဆေးမှုများပြုလုပ်ခဲ့သည်။

"အမျိုးသား ၃ ယောက်ပါတဲ့ အဖွဲ့က ကျမတို့ကို မေးခွန်းမေးတယ်။ ကျမတို့အတွက် အိပ်ဖို့ နားဖို့ အခွင့် အရေးမရှိဘူး။ ကျမတို့ကို အရမ်းကို လင်းထိန်တဲ့ မီးလုံးအောက်က ခွေးခြေခုံပေါ်မှာ ပေးထိုင်ထား တယ်။ ၂၄ နာရီလုံး ရေလုံးဝမချိုးရပဲ အပူဒဏ်ကို ခံခဲ့ရတယ်။"

အမျိုးသမီးအကျဉ်း သူများနေသည့် အချုပ်ခန်းသို့ ထောင်စောင့်များမှ အမျိုးသမီးတို့၏ ဂုဏ်သိက္ခာ တို့ကို လေးစားမှုမပေးပဲ ဝင်ထွက်သွားလာသည့်အပြင် ရိုင်းစိုင်းသည့်အပြောအဆိုတို့ကို ပြောဆိုပြီး စိတ်ဆိုးဒေါသထွက်အောင်ပြုလုပ်ကြသည်။ သူမသည် အိမ်ထောင်ရှိ အမျိုးသမီးတစ်ဦးဖြစ်သော် လည်း အမျိုးသားကျောင်းသားများနှင့် အတူအိပ်သည်ဟု ရိုးစွပ်ခံခဲ့ရသည်။

တင်တင်ချိုအဖမ်းခံရသောအချိန်တွင် သူမသည် ခင်ပွန်း၊ သားတို့နှင့်အတူ ရှိနေခဲ့သည်။

"ကျမကို အချုပ်ထဲပို့မလားဆိုပြီး ကျမ မစိုးရိမ်ပါဘူး။ ဒါပေမဲ့ ကျမရဲ့သားလေး ကျောင်းကနေ ဘယ်လိုပြန်လာမလဲဆိုတာကိုတော့ စိုးရိမ်မိတယ်။ ကျမသားက အရမ်းငယ်နေသေး တယ်လေ။ သားလေးက ၆ နှစ်ခွဲပဲရှိသေးတယ်။ အိမ်အပြန်လမ်းကိုတောင် မမှတ်မိသေးဘူး။ ကျောင်း ကနေ သားကို မကြိုနိုင်တော့တဲ့အခြေအနေက ကျမအတွက် အရမ်းကိုဖိအားဖြစ်စေခဲ့တယ်။"

၂၀၁၁ ခုနှစ် သူမပြန်လွတ်လာသောအချိန်တွင် သူမ၏ သားမှာ ၁၁ နှစ်အရွယ်ရှိနေပြီး သူမတို့၏ မိသားစု အသိုက်အမြုံလေးလည်း ပြိုကွဲခဲ့ရသည်။ "ကျမအမေနဲ့ညီမက ကျမထိုင်ခုံမှာထိုင်ပြီး ရေသောက်နေတဲ့အချိန်မှာ ကျမယောကျ်ား နောက်မိန်း မယူလိုက်တာကို မပြောပြကြဘူး။ အဲ့ဒီအချိန်မှာ ကျမသားက လှေကားထိပ်ကနေ ကြိုနေတာ ကိုတွေ့ရတယ်။ ကျမသူ့ကိုဖက်ပြီး ပျော်လွန်းလို့ တအားငိုပစ်လိုက်တယ်။

ကျမအိမ်ပြန်ရောက်တဲ့အချိန်မှာ ကျမဆီမှာ ငါးပြားတောင်မရှိဘူး။ ကျမပိုင်တဲ့ယာဉ်ကိုလည်း ကျမရဲ့ ယောကျ်ားဟောင်းကယူသွားတယ်။ ရောင်းချစရာလည်းဘာမှမကျန်တော့ဘူး။ ကျမနေရာမှာ တခြား အမျိုးသမီးတွေသာဆိုရင် ရူးသွားနိုင်တယ်။ ကျမသာ လဲသွားမယ်ဆိုရင် ကျမသား ဘာဖြစ်သွားမလဲဆိုတာ ကျမစဉ်းစားမိတယ်။ ကျမသားအိပ်နေတဲ့အချိန်မှာပဲ ကျမငိုမိတယ်။"

ထောင်ထဲတွင် တင်တင်ချိုသည် အမျိုးသမီးငယ်များ၊ အပျိုလူလွတ်အမျိုးသမီးများ၊ တိုင်းရင်းသူ အမျိုးသမီးများနှင့်မွတ်ဆလင်အမျိုးသမီးတို့ကိုတွေ့ခဲ့သည်။ ထောင်တွင်း သူမ ရရှိခဲ့သော အတွေ့ အကြုံ တို့သည် လက်ရှိတွင် အမျိုးသမီးအခွင့်အရေးအတွက် တတ်ကြွလှုပ်ရှားသူ ဖြစ်စေခဲ့သည်။

"ကျမတို့ရဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ အမျိုးသမီးတွေ ဘာအောင်မြင်မှုမှ ရမှာမဟုတ်ပါဘူး ဆိုတဲ့အပြောတွေကို ကြားနေရတယ်။ ဒါက ခွဲခြားဆက်ဆံမှုပဲ။ လုံးဝမတရားဘူး။ ကျမရဲ့ အိမ်ထောင် ရေးမှာကိုက လက်တွေ့ခွဲခြားဆက်ခံလိုက်ရတာပဲ။"

သူမသည် စာပေထုတ်ဝေခြင်း လုပ်ငန်းနှင့် တတ်ကြွလှုပ်ရှားသူဘဝကို ခွဲပြီး လုပ်ကိုင်နေရသလို သူမသည် မိခင်အားကြည့်ရှုစောင့်ရှောက်နေရသူလည်းဖြစ်သည်။ ယခုအချိန်တွင် သူမသားသည် အရွယ်ရောက်လာပြီး ဖြစ်သည့်အတွက် အခြေအနေတို့ကို ပိုပြီးနားလည်နေပြီးဖြစ်သည်ဟု သူမခံစား ရသည်။ သူမအနေဖြင့် သားလေးအား ချန်ထားချင်သည့်ဆန္ဒမရှိသော်လည်း အလုပ်ကိစ္စ ခရီးအများကြီး ထွက်နေရသည့်အတွက် ချန်ထားခဲ့ရသည်။

"အခုအချိန်မှာ ကျမရဲ့ အိမ်အပါအဝင် လွတ်လပ်တယ်လို့မခံစားရသေးဘူး။ ကျမအိမ်မှုကိစ္စ၊ ချက်ပြုတ်တဲ့ကိစ္စတွေမလုပ်ပဲ နိုင်ငံရေးလုပ်တဲ့အတွက် ကျမကို လူတွေဆက်ဆံတာတွေက တမူကွဲပြားနေတယ်။ မိသားစုနဲ့ဝေးပြီး ထောင်ကျခဲ့တဲ့အတွက် ကွဲရဲ့ခံရတယ်။ တခြားတဖက်မှာလည်း ကျမကို အားပေးထောက်ခံကြတဲ့သူတွေလည်းရှိပါတယ်။"



# Yaw Myaw

ကချင်

Yaw Myaw သည် မိခင်တစ်ဦးဖြစ်ပြီး သူမ၏သမီးအတွက် တရားမျှတမှုကို ရှာဖွေနေသူဖြစ်သည်။ သူမသည် သူမ၏ ခမီးခမက် လယ်ထဲတွင် ပြောင်းဖူးချိုးရာတွင် သွားရောက်ကူညီနေသည့် အချိန်၌ သူမ၏သမီး Sumlut Roi Ja ကို ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် မြန်မာစစ်သားများမှ ဖမ်းဆီးခေါ်ဆောင် သွားခဲ့သည်။ ၎င်းတို့၏သမီးသည် မုဒိမ်းကျင့်ခံရပြီး အသတ်ခံရသည်ဟု Yaw Myaw နှင့် မိသားစုမှာ ယုံကြည်နေသော်လည်း မည်ကဲ့သို့ ဖြစ်သွားသည်ကို တိတိကျကျ သိရှိခြင်းမရှိပေ။

Yaw Myaw အမျိုးသားမှာ Roi Ja ပျောက်သွားသည့်နေက ဖြစ်ပျက်ခဲ့သော အခြေအနေတို့နှင့်ပတ်သက်ပြီး တစ်ပိုင်းတစ်စ မှတ်မိသည်တို့ကို ယခုကဲ့သို့ ပြန်လည်အမှတ်ရ ပြောပြခဲ့သည်။



"အဲ့ဒီဖြစ်ရပ်ဖြစ်သွားတဲ့နေ့က ၂၈ ရက်အောက်တိုဘာ၊ ကျနော့်ရဲ့သမီး Roi Ja, သူ့ရဲ့အမျိုးသားနဲ့ သူ့ ယောက္ခမ တို့ဟာ ပြောင်းဖူးသွားချိုးဖို့အတွက် ပြောင်းဖူးခြံသွားကြတယ်။ ချက်ခြင်းပဲ မြန်မာစစ်သားတွေရောက်လာတယ်။ ကျနော့်ရဲ့သမီး Roi Ja, သူ့ရဲ့အမျိုးသားနဲ့ သူ့ယောက္ခမ တို့ကိုဖမ်းသွားတယ်။ Roi Ja နဲ့ သူ့အမျိုးသားကတော့ မူဘမ် (Mu Bum) မှာ ရှိတဲ့ စစ်စခန်းစိုက်တဲ့နေရာအထိ ပြောင်းဖူးအိတ်တွေနဲ့ စစ်သားသုံးစစ်ကျော်ပိုးအိတ် တွေကို အတင်းအဓမ္မသယ်ခိုင်းခံရတယ်။ ဒါကြောင့် မြန်မြန်ထွက်ပြေးဖို့ ခက်ခဲခဲ့တယ်။ ရေမြောင်းတစ်ခုကို ရောက်တဲ့အချိန်မှာ Roi Ja ရဲ့ ယောက္ခမနဲ့ သူ့အမျိုးသားတို့က မြောင်းထဲကို ခုန်ချပြီး ထွက်ပြေးလွတ်မြောက်ခဲ့ တယ်။ ဒါပေမဲ့ စစ်သားတွေက သူတို့ကို သေနတ်နဲ့ လိုက်ပစ်တဲ့အချိန်မှာ Roi Ja က ဝါးရုံတောရဲ့ နောက်မှာ ကျန်ခဲ့တယ်။ လွတ်မြောက်ဖို့အတွက် သူကြိုးစားပြီးပြေးခဲ့တယ်။ ဒါပေမဲ့လည်း အရမ်းကြီး အမြန်မပြေးနိုင်တော့ စစ်သားတွေ သူ့ကို ပြန်ဖမ်းမိသွားတယ်။

Yaw Myaw သည် ထင်မြင်ချက်တို့ အပါအဝင် ကြားသိခဲ့ရသော သတင်းအချက်အလက် အမျိုးမျိုးပေါ် မူတည်၍ ဖြစ်ပျက်ခဲ့သည့်အခြေအနေတို့နှင့်ပတ်သတ်ပြီး သူမ၏ တွက်ချက်မှုတို့ကို ယုံကြည်စွာဖွင့်ပြောခဲ့သည်။ သုတေသနပြုစုသူကိုခေါ်၍ သူမ၏ သမီးအဖမ်းခံရသော စစ်စခန်းတည်ရှိသည့်နေရာကို ညွှန်ပြခဲ့သည်။

"၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် စစ်စခန်း ၂ ခုက KIA စစ်သားတွေ စက်ကနေစကားပြောနေတာကို ကြားလိုက်တယ်။ KIA စစ်သားတွေ ပြောပြတာကတော့ Roi Ja က မြန်မာစစ်သား ၂ ယောက်နဲ့ စခန်းထဲကနေ ထွက်လာတယ်။ ပြီးတော့ သေနတ်သံကြားရတယ်။ ၄ နာရီ ၃၀ မှာဖြစ်သွားတာပါ။ အဲ့ဒီနောက်မှာတော့ KIA စစ်သားတွေက မိန်းကလေးတယောက်ရဲ့ ငိုသံနဲ့အတူ ဒုတိယ သေနတ်သံကိုကြားတယ်။ ပြီးတော့ သေနတ်သံ ကိုနောက်ဆုံးတစ်ခေါက် ထပ်ကြားလိုက်တယ်။"

"နောက်မနက်မှာတော့ နိုဝင်ဘာလ ၁၁ ရက်နေ့က Roi Ja ကို အိမ်မက်မက်တဲ့ သူငယ်ချင်းကို ကျမသွားတွေ့တယ်။ အိမ်မက်ထဲမှာ Roi Ja ကပြောတာကတော့ သူ့ကို ပလက်စတစ်နဲ့ ချည်ထားတဲ့ စစ်သားတွေလက်ထဲကသူလွတ်လာတယ်တဲ့။ အဲ့ဒီညမှာပဲ ကျမတို့အိမ်ကို သူပြန်ပြေးလာတယ်လို့ ကျမအိမ်မက်မက်တယ်။ အိမ်မက်ထဲမှာ သူ ကျမကိုမေးတယ် "အမေ အဖေငိုနေသလား၊ နွားတွေကိုကောရှာနေသလားတဲ့" ကျမသူ့ကို ဖက်လိုက်တဲ့အချိန်မှာပဲ နိုးသွားတယ်။"

"ကျမသမီးနဲ့ပတ်သက်ပြီး ကောလဟာလတွေ အများကြီးကြားရတယ်။ တချို့က ကျမသမီး ကျောက်တုံးပေါ်မှာ အဝတ်လျှော်နေတာကို တွေ့တယ်လို့ပြောတယ်။ တချို့ကြတော့လည်း စစ်ယူနီဖောင်းကို ဝတ်ထားတယ်လို့ ပြောတယ်။ သေနတ်သံတွေကို ကြားပြီးတဲ့အချိန်မှာတော့ သူအသက်ရှင်နေသေးတယ်ဆိုတာကို ကျမ မယုံ တော့ဘူး။ ကျမသမီးဟာ မြန်မာစစ်သားတွေက မုဒိမ်းကျင့်ပြီး သတ်လိုက်တယ်တိုတာကို ကျမယုံတယ်။"

တနေ့တွင် သူမ၏သမီး ပြန်လာမည်ဟု Yaw Myaw မျှော်လင့်နေသည်။ သူမသည် သူမသမီးနှင့် ပတ်သတ်ပြီး ယူကျုံးမရခံစားနေရသည်။ အချိန်တစ်ခုကြာသည့်အထိ Roi Ja ပြန်မလာတော့သည့်အခါ မိသားစုမှ သူမအတွက် ဆုတောင်းပေးနိုင်ရန် ဒေသခံ တရားဟောဆရာတစ်ဦးကို ဖိတ်ပြီး သူမ၏ ဈာပနကို ပြုလုပ်ခဲ့ သည်။

Roi Ja ပျောက်ဆုံးပြီးနောက်ပိုင်းတွင် မိသားစုမှာ ယင်းတို့၏ တောင်ယာထဲတွင် ဆက်လက်နေထိုင်နိုင်ရန် ခံနိုင်ရည် မရှိတော့ပေ။ မည်သည့် အကူအညီမှလည်းမရရှိတော့ပါ။ Yaw Myaw သည် စားဝတ်နေရေးအတွက် တောင်ယာအနည်းငယ်လုပ်ပြီး နွားမွေးခဲ့သည်။ Sumlut Roi Ja ၏ မောင်ငယ် ညီမငယ်တို့မှာ စစ်ပြေးရှောင်စခန်းတွင် အသက်ရှင်ရပ်တည်ရန် ကြိုးစားပြီး ရုန်းကန်နေထိုင်နေသည့်အချိန်တွင် Yaw Myaw သည် ရွာ နှစ်ရွာကြားတွင် နေထိုင်လျှက်ရှိသည်။

# အကြံပြုချက်များ

အကြမ်းဖက်ကျူးလွန်မှုမှ ကင်းလွတ်လာသူ ကချင်၊ ကရင် စသည့် ပဋိပက္ခဖြစ်ပွားသောနယ်မြေမှ အမျိုးသမီးများနှင့် အမျိုးသမီးနိုင်ငံရေးအကျဉ်းသား ၂၉ ဦးတို့အား အသေးစိပ် ထဲထဲဝင်ဝင် ဆွေးနွေးချက်အရ မိမိတို့မှ မြန်မာအစိုးရ၊ မူဝါဒချမှတ်သူများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် လူမှုအသိုင်း အဝိုင်းတို့အား အောက်ပါအချက်ပြုချက်တို့ကို ဖြည့်ဆည်းပေးရန် တိုက်တွန်းလိုက်သည်။

- ပဋိပက္ခဖြစ်ပွားသည့်ကာလအတွင်း အမျိုးသမီးများအပေါ်အကြမ်းဖက်မှုနှင့် နိုင်ငံရေးဖိနပ်မှု များ၊ အထူးသဖြင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ကျူးလွန်မှုတို့ အဆုံး သပ်စေရေး ချက်ခြင်းအကောင်အထည်ဖော်ရန်။
- စစ်တပ်ကို အရပ်သားအစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ထားရှိရန်အတွက် ၂၀၀၈ ဖွဲ့စည်း ပုံအခြေခံဥပဒေကို ပြင်ဆင်ရန်။
- မြန်မာအစိုးရသည် သက်ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်တို့ကို အတည်ပြုလက်မှတ် ရေးထိုးရန်နှင့် ယင်းစာချုပ်တို့အား ပြည်တွင်း ဥပဒေများပြဋ္ဌာန်းရာတွင် ထည့်သွင်းမှုရှိစေရေး အတွက် သေချာမှုရှိစေရန်နှင့် စီဒေါ၊ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် ၁၈၂၀၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အဆုံးသပ်ရေး ပဋိညာဉ် ကြေညာချက်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆန့်ကျင်ရေးဥပဒေအရ အမျိုးသမီးများအား တာဝန် ဝတ္တရားရှိသည့်အတိုင်း ကာကွယ်စောင့်ရှောက်ပေးရန်။
- ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲတို့တွင် အမျိုးသမီးများမှ အဓိပ္ပါယ်ပြည့်ဝစွာပါဝင် နိုင်ရန် သေချာမှုရှိစေရန်နှင့် ယင်းဆွေးနွေးပွဲတို့တွင် အတိတ်ကာလ လူ့အခွင့်အရေးချိုးဖောက် မှုတို့ကို ထည့်သွင်းရန်။
- လူ့အခွင့်အရေးချိုးဖောက်မှုများ အထူးသဖြင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုနှင့်ဆက်စပ်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်နိုင်ရန် ထိရောက်သော ဥပဒေဘောင်နှင့် ဥပဒေဘောင်ပြင်ပ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရေး ယန္တရားတစ်ရပ် ဖြစ်ပေါ်လာစေရန် သေချာမှုရှိစေရန်နှင့် အကြမ်းဖက်ခံရသူ အမျိုးသမီးများမှ တရားမျှတမှုကို ဘေးကင်းလုံခြုံစွာ အကျိုးခံစားခွင့် ရရှိစေရန်အတွက် လုပ်ငန်းစဉ်များချမှတ်အကောင် အထည်ဖော်ရန်။
- ညှိနှိုင်းတိုင်ပင်မှုနှင့်အတူ ပဋိပက္ခကြောင့် အိုးအိမ်မဲ့ ပြောင်းရွှေ့နေထိုင်ခဲ့ရသော ဒုက္ခသည်များ၊ ပြည်တွင်းစစ်ပြေးရှောင်များ နေရပ်သို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ၎င်းတို့ဆန္ဒအလျောက် နေရပ်သို့ ဘေးကင်းလုံခြုံစွာ ပြန်နိုင်ရန်အတွက် အခြေအနေသတ်မှတ်ချက်များ ဖန်တီးပေး ရန်။
- အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူ အမျိုးသမီးများအတွက် ပြန်လည်ထူထောင် ရေး လုပ်ငန်းစဉ်များ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ဒဏ်ရာ ကုစားပေးခြင်း။ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုန င့် အိုမင်းလာသူများအား ထောက်ပံ့ပေးခြင်းနှင့် သင့်လျော်သော အလုပ်များဖန်တီးပေးခြင်းဖြင့် ဝင်ငွေများရရှိခြင်း၊ အရည်အသွေးမြှင့်တင်ခြင်း သင်တန်းများနှင့် အသေးစားချေးငွေ လုပ်ငန်းများ စသည့် ဝန်ဆောင်မှု အစီအစဉ်များ တို့ကို စီစဉ်ချမှတ်ပေးရန်။
- အကြမ်းဖက်မှုမှ ကင်းလွတ်လာသူအမျိုးသမီးများအတွက် ကွန်ယက်များနှင့် ၎င်းတို့ကြား ချိတ်ဆက်မှုများအတွက် ပံ့ပိုးကူညီပေးရန်။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး၊ တရားမျှတမှုရှိရေးနှင့် အခြားသင့်လျော်သော ဖိုရမ်တို့တွင် ယင်းအမျိုးသမီးများပါဝင်နိုင်ရန် ထည့်သွင်းပေးရန်။

# သုတေသနအဖွဲ့

**အမျိုးသမီးအဖွဲ့များကွန်ယက် (မြန်မာ)**
နော်ခင်ဖြူမြင့်
ဒေါ်သူဇာတင်

**ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)**
Mai Ja
Angela
Ah Hkam

**ကရင်အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးအဖွဲ့**
Naw Cynthia Win
Naw Hpaw Shee Wah
Naw Noe Lah

**နှင့် အာရှတရားမျှတရေးနှင့်**
**အခွင့်အရေးများဆိုင်ရာအဖွဲ့**

## အာရှတရားမျှတရေးနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့

အာရှတရားမျှတရေးနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့သည် အကျိုးအမြတ်ကို အခြေမခံထားသော အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အခြေချပြီး အာရှပစိဖိတ်တစ်ခွင်တွင် တာဝန်ခံမှုနှင့်လေးစားမှုများ အားကောင်းလာစေရန် လုပ်ဆောင်နေသော လူမှုအဖွဲ့အစည်းဖြစ်သည်။ AJAR သည် ရှည်ကြာစွာ ဖြစ်နေသော ပဋိပက္ခ၊ အာဏာရှင်စနစ်နှင့် စစ်အစိုးရတို့ကို ဆန့်ကျင်ပြီး တည်ငြိမ်အေးချမ်းသော ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ကြိုးပမ်းအားထုတ်နေသော နိုင်ငံတို့ကိုပစ်မှတ်ထားပြီး အလုပ် လုပ်နေသည်။ ပြစ်ဒဏ်မှကင်းလွတ်ခွင့်၊ အကျင့်ပျက်ခြစားမှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုတို့ကို ဖြေရှင်းမှသာ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ခိုင်မာမှုကို ထိန်းထားနိုင်မည်ဟု AJAR မှ ယုံကြည်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်တို့ အဆုံးသပ်စေရေး လုပ်ဆောင်နေသော သူများ အောင်မြင်မှုရရှိစေရန် အရည်အသွေးမြှင့်တင်ပေးခြင်း၊ အတွေးအခေါ်ဗဟုသုတများဖြည့်ဆည်း ပေးခြင်းနှင့် လိုအပ်သော အရင်းအမြစ်တို့ကို စီစဉ်ဖန်တီးပေးသည်။

## အမျိုးသမီးအဖွဲ့များကွန်ယက် (မြန်မာ)

အမျိုးသမီးအဖွဲ့များကွန်ယက် (မြန်မာ) သည် အဖွဲ့အစည်းပေါင်း ၃၀ နှင့် ကွန်ယက်ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်သည်။ မြန်မာပြည် တစ်လွှားတွင်ရှိသော အမျိုးသမီး၊ အမျိုးသားတို့၏ ကောင်းကျိုးကို ရှေ့ရှု၍ အကူအညီပေးနေသော လူထုအခြေပြုအဖွဲ့အစည်းများအား ပံ့ပိုးကူညီပေးနိုင်ရန်အတွက် ဖွဲ့စည်းခဲ့ ခြင်းဖြစ်သည်။ WON ကို ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်မှုအပြီး ဖွဲ့စည်းခဲ့သည်။ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်အပါအဝင် ရန်ကုန်နှင့် အခြားမြို့ကြီးများ၊ မြို့ငယ်များတွင် လုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော်လျှက်ရှိသည်။ WON သည် မြန်မာနိုင်ငံတွင် အပြုသဘောဆောင်သော လူမှုအပြောင်းအလဲများဖြစ်ပေါ်လာစေရန်အတွက် အမျိုးသမီး၊ အမျိုးသားတို့အတွက် ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် တန်းတူညီမျှရေးတို့အတွက် သက်ဆိုင်ရာ အဓိက တာဝန်ရှိသူများအား ချိတ်ဆက် ခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းတို့ကို ပြုလုပ်သည်။

## ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ)

ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) သည် ကချင်အမျိုးသမီးများအရေးအတွက် လုပ်ဆောင် နေသော လူမှုအဖွဲ့အစည်းတရပ်ဖြစ်သည်။ KWAT သည် ဒေသအဆင့်၊ နိုင်ငံတကာအဆင့်၊ အသီးသီး ရှိ ဆုံးဖြတ်ချက်ချသော နေရာများတွင် ပါဝင်ဆုံးဖြတ်နိုင်ရန် အမျိုးသမီးများအားလုံး စွမ်းရည်မြင့်မားပြီး ကချင်ကလေးငယ်များအားလုံးမှာလည်း ၎င်းတို့၏ စွမ်းရည်များကို ဖြည့်စွမ်းပေးနိုင်မည့် အခွင့်အလမ်း ရှိ၍နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်သော ကချင်ပြည်နယ်တစ်ခု ဖြစ်ပေါ်လာရေး အတွက် မျှော်မှန်းသည်။

## ကရင်အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးအဖွဲ့

ကရင်အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးအဖွဲ့သည် အမျိုးသမီးအရည်အသွေးမြှင့်တင်ရေးတို့ကို ဦးစားပေး လုပ်ဆောင်သည့် မြန်မာနိုင်ငံတွင်ရှိသော လူထုအကျိုးပြုအဖွဲ့အနည်းငယ်ထဲတွင် တစ်ဖွဲ့ဖြစ်သည်။ KWEG ၏ဦးတည်ချက်မှာ အောက်ခြေထုအဆင့် လူထုအတွက် အလုပ်အကျွေးပြုနေသော  လူထု အခြေပြုအဖွဲ့အစည်းများနှင့် အမျိုးသမီး အမျိုးသားများမှ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး တို့တွင် ထိရောက်စွာ ချိတ်ဆက်ခြင်းနှင့် စည်းရုံးသိမ်းသွင်းနိုင်စေရန်အတွက် အရည်အသွေးများ တိုးမြှင့် ပေးသွားရန်ဖြစ်သည်။ KWEG သည် လူမှုအသိုင်းအဝိုင်းနှင့် ဥပဒေအရ လိုက်နာဆောင်ရွက်မှုများ ရှိလာစေရေးတို့ကို အကောင်အထည်ဖော်လုပ်ဆောင်နေသော လူထုအကျိုးပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ အားကောင်းလာစေရန် KWEG ၏ စည်းရုံးတိုက်တွန်းမှုတို့ကို ခွင့်ပြုချက်ရရှိရန်အတွက် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ရင်းနှီးကောင်းမွန်သော လုပ်ငန်းဆက်စပ်မှုတစ်ခုကို တည်ဆောက် ထားနိုင်ပြီးဖြစ်သည်။ မူဝါဒများပြောင်းလဲရာတွင် ပေါက်မြောက်စွာ ပြောဆိုစည်းရုံးနိုင်ရန်အတွက် KWEG သည် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အခြား လူထုအကျိုးပြု အဖွဲ့အစည်း တို့နှင့် အနီးကပ် လုပ်ငန်းများ အကောင်အထည်ဖော်လျှက်ရှိသည်။ KWEG သည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးလှုပ်ရှားမှု၊ တိုင်းရင်းသားများအခွင့်အရေးကို အားပေးထောက်ခံသော လှုပ်ရှားမှု၊ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအပါအဝင် လူထုလှုပ်ရှားမှုကမ်ပိန်းများ၊ မူဝါဒ ပြောင်းလဲရေး စည်းရုံးလှုံ့ဆော်မှုများနှင့် မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် လှုပ်ရှားမှုတစ်ခုဖြစ်လာ စေရန် တိုက်တွန်းစည်းရုံးခြင်းတို့တွင် တတ်ကြွစွာပါဝင်လျှက်ရှိသည်။

" ဤစာစောင်သည် မြန်မာနိုင်ငံရှိ ရန်ကုန်မှ အမျိုးသမီးနိုင်ငံရေးအကျဉ်းသားများ၊ ကရင်နှင့် ကချင် ပြည်နယ်ရှိ ပဋိပက္ခ ဖြစ်ပွားရာ ဒေသတို့မှ မွေးဖွားကြီးပြင်း ခဲ့သော အမျိုးသမီး ၂၉ ဦးတို့၏ အကြောင်းအရာ တို့ကို စုစည်းတင်ပြထားခြင်း ဖြစ်သည်။ ဤစာစောင်သည် ပူးပေါင်းပါဝင်ခြင်း နည်းလမ်းကို အသုံးပြုပြီး အင်ဒိုနီးရှား၊ တီမောလက်စ်တီနှင့် မြန်မာနိုင်ငံတို့မှ အမျိုးသမီး ၁၄၀ ဦးတို့အား AJAR မှ သုတေသန ပြုထားခြင်းကို ဖော်ပြထားသည်။ မြန်မာနိုင်ငံနှင့် ဆက်စပ်ပြီး AJAR ၏ အဓိက ရှာဖွေတွေ့ရှိ ချက်တို့ကို တင်ပြထားခြင်း၊ AJAR ၏ ပူးပေါင်းပါဝင် ခြင်း နည်းလမ်းအထူးပြု သုတေသန ချဉ်းကပ်နည်းတို့ကို မိတ်ဆက်ပေးခြင်းနှင့် အမှန်တရား၊ တရားမျှတမှုနှင့် အကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူ အမျိုးသမီး တို့အား ပြန်လည်ကုစားမှုများပေးခြင်း စသည်တို့ကို ဖြေရှင်းပေးသော အကြံပြု ချက် တို့ကို ဤစာစောင်တွင် ဖော်ပြထားသည်။

ဤစာစောင်သည် အာရှတရားမျှတရေးနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ (AJAR) နှင့်အတူ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)၊ ကရင်အမျိုးသမီးစွမ်းရည် မြှင့်တင်ရေးအဖွဲ့, နှင့် အမျိုးသမီးအဖွဲ့များကွန်ယက် (မြန်မာ) တို့ ပူးတွဲထုတ်ဝေ ခြင်းဖြစ်သည်။

Supported By :